# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်နေ့ | ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၁၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၁)၊ အမှတ် (၂၈၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၂ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

## မျိုးဆက်ပွားကျန်းမာရေးကို မည်သူမဆိုရယူအသုံးပြုစေနိုင်မှသာ မြန်မာနိုင်ငံ၏အနာဂတ်ကို ကာကွယ်စောင့်ရှောက်ရာ ရောက်မည်

နေပြည်တော် ဇူလိုင် ၁၁

၂၀၂၂ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပရာ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

### တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ NGO များ၊ သံတမန်များနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

### အလေးထားပါဝင်ဆောင်ရွက်

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကမ္ဘာ့လူဦးရေ သန်း ၅၀၀၀ ပြည့်ခဲ့သည့် ၁၉၈၇ ခုနှစ် ဇူလိုင် ၁၁ ရက်ကို ကမ္ဘာ့လူဦးရေနေ့အဖြစ် ကုလသမဂ္ဂက သတ်မှတ်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အရေးတကြီး ဖြေရှင်းရမည့် လူဦးရေဆိုင်ရာ ပြဿနာများနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❐



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များ ၂၀၂၂ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပြခန်းငယ်များကို လှည့်လည်ကြည့်ရှုစဉ်။


**ယနေ့ ဖတ်စရာ**

အဆိပ်ပင်ပျိုးကာ အဆိပ်သီး မခူးမိစေနှင့် — ဆောင်းပါး | စာ - ၆

တရုတ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့ကြား လေးရက်ကြာ ပူးတွဲရေကြောင်းစစ်ရေးလေ့ကျင့်မှု စတင် — နိုင်ငံတကာသတင်း | စာ - ၁၃

ကင်ဆာရောဂါ ကြောက်စရာ ကြိုတင်ကာကွယ် နေထိုင်ပါ — ဆောင်းပါး | စာ - ၂၂

# ဘိုးဘေးတို့၏ စိတ်ဓာတ်အမွေခံ

ဗိုလ်ချုပ်အောင်ဆန်းသည် ခေတ်သစ်မြန်မာနိုင်ငံကို မွေးဖွားသူဖြစ်ပြီး မြန်မာနိုင်ငံကို လွတ်လပ်ရေးတံခါးဝသို့ ပို့ဆောင်ပေးခဲ့သူဟူ၍ အိန္ဒိယနိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီက ဆိုခဲ့သည်။ အာရှတိုက်၏ ပဒေသရာဇ်နိုင်ငံတစ်နိုင်ငံဘဝမှ အရင်းရှင်နယ်ချဲ့ ကိုလိုနီနိုင်ငံဘဝသို့ ကျရောက်ခဲ့ရသော မြန်မာနိုင်ငံကို နှစ်ပေါင်း ၁၀၀ ကျော်ကြာခဲ့ပြီးသည့်နောက်တွင် လွတ်လပ်သော ပြည်ထောင်စုသမ္မတနိုင်ငံအဖြစ်သို့ ရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူမှာ ဗိုလ်ချုပ်အောင်ဆန်းဖြစ်သည်။

အာဇာနည်ခေါင်းဆောင်များ ကျဆုံးပြီးနောက် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြောကြားသည့် သခင်နု၏ အသံလွှင့်မိန့်ခွန်းတွင် ဗိုလ်ချုပ်အောင်ဆန်း၏ အကြောင်းကို ပြောကြားရာ၌ “ဗိုလ်ချုပ်ရဲ့ ဖြူစင်တဲ့စေတနာ၊ တည်ကြည်တဲ့ သမာဓိတွေကို အားကိုးနဲ့ ကျွန်တော်တို့ရဲ့ တစ်သက်မှာဖြင့် တစ်ခါမှ မကြုံဖူးအောင် တစ်တိုင်းတစ်ပြည်လုံးဟာ ထူးထူးကဲကဲကြီး စည်းလုံးညီညွတ်လာပါတယ်”ဟု ထည့်သွင်းပြောကြားခဲ့သည်။ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ဗမာ တောင်ပေါ်မြေပြန့် တိုင်းရင်းသားများအားလုံး ဗိုလ်ချုပ်ကို ပုဂ္ဂိုလ်စွဲနှင့် ကြည်ညိုယုံကြည်မှုမှအစပြုကာ ရင်းနှီးချစ်ကြည်သွေးစည်းညီညွတ်ခဲ့ကြပြီး တစ်နိုင်ငံလုံး စည်းလုံးခဲ့သည်။ နှစ်ပေါင်း ၂၀၀၀ ကျော်ရှိသည့် မြန်မာ့ရာဇဝင်ကို လှန်လှောရှာဖွေလျှင် မြန်မာတို့ ယင်းသို့ စည်းလုံးညီညွတ်မှုမျိုးသည် - (၁) အနော်ရထာမင်းလက်ထက်တွင် တစ်ကြိမ်၊ (၂) ဘုရင့်နောင် လက်ထက်တွင် တစ်ကြိမ်၊ (၃) အလောင်းဘုရား လက်ထက်တွင် တစ်ကြိမ်၊ (၄) ဆင်ဖြူရှင် လက်ထက်တွင် တစ်ကြိမ် ဤလေးကြိမ်သာရှိခဲ့ဖူးရာ လွတ်လပ်ရေးအကြိုကာလ ဗိုလ်ချုပ်အောင်ဆန်း၏ စည်းရုံးစွမ်းဆောင်မှုဖြင့် မြန်မာတစ်နိုင်ငံလုံး စည်းလုံးညီညွတ်ခဲ့မှုမှာ ပဉ္စမအကြိမ်ဟု ဆိုရမည်ဖြစ်သည်။

သို့ရာတွင် ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံကို လွတ်လပ်ရေးတံခါးဝသို့သာ ပို့ဆောင်ပေးနိုင်ခဲ့ပြီး လွတ်လပ်သော မြန်မာနိုင်ငံတော်ကြီးကို ကိုယ်တွေ့မျက်မြင်တွေ့ရှိမသွားနိုင်ခဲ့။ လွတ်လပ်ရေးရပြီး ရက်သတ္တပတ် အနည်းငယ်အတွင်းမှာပင် ဝါဒရေးရာ၊ လူမျိုးရေးရာတို့ကို အကြောင်းပြုကာ စည်းလုံးညီညွတ်မှုတို့ အက်ကြောင်းထင်ခဲ့သည်။ လွတ်လပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးကို စည်းလုံးညီညွတ်စွာဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းတည်ဆောက်ကြရမည့်အစား အာဏာနိုင်ငံရေး ဝဲဩဃအတွင်း ကျရောက်သွားခဲ့သလို ဒုတိယကမ္ဘာစစ်တလင်းဘဝသို့ နှစ်ကြိမ်ကျရောက်ခဲ့ရသဖြင့် ပြာပုံဘဝရောက်ခဲ့သည့် နိုင်ငံတွင် ပြည်တွင်းလက်နက်ကိုင် စစ်မီးတို့ တောက်လောင်ကာ နိုင်ငံပြိုကွဲမတတ် ဖြစ်ခဲ့ရသည်။

ယခုအခါ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်များ ကျဆုံးခဲ့ရသည်မှာ နှစ်ပေါင်း ၇၅ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးသည်ပင် လာမည့်နှစ်တွင် စိန်ရတုပြည့်မြောက်တော့မည်။ လွတ်လပ်ရေး ရယူခဲ့ခြင်း၏ မျှော်မှန်းချက်များမှာ နိုင်ငံသူ နိုင်ငံသားအားလုံး သက်သက်သာသာ ချောင်ချောင်ချိချိ လူတန်းစေ့နေနိုင်ရန်အတွက် အခွင့်အရေးများ ပိုမိုရရှိရေး၊ လူတစ်ဦးတစ်ယောက်၊ တစ်မျိုးသားလုံး တိုးတက်ကြီးပွားအောင် စီမံဆောင်ရွက်နိုင်ရေး၊ နိုင်ငံသူ နိုင်ငံသားတို့၏ ကာယ၊ ဉာဏ၊ စာရိတ္တနှင့်စိတ္တ အဆင့်အတန်းတိုးမြင့်အောင် ဆောင်ရွက်နိုင်ရေးအတွက်ဖြစ်ရာ ၇၅ နှစ်တာ ကာလအတွင်း မိမိတို့မည်မျှ ခရီးပေါက်နိုင်ခဲ့သည်ကို ပြန်လည်ဆန်းစစ်ကာ သမိုင်းသင်ခန်းစာယူနိုင်ကြရန်နှင့် နိုင်ငံအတွက် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်သော ထာဝရငြိမ်းချမ်းရေးကို ဘိုးဘေးတို့၏ စိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ တည်ဆောက်နိုင်ကြရန် ဖြစ်ပါကြောင်း။ ။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)နှင့် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်(နတ်မောက်)တို့၌ ဇူလိုင် ၁၉ ရက်တွင် (၇၅)နှစ်မြောက် အာဇာနည်နေ့အထူးပြပွဲကျင်းပမည်

**နေပြည်တော် ဇူလိုင် ၁၁**

(၇၅) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)နှင့် ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက် (နတ်မောက်) တို့၌ ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ အထူးပြပွဲ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အပတ်စဉ်တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များမှအပ ကျန်ရက်များတွင်လည်း ပုံမှန်အတိုင်း ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရှမ်းရွာသစ်မြို့တွင် (၇၅)နှစ်မြောက်အာဇာနည်နေ့အထိမ်းအမှတ်အကြို ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပ

**ရှမ်းရွာသစ် ဇူလိုင် ၁၁**

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့တွင် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် အာဇာနည်နေ့အကြို အထိမ်းအမှတ်အဖြစ် ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းက လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။



ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မိုးအေးက မြန်မာနိုင်ငံ၏ နေ့ထူးနေ့မြတ်များကို ကျောင်းသား ကျောင်းသူ လူငယ်လေးများ အစဉ်အမြဲအမှတ်ရစေရန်နှင့် ကိုယ်ကာယ ကျန်းမာကြံ့ခိုင်စေရန်ရည်ရွယ်၍ ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ကဗျာရွတ်ဆိုပြိုင်ပွဲ (**အပေါ်ပုံ**)၊ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ခါးလှည့်ကွင်းပြိုင်ပွဲများ ပြုလုပ်ရာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၅ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုများချီးမြှင့်ပေးသည်။

**ဇင်လေး(ပြန်/ဆက်)**

## အာဇာနည်နေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

**ပုဗ္ဗသီရိ ဇူလိုင် ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ အာဇာနည်နေ့ အထိမ်းအမှတ်အကြို ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန္တာလင်းက အမှာစကားပြောကြားသည်။ ထို့နောက် ပြိုင်ပွဲများသို့ မိသားစုမူကြိုမှ ကျောင်းသား ကျောင်းသူ ၂၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသော ကလေးငယ်များနှင့် ပြိုင်ပွဲဝင်ကလေးငယ်များကို မြို့နယ်ဦးစီးအရာရှိနှင့် မြို့နယ်စာပေ ချစ်မြတ်နိုးသူအသင်း (Book Club) အဖွဲ့မှ တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။ ထို့နောက် မြို့နယ်ပြည်သူ့စာကြည့်တိုက်မှ ပြသထားသည့် အာဇာနည်နေ့အထိမ်းအမှတ် နံရံကပ်စာစောင်များကို မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်ကလေးများက စိတ်ပါဝင်စားစွာ ကြည့်ရှုကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

## မိုင်းကိုင်မြို့နယ်၌ (၇၅)နှစ်မြောက်အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲကျင်းပ

**မိုင်းကိုင် ဇူလိုင် ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ်၌ (၇၅)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲ ဆုရသူများအား ဆုချီးမြှင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက အ.ထ.က (မြတ်သီရိခန်းမ)၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ကိုက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းလှိုင်လှိုင်ဦးက အာဇာနည်နေ့နှင့် ယနေ့လူငယ်များ တာဝန်အကြောင်း ဟောပြောပြီးနောက် ကျောင်းသား ကျောင်းသူ ၁၁ ဦးတို့က အာဇာနည်နေ့ သမိုင်းကြောင်း၊ အာဇာနည်နေ့နှင့် နိုင်ငံသားတိုင်း၏ တာဝန်၊ အာဇာနည်ခေါင်းဆောင်ကြီးများဖြစ်ကြသော ဗိုလ်ချုပ်အောင်ဆန်း၊ ဦးဘဝင်း၊ မန်းဘခိုင်၊ ဒီးဒုတ်ဦးဘချို၊ ဦးရာဇက်၊ သခင်မြ၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ အတွင်းဝန် ဦးအုန်းမောင်၊ ရဲဘော်ကိုထွေးတို့၏ အတ္ထုပ္ပတ္တိများအကြောင်းနှင့် Gread-5 ကျောင်းသားလေး စိုင်းလောဝ်ဖက ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးပြောကြားခဲ့သော မိန့်ခွန်းတို့ကို ဟောပြောကြသည်။

ဆက်လက်၍ အာဇာနည်နေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ကျောင်းသား ကျောင်းသူများနှင့် အာဇာနည်နေ့ အကြိုဟောပြောပွဲတွင် တက်ရောက်ဟောပြောသော ကျောင်းသား ကျောင်းသူများအား မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာနိုင်ငံ စာရေးဆရာအသင်းဝင်များ၏ သားသမီးများအား နဝမအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်မည်

**ရန်ကုန် ဇူလိုင် ၁၁**

၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိအောင်မြင်ကြသော မြန်မာနိုင်ငံ စာရေးဆရာအသင်းဝင်များ၏ သား/သမီးများအား နဝမအကြိမ်မြောက် ပညာရည်ချွန်ဆုချီးမြှင့်မည်ဖြစ်သည်။

ဆုချီးမြှင့်ရာတွင် တစ်ဘာသာနှင့်အထက် ဂုဏ်ထူးရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၏ အသင်းဝင်ဖခင် (သို့မဟုတ်) မိခင် အနေဖြင့် ဂုဏ်ထူးရရှိသည့် အထောက်အထား၊ သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်မူရင်း (သို့မဟုတ်) အမှတ်စာရင်းမိတ္တူ၊ အသင်းဝင်ဖခင် (သို့မဟုတ်) မိခင်၏ မြန်မာနိုင်ငံ စာရေးဆရာအသင်းဝင်ကတ်ပြားမိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်၊ ဂုဏ်ထူးရကျောင်းသား ကျောင်းသူ၏ (၄" x ၆") ဓာတ်ပုံနှင့် ကိုယ်ရေးအကျဉ်း၊ သက်ဆိုင်ရာမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ (သို့မဟုတ်) အတွင်းရေးမှူး၏ မှန်ကန်ကြောင်း ထောက်ခံချက်တို့နှင့်အတူ ဩဂုတ် ၃၁ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ် (၁၇၃/၁၇၅)၊ (၇) လွှာ၊ ပန်းဆိုးတန်းလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့သို့ လျှောက်ထားပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ **မြန်မာ့အလင်း**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၂ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

- **စားနပ်ရိက္ခာမပြည့်စုံခြင်း၊ ရေရှားပါးပြတ်လပ်ခြင်းနှင့် ရာသီဥတုဖောက်ပြန်မှုများကြောင့် ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်ဆိုးများကို ခံစားနေကြရသည့် လူဦးရေသည်လည်း မည်သည့်အချိန်ကနှင့်မျှ မတူအောင် တိုးပွားလာနေ**
- **အထူးသဖြင့် ကမ္ဘာတွင် လက်ရှိကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကပ်ရောဂါဘေးဆိုးနှင့် နောက်ဆက်တွဲ ပြဿနာများ၏ ရိုက်ခတ်မှုဒဏ်ကိုလည်း ကမ္ဘာ့လူဦးရေအများစု ခံစားနေကြရ**

❒ *ရွှေဖုံးမှ*

လူသားအားလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီအစဉ်များကို အာရုံစိုက်မိလာစေရန် ရည်ရွယ်၍ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ကြခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားများကို ၁၉၉၀ ပြည့်နှစ်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်၍ ယခုဆိုလျှင် (၃၃)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း၊ ထိုသို့ကျင်းပခြင်းသည် ကုလသမဂ္ဂအဖွဲ့ကြီး၏ ရည်မှန်းချက်၊ ဦးတည်ချက်နှင့် လုပ်ငန်းစဉ်များအပေါ် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံပီပီ အလေးထား ပါဝင်ဆောင်ရွက်နေမှုကို ပေါ်လွင်စေကြောင်း။

### အကျိုးရှိရှိအသုံးချကြရမည်

ကုလသမဂ္ဂအနေဖြင့် နှစ်စဉ်ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်များကို ချမှတ်ဆောင်ရွက်ခဲ့ရာ ယခုနှစ် ၂၀၂၂ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်မှာ "A world of 8 billion: Towards a resilient future for all – Harnessing opportunities and ensuring rights and choices for all" **"လူဦးရေသန်း ၈၀၀၀ ရှိသော ကမ္ဘာမြေ- ခံနိုင်ရည်ရှိသော အနာဂတ်ဖြစ်တည်ဖို့ အားလုံးအတွက် အခွင့်အလမ်းများရယူလို့ ရပိုင်ခွင့်နှင့် ရွေးချယ်ပိုင်ခွင့်များ ပံ့ပိုးကြပါစို့"** ဟူ၍ ဖြစ်ကြောင်း၊ အဆိုပါဆောင်ပုဒ်မှ ပေးလိုသည့် အဓိကအချက်မှာ လူဦးရေ သန်း ၈၀၀၀ ခန့် ရှိသော ကမ္ဘာမြေကြီးတွင် တွေ့ကြုံရင်ဆိုင်နေကြရသည့် လူဦးရေဆိုင်ရာ ပြဿနာများကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး လိုက်လျောညီထွေ တုံ့ပြန်နိုင်သည့် ခံနိုင်ရည်စွမ်းရှိသော အနာဂတ်ကို ပိုင်ဆိုင်ကြရန်ဖြစ်ကြောင်း၊ ထိုသို့တုံ့ပြန်နိုင်ရန် ရရှိလာသည့် အခွင့်အလမ်းများကို မိမိရရ ဖမ်းဆုပ်ပြီး အကျိုးရှိရှိအသုံးချကြရမည် ဖြစ်သကဲ့သို့ လူသားအားလုံး၏ ရပိုင်ခွင့်နှင့် ရွေးချယ်ပိုင်ခွင့်များကိုလည်း အလေးထားကြရမည် ဖြစ်ကြောင်း။

### အောင်မြင်မှုတစ်ရပ်ဖြစ်

ကမ္ဘာပေါ်တွင် ကြုံတွေ့နေရသည့် လူဦးရေဆိုင်ရာ ပြဿနာအချို့ကို မီးမောင်းထိုးပြလိုကြောင်း၊ ယနေ့ ကမ္ဘာပေါ်တွင် လူဦးရေ သန်းပေါင်း ၇၉၀၀ ကျော်ရှိရာမှ မကြာမီကာလတွင် သန်း ၈၀၀၀ ပြည့်တော့မည်ဖြစ်ကြောင်း၊ လူဦးရေ သန်း ၈၀၀၀ ပြည့်လာခြင်းသည် ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှုများကြောင့် လူ့သက်တမ်း ပိုမိုရှည်လာခြင်း၊ ကိုယ်ဝန်ဆောင်မိခင် သေဆုံးမှုနှင့် ကလေးသေဆုံးမှု လျော့ကျလာခြင်း စသဖြင့် ကမ္ဘာမြေကြီးအတွက်ရော လူသားများအတွက်ပါ အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း။

### မညီမျှမှုများရှိနေဆဲ

မကြာသေးမီကာလက တစ်ကမ္ဘာလုံး ရင်ဆိုင်ခဲ့ရသည့် ကိုဗစ်-၁၉ ရောဂါနှင့် နောက်ဆက်တွဲပြဿနာများကို တုံ့ပြန်ဖြေရှင်းနိုင်ရန် အချိန်တိုကာလအတွင်း ကာကွယ်ဆေးများ စံချိန်တင်လောက်အောင် တီထွင်ထုတ်လုပ်လာနိုင်ခြင်းသည်လည်း ကမ္ဘာ့လူသားများ၏ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ပြဿနာများကို ရင်ဆိုင်ဖြေရှင်းနိုင်စွမ်းကို ပြသနေကြောင်း၊ အိမ်တွင်းအောင်းနေကြရသည့် အခက်အခဲများအကြားကပင် လုပ်ငန်းများကို အဆက်မပြတ် ဆောင်ရွက်နိုင်ရန် ဆက်သွယ်ရေးနည်းပညာ ဆန်းသစ်တီထွင်မှုများသည်လည်း အခက်အခဲများကို အခွင့်အလမ်းများအဖြစ် ပြောင်းယူနိုင်ခဲ့သည့် သာဓကများပင်ဖြစ်ကြောင်း၊ ထိုသို့တိုးတက်ဖြစ်ထွန်းမှုများသည် နိုင်ငံတိုင်းအတွက်၊ လူတိုင်းအတွက် တစ်ပြေးညီ ဖြစ်ပေါ်နေခြင်းမဟုတ်ဘဲ မညီမျှမှုများ ရှိနေဆဲဖြစ်သည်ဆိုသည်ကို ကိန်းဂဏန်း အချက်အလက်များက ပြဆိုနေကြောင်း။

ထို့ပြင် ကမ္ဘာပေါ်၌ ကလေးမွေးဖွားစဉ် မိခင်အမျိုးသမီးများ သေဆုံးကြသည့် ဖြစ်စဉ်များရှိနေဆဲဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် မွေးကင်းစကလေးငယ် သေဆုံးနှုန်းသည်လည်း မြင့်မားနေဆဲဖြစ်ကြောင်း၊ ကျား/မ ရေးရာ ကွာဟမှုများလည်း နေရာ ကဏ္ဍအသီးသီးတွင် ရှိနေဆဲဖြစ်ပြီး ခေတ်မီဆက်သွယ်ရေးနည်းလမ်းများ အရှိန်အဟုန်ဖြင့် တိုးတက်နေသော်လည်း အလှမ်းကွာဝေးနေသူများစွာ ရှိနေဆဲဖြစ်ကြောင်း။

ကမ္ဘာ့လူဦးရေသည် အရှိန်အဟုန်ဖြင့် တိုးပွားနေသော်လည်း နိုင်ငံတိုင်းတွင် တစ်သမတ်တည်း ညီညီမျှမျှ တိုးပွားနေခြင်း မဟုတ်သည်ကို တွေ့ရကြောင်း၊ ကမ္ဘာ့လူဦးရေသည် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၅ အထိ နှစ်စဉ်ပျမ်းမျှ ၁ ရာခိုင်နှုန်းဖြင့် တိုးပွားနေသော်လည်း ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးမှုနည်းသည့်နိုင်ငံများတွင် လူဦးရေတိုးပွားနှုန်း တူညီမှုမရှိသည်ကို တွေ့ရကြောင်း၊ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံအပါအဝင် အာရှနိုင်ငံအများစုတွင် လူဦးရေတိုးနှုန်း ၁ ရာခိုင်နှုန်းအောက် ရောက်ရှိနေပြီး အာဖရိကနိုင်ငံအများစုတွင် လူဦးရေတိုးနှုန်း ၂ ရာခိုင်နှုန်းမှ အချို့နိုင်ငံများတွင် ၃ ရာခိုင်နှုန်းနှင့်အထက် တိုးပွားနေသေးသည်ကို တွေ့ရကြောင်း၊ လူဦးရေတိုးနှုန်း ကွာဟမှုနှင့်အတူ နိုင်ငံများ၏ ပျမ်းမျှသက်တမ်းနှင့် ကလေးမွေးဖွားနှုန်းများ အလွန်အမင်း ကွာဟနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ သာတူညီမျှမှု မရှိခြင်းနှင့်အတူ စိုးရိမ်စရာစိန်ခေါ်မှုများ တည်ရှိနေဆဲဖြစ်ကြောင်း။

### အပြင်းအထန် ကြိုးစားရန်းကန်နေ

ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများတွင် မွေးဖွားနှုန်းနိမ့်ကျမှုနှင့်အတူ လုပ်သားအင်အား ရှားပါးလာပြီး သက်ကြီးရွယ်အို များပြားလာသည့်အတွက် စိုးရိမ်ဖွယ်ဖြစ်နေသကဲ့သို့ ဖွံ့ဖြိုးမှုနိမ့်ကျသည့်နိုင်ငံများ၌လည်း လျင်လျင်မြန်မြန် တိုးပွားလာသော လူဦးရေ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အပြင်းအထန် ကြိုးစားရန်းကန်နေကြကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ မြန်မာနိုင်ငံ၌ လူဦးရေ ဆုလာဘ်ရရှိနေမှုနှင့် မူဝါဒဆိုင်ရာ သုံးသပ်ချက်များကို ရှင်းလင်းတင်ပြစဉ်။

စားနပ်ရိက္ခာမပြည့်စုံခြင်း၊ ရေရှားပါးပြတ်လပ်ခြင်းနှင့် ရာသီဥတုဖောက်ပြန်မှုများကြောင့် ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်ဆိုးများကို ခံစားနေကြရသည့် လူဦးရေသည်လည်း မည်သည့်အချိန်ကနှင့်မျှ မတူအောင် တိုးပွားလာနေကြောင်း၊ အထူးသဖြင့် ကမ္ဘာတွင် လက်ရှိကြုံတွေ့နေရသည့် ကိုဗစ်-၁၉ ကပ်ရောဂါဘေးဆိုးနှင့် နောက်ဆက်တွဲ ပြဿနာများ၏ ရိုက်ခတ်မှုဒဏ်ကိုလည်း ကမ္ဘာ့လူဦးရေအများစု ခံစားနေကြရကြောင်း။

### အခက်အခဲများစွာ ရင်ဆိုင်တွေ့ကြုံ

လူဦးရေ လျင်မြန်စွာ တိုးပွားလာခြင်းကြောင့် ဝင်ငွေနည်းပါးသော နိုင်ငံများနှင့် အလယ်အလတ်အောက်သာ ဝင်ငွေရရှိကြသည့် နိုင်ငံများတွင် ဆင်းရဲနွမ်းပါးမှု၊ ငတ်မွတ်မှုနှင့် အာဟာရချို့တဲ့မှု ပပျောက်ရေးလုပ်ငန်းများ၊ လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေးနှင့် အခြားမရှိမဖြစ် ဝန်ဆောင်မှုများ စသည့် နိုင်ငံ့ဘဏ္ဍာငွေဖြင့် ဆောင်ရွက်နေရသော စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခက်အခဲများစွာ ရင်ဆိုင်တွေ့ကြုံနေကြရခြင်းသည်လည်း လူဦးရေတိုးပွားမှုနှုန်းမြင့်မားလာခြင်းအပေါ် ကုလသမဂ္ဂက ချမှတ်ထားသည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးမှုပန်းတိုင်များသို့ အရောက်လှမ်းနိုင်ရေး အခက်အခဲနှင့် အဟန့်အတားများထဲမှ တစ်ခုဖြစ်သည်ကို တွေ့ရကြောင်း။

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ၂၀၂၂ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၃ မှ*

လူဦးရေလျင်မြန်စွာ တိုးပွားလာခြင်းသည် အမျိုးသမီးများ ကိုယ်ဝန်ဆောင်စဉ်နှင့် ကလေးမွေးဖွားစဉ် တွေ့ကြုံရသည့် ကျန်းမာရေးပြဿနာများ ရှိနေခြင်း၊ မိသားစုစီမံကိန်း အားနည်းခြင်း၊ သားဆက်ခြားနှင့် မျိုးဆက်ပွား ကျန်းမာရေးဝန်ဆောင်မှုများ လိုအပ်နေခြင်း၊ ကျား/မ တန်းတူညီမျှမှု မရှိခြင်းတို့ကို မီးမောင်းထိုးပြနေခြင်းပင်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ဆင်းရဲသည့်နိုင်ငံအများစုတွင် နေထိုင်ကြသည့် လူဦးရေသန်းပေါင်း များစွာသည် မျိုးဆက်ပွားပညာရပ်များကို သိစေခြင်းငှာ သတင်းအချက်အလက်ရရှိမှုနှင့် လိုအပ်သည့်ဝန်ဆောင်မှုများ ရရှိမှုအားနည်းနေကြောင်း ကုလသမဂ္ဂက သုံးသပ်ထားသည်ကို လေ့လာတွေ့ရှိရကြောင်း။

## ပြဿနာအမျိုးမျိုးကို ရင်ဆိုင်နေ

တစ်ချိန်က မွေးနှုန်းမြင့်မားခဲ့သည့် ကမ္ဘာ့နိုင်ငံများတွင် အလုပ်လုပ်နိုင်သည့် လူဦးရေများပြားနေပြီး မှီခိုသူအရေအတွက် လျော့ကျလာခြင်းကြောင့် လူဦးရေ ဆုလာဘ် (Demographic Dividend) ရရှိနေသည့် နိုင်ငံများရှိသကဲ့သို့ တစ်ဖက်တွင် လူဦးရေတိုးပွားမှု နည်းလွန်းသည့်အတွက် သက်ကြီးရွယ်အိုလူဦးရေများပြားလာပြီး လုပ်သား အင်အားရှားပါးလာသည့် ပြဿနာများကို ရင်ဆိုင်နေကြရသည့် နိုင်ငံများလည်းရှိနေကြောင်း၊ လူဦးရေနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံများသည် မတူကွဲပြားသော ပြဿနာအမျိုးမျိုးကို ရင်ဆိုင်နေကြရကြောင်း။

## ကျား/မ တန်းတူညီမျှမှုရရှိရေး သတ်မှတ်ခဲ့

ထို့ကြောင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးမှုပန်းတိုင်များသို့ အရောက်လှမ်းနိုင်ရန် ကမ္ဘာတစ်ဝန်း ရင်ဆိုင်တွေ့ကြုံနေရသည့် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် တစ်ဦးတစ်ယောက်ကိုမျှ ချန်လှပ်မထားဘဲ အတူတကွ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ အဆိုပါပန်းတိုင်များထဲမှ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်နွှယ်နေသည့် ပန်းတိုင်များသို့ အရောက်လှမ်းနိုင်ရန် ၂၀၁၉ ခုနှစ် နိုဝင်ဘာလက ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့၌ ကျင်းပခဲ့သည့် (၂၅)နှစ်မြောက် လူဦးရေနှင့်ဖွံ့ဖြိုးမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာညီလာခံမှ အဓိကဆောင်ရွက်ရမည့် ကဏ္ဍများအဖြစ် မျိုးဆက်ပွား ကျန်းမာရေး၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ကျား/မ တန်းတူညီမျှမှု ရရှိရေးတို့ကို သတ်မှတ်ခဲ့ကြခြင်းဖြစ်ကြောင်း။

**❝ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ ကိုဗစ်-၁၉ ကာလကြာရှည်စွာ ဆက်လက်တည်ရှိနေဦးမည်ဖြစ်သည့်အတွက် မိမိတို့နိုင်ငံ၏ လက်ရှိလူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ အနေအထားများအပေါ် ရေရှည်အကျိုးသက်ရောက်နိုင်မှုများ ရှိလာနိုင်မည်ကို ကြိုတင်ခန့်မှန်းတွက်ချက်ထားပြီး ကိုဗစ်-၁၉ ကြောင့် သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများ၊ နာတာရှည်ရောဂါသည်များနှင့် အမျိုးသမီးများ စသည့်ထိခိုက်လွယ်အုပ်စုများကို ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဆက်လက်စီမံဆောင်ရွက်ပေးကြရမည် ❞**

မြန်မာနိုင်ငံ၏ လူဦးရေပြောင်းလဲမှုဖြစ်စဉ်နှင့် (၂၅)နှစ်မြောက် လူဦးရေနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ညီလာခံကချမှတ်ခဲ့သည့် သဘောတူညီချက်များနှင့် ပတ်သက်၍ ဖြစ်ပေါ်တိုးတက်မှုများကိုလည်း အနည်းငယ်ရှင်းလင်းပြောကြားလိုကြောင်း။

လက်ရှိမြန်မာနိုင်ငံတွင် လူဦးရေ ၅၅ သန်းကျော်ရှိပြီး အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် နှစ်သန်းကျော် ပိုများသည်ကို တွေ့ရကြောင်း၊ အမျိုးသမီးတစ်ဦးသည် ယေဘုယျအားဖြင့် ကလေးနှစ်ယောက်နှုန်းခန့်သာ မွေးဖွားနေခြင်းဖြစ်၍ မြန်မာနိုင်ငံ၏ ကလေးမွေးနှုန်းသည် မိဘနှစ်ပါးကို ပြန်လည်အစားထိုးသည့် Replacement level fertility သို့ ရောက်ရှိနေပြီဟု ဆိုနိုင်ကြောင်း။

ယခင်ဆယ်စုနှစ်များက ကလေးမွေးနှုန်း မြင့်မားခဲ့ခြင်း၏ အကျိုးဆက်အဖြစ် လက်ရှိအချိန်တွင် အလုပ်လုပ်နိုင်သည့် လူငယ်လူရွယ်အင်အား များပြားနေခြင်းကြောင့် လူဦးရေဆုလာဘ် ရရှိနေချိန်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများတွင် လူငယ်များ၏အင်အားကို ထိထိမိမိ အသုံးချနိုင်ရန်၊ နယ်မြေဒေသအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်နိုင်သူ လူဦးရေကို ထည့်သွင်းစဉ်းစားရန်နှင့် ၎င်းတို့၏ ပညာအရည်အချင်းနှင့် ကိုက်ညီမည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်လိုအပ်ကြောင်း သိရှိနားလည်သည်နှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စီမံဆောင်ရွက်လျက်ရှိကြောင်း။

## ကြိုတင်ပြင်ဆင်ထားကြရမည်

မိမိတို့နိုင်ငံအတွက် လူဦးရေဆုလာဘ်ရရှိချိန်သည် ၂၀၆၀ ပြည့်နှစ် ဝန်းကျင်အထိသာ ရရှိနိုင်မည်ဟု ခန့်မှန်းထားခြင်းကြောင့် ရေတို/ ရေရှည် စီမံကိန်းများတွင် မှန်ကန်သည့်မူဝါဒများ၊ အစီအစဉ်များကို ကြိုတင်မျှော်တွေး စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ၂၀၆၀ ပြည့်နှစ် နောက်ပိုင်းတွင် သက်ကြီးရွယ်အိုများပြားပြီး လုပ်သားအင်အားရှားပါးသည့် ပြဿနာကို ရင်ဆိုင်ကြရမည့် အခြေအနေရှိလာမည်ဖြစ်သည့်အတွက် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်အားကောင်းလာစေရန် ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က စဉ်ဆက်မပြတ် လေ့လာသုံးသပ် ဆောင်ရွက်နေသကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မွေးဖွားနှုန်းကျဆင်းခြင်းသည် မြန်မာနိုင်ငံ၏ နေရာဒေသအားလုံး၊ မတူညီသော အုပ်စုများအားလုံးအတွင်း တစ်ပြေးညီ ကျဆင်းနေခြင်းမဟုတ်ဘဲ မညီမျှမှုများ ဖြစ်ပေါ်နေဆဲဖြစ်ကြောင်း၊ ဒေသအချို့၊ အုပ်စုအချို့တွင် မွေးဖွားနှုန်းမြင့်မားခြင်းနှင့်အတူ မိခင်သေဆုံးနှုန်း၊ ကလေးသေဆုံးနှုန်းများ မြင့်မားနေဆဲဖြစ်ကြောင်း၊ သတင်းအချက်အလက်ရရှိမှု၊ လိုအပ်သည့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများရရှိမှု စသည်တို့တွင် မညီမျှမှုများ ဖြစ်ပေါ်နေ၍ဖြစ်ကြောင်း၊ ထိုသို့သော မညီမျှမှုများကို လျှော့ချနိုင်ရန် မျိုးဆက်ပွားကျန်းမာရေးကို မြှင့်တင်ပေးပြီး အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ကျား/ မ တန်းတူညီမျှရေးတို့ကို အလေးထား လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

## အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်

မျိုးဆက်ပွားကျန်းမာရေးသည် အမျိုးသမီးများနှင့်သာ သက်ဆိုင်ခြင်းမဟုတ်ဘဲ အမျိုးသားများ၊ လူငယ်များအားလုံး၏ အခွင့်အရေး၊ ကျန်းမာရေးတို့နှင့်လည်း သက်ဆိုင်နေကြောင်း၊ အလားတူ ရပ်ရွာပြည်သူလူထု တစ်ရပ်လုံးသာမက နိုင်ငံတော်နှင့်လည်း သက်ဆိုင်ပါကြောင်း၊ မျိုးဆက်ပွားကျန်းမာရေးကို မြန်မာနိုင်ငံတစ်ဝန်း မည်သူမဆို ရယူအသုံးပြုစေနိုင်မှသာ မြန်မာနိုင်ငံ၏ အနာဂတ်ကို ကာကွယ်စောင့်ရှောက်ရာ ရောက်မည်ဖြစ်ကြောင်း၊ အမျိုးသမီးများ မိမိဆန္ဒအလျောက် မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုများ အသုံးပြုခွင့်ရရှိနိုင်ခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းသို့ ရောက်ရှိစေရန် အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်ကြောင်း။

## ခေတ်မီသားဆက်ခြားနည်းလမ်း


၂၀၁၅-၂၀၁၆ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနက ကောက်ယူခဲ့သည့် လူဦးရေနှင့် ကျန်းမာရေးစစ်တမ်းအရ အသက် ၁၅ နှစ်မှ ၄၉ နှစ်အထိ အိမ်ထောင်ရှင်အမျိုးသမီးများ၏ ၉၇ ရာခိုင်နှုန်းသည် ခေတ်မီသားဆက်ခြားခြင်း နည်းလမ်းများနှင့်ပတ်သက်၍ အသိပညာဗဟုသုတရှိကြသော်လည်း အသုံးပြုနိုင်မှုသည် ၅၁ ရာခိုင်နှုန်းသာရှိနေသည်ကို တွေ့ရကြောင်း၊ ခေတ်မီသားဆက်ခြားနည်းလမ်းများ အသုံးပြုလိုသော်လည်း အသုံးပြုနိုင်ခြင်းမရှိသေးသည့် (Unmet Need for Family Planning) ရာခိုင်နှုန်းသည် ၁၆ ရာခိုင်နှုန်းရှိသည်ကို တွေ့ရပြီး ထိုသို့သော မိသားစုစီမံကိန်းနှင့် အလှမ်းဝေးသည့် ဒေသများတွင် ကလေးမွေးနှုန်း မြင့်မားသောဒေသများဖြစ်နေသည်ကို တွေ့ရကြောင်း။

*စာမျက်နှာ ၅ သို့*

# နိုင်ငံရေးနှင့် စည်းကမ်းကို ခွဲခြားနားလည်

နိုင်ငံရေးနှင့် စည်းကမ်းကို ခွဲခြားနားလည်ပါ။ စည်းကမ်းမရှိလျှင် အလုပ်မဖြစ်ဘူး။ စည်းကမ်းတစ်ခု ဖောက်ဖျက်ချင်တယ်ဆိုရင် ဒီစည်းကမ်းဖောက်ဖျက်လို့ ခံရမယ့်အပြစ်ကို နားလည်စေရမယ်။ အမိန့်ပြင်အောင် စည်းကမ်းနဲ့ကြိုးစားပါ။ မပြင်ခင် ဒီအမိန့်အတိုင်း လိုက်နာနေပါ။ နိုင်ငံရေးနှင့် စည်းကမ်း ခွဲခြားနားလည်ခြင်းဖြစ်သည်။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နတ်မောက်မြို့ အမှုထမ်းပေါင်းစုံသမဂ္ဂနှင့် ညစာစားပွဲတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**



*စာမျက်နှာ ၄ မှ*

ထို့ကြောင့် မိသားစုစီမံကိန်း၊ သားဆက်ခြားနှင့် မျိုးဆက်ပွားကျန်းမာရေး ဝန်ဆောင်မှုများကို ပံ့ပိုးပေးရာတွင် ပိုမိုလိုအပ်သည့်ဒေသများ၊ အုပ်စုများနှင့် လိုအပ်သူများအားလုံး လက်လှမ်းမီစေရန် ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်၍ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များတွင် ပေါင်းစပ်ညှိနှိုင်းပြီး ထိရောက်စွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

### ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်

အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ပတ်သက်၍ ၂၀၁၅-၂၀၁၆ ခုနှစ် လူဦးရေနှင့် ကျန်းမာရေးစစ်တမ်းအရ အိမ်ထောင်ရှင် အမျိုးသမီးများ၏ ၆၅ ရာခိုင်နှုန်းသည် တစ်ကိုယ်ရေ ကျန်းမာရေးစောင့်ရှောက်မှု၊ အိမ်ထောင်စုအတွက် လိုအပ်သောပစ္စည်းများဝယ်ယူမှုနှင့် မိဘဆွေမျိုးများထံ သွားရောက်လည်ပတ်နိုင်မှု စသည့် နယ်ပယ်(၃)ခုတွင် ကိုယ်တိုင်ဆုံးဖြတ်ချက် ချမှတ်နိုင်ကြောင်း တွေ့ရပြီး ထိုသို့ဆုံးဖြတ်ချက် ချမှတ်နိုင်သည့် အမျိုးသမီးများသည် လိုအပ်သည့် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုများ ပိုမိုခံယူနိုင်သည်ကိုလည်း တွေ့ရကြောင်း၊ အမျိုးသမီးများ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်သည့် စွမ်းဆောင်ရည်မြင့်မားလာအောင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အမျိုးသမီးများ၏ အလုပ်လုပ်ကိုင်မှုနှင့် ပတ်သက်၍ ၂၀၁၉ ကြားဖြတ် လူဦးရေသန်းခေါင်စာရင်းအရ အမျိုးသမီးဦးရေ ၁၀၀ တွင် ၅၂ ဦး ခန့်သာ အလုပ်လုပ်နေခြင်းဖြစ်၍ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အမျိုးသမီးများ၏ လုပ်အားကို အပြည့်အဝအသုံးမချနိုင်သေးသည်ကို တွေ့ရကြောင်း၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန် အမျိုးသမီးများ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရေး အခွင့်အလမ်းများကို ဖန်တီးပေးကြရမည်ဖြစ်ကြောင်း။

### ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံနေရ

အမျိုးသမီးများ အိမ်တွင်းအကြမ်းဖက်ခံရမှုနှင့် ပတ်သက်၍ အသက် ၁၅ နှစ်မှ ၁၉ နှစ်အထိ အမျိုးသမီးဦးရေ ၁၀၀ တွင် ၁၅ ဦးက အသက် ၁၅ နှစ်ကတည်းက ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံနေရကြောင်း၊ အသက် ၁၅ နှစ်ကနေ ၁၉ နှစ်အတွင်းရှိ အိမ်ထောင်သည်အမျိုးသမီး ၅ ပုံ ၁ ပုံသည်လည်း အိမ်ထောင်ဖက်၏ အကြမ်းဖက်မှုကို တွေ့ကြုံခံစားနေရသည်ကို ဖော်ပြထားကြောင်း၊ မျိုးဆက်ပွားကျန်းမာရေး၊ အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ကျား/မ တန်းတူညီမျှမှုရရှိရေး စသည့်ကဏ္ဍများတွင် ရှေ့ဆက်လုပ်ဆောင်စရာများစွာရှိနေသေးသည်ကို သုံးသပ်ရကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းချက်အရ ကိုဗစ်-၁၉ ကာလကြာရှည်စွာ ဆက်လက်တည်ရှိနေဦးမည်ဖြစ်သည့်အတွက် မိမိတို့နိုင်ငံ၏ လက်ရှိလူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ အနေအထားများအပေါ် ရေရှည်အကျိုးသက်ရောက်နိုင်မှုများ ရှိလာနိုင်မည်ကို ကြိုတင်ခန့်မှန်းတွက်ချက်ထားပြီး ကိုဗစ်-၁၉ ကြောင့် သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများ၊ နာတာရှည်ရောဂါသည်များနှင့် အမျိုးသမီးများ စသည့်ထိခိုက်လွယ်အုပ်စုများကို ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ဆက်လက်စီမံဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ အမျိုးသမီးများ၏ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ ပြတ်တောက်ခြင်းမရှိအောင် စီစဉ်ဆောင်ရွက်ထားရန် လိုအပ်သကဲ့သို့ အမျိုးသမီးများနှင့် ဆယ်ကျော်သက်များအတွက် မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာ အသိပညာပေးမှုများ တိုးမြှင့်လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ကိုယ်ဝန်ဆောင်မိခင် စောင့်ရှောက်ခြင်းနှင့် မိခင်နှင့်ကလေးသေနှုန်း လျှော့ချခြင်း၊ အာဟာရချို့တဲ့မှု လျှော့ချခြင်းနှင့် လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှုစနစ်တို့ကို တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

### ထိရောက်မှန်ကန်သည့်မူဝါဒများ ချမှတ်

မိမိနိုင်ငံအတွက် လူဦးရေဆုလာဘ်ရရှိနေချိန်တွင် တိုးပွားလာသည့် လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါပျံ့နှံ့မှု လျော့ပါးသက်သာလာချိန်တွင် ပြန်လည်ကုစားရေး အစီအစဉ်များကို ဆောင်ရွက်ပြီး ရရှိလာသည့် အခွင့်အရေးကို မိမိရရ ဆုပ်ကိုင်နိုင်အောင် ကြိုးပမ်းကြရန် တိုက်တွန်းလိုကြောင်း၊ တစ်ဦးတစ်ယောက်ချင်းစီ၏ ရပိုင်ခွင့်နှင့် ရွေးချယ်ပိုင်ခွင့်များကို မထိပါးစေဘဲ ထိရောက်မှန်ကန်သည့် မူဝါဒများနှင့် အစီအစဉ်များကို ချမှတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကမ္ဘာ့နိုင်ငံများတွင် လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများကို လွတ်မြောက်အောင် နည်းလမ်းရှာဖွေရင်း အခွင့်အလမ်းများအဖြစ် ပြောင်းယူနိုင်ခဲ့သည်ကို တွေ့မြင်ကြရမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၌လည်း လက်ရှိကြုံတွေ့နေရသည့် အခက်အခဲ အကျပ်အတည်း စိန်ခေါ်မှုများကို ကြံ့ကြံ့ခံရင်ဆိုင်ရင်း အခွင့်အလမ်းများအဖြစ် ပြောင်းလဲရယူပြီး စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ ဖြစ်ပေါ်လာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဖြစ်ပေါ်လာစေရေး စသည့် ကောင်းမွန်သည့် အနာဂတ်တည်ဆောက်နိုင်ရန် ဦးတည်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက မြန်မာနိုင်ငံ၌ လူဦးရေဆုလာဘ်ရရှိနေမှုနှင့် မူဝါဒဆိုင်ရာ သုံးသပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ၂၀၂၂ ခုနှစ် ကမ္ဘာ့လူဦးရေနေ့နှင့် သက်ဆိုင်သည့် Animation Video Clip ကို ပြသသည်။

ထို့နောက် ဇဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၂ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပြခန်းငယ်များကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

# (၃/၂၀၂၂) ကြိမ်မြောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးက နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်း ငါးခုအပါအဝင် လုပ်ငန်းသစ် ၁၉ ခုခွင့်ပြု

**နေပြည်တော် ဇူလိုင် ၁၁**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၃/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် ၁၈ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။ **(အောက်ပုံ)**



အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၁ ခု၏ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍနှင့် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၁၉ ခုကို ခွင့်ပြုပေးခဲ့သည်။ အဆိုပါ လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၈၀၇ ဒသမ ၁၅၅ သန်းနှင့် ငွေကျပ် ၃၂၁၉၄၈ ဒသမ ၇၅၂ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၁၀၀ ကျော်ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယနေ့အစည်းအဝေးက ခွင့်ပြုခဲ့သောလုပ်ငန်းများတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အမျိုးအစားဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း ငါးခုလည်း ပါဝင်သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ယနေ့အချိန်အထိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၂၀ က စုစုပေါင်း အမေရိကန်ဒေါ်လာ ၈၂၉ ဒသမ ၁၄၆ သန်းဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၁ ခုက စုစုပေါင်းငွေကျပ် ၃၅၀၉၄၇ ဒသမ ၃၄၇ သန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လျက်ရှိကြပြီး အဆိုပါလုပ်ငန်းများမှ အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၁၃၀၀၀ ကျော်ကို ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဆိပ်ပင်ပျိုးကာ အဆိပ်သီး မခူးမိစေနှင့်

•••••••••• ဇမဲ ••••••••••

**ယခုရက်ပိုင်းအတွင်း PDF များက ဓားပြတိုက်သည်ဟူသည့် သတင်းများ ခပ်စိပ်စိပ်မြင်တွေ့ရသည်။ ဓားပြဟူ၍ တောရွာများမှာတိုက်သည့် ဓားပြမှုမျိုးမဟုတ်။ နေ့ခင်းကြောင်တောင် မြို့လယ်ကောင်တွင် ပေါ်ပေါ်ထင်ထင် လုယက်၊ ခြိမ်းခြောက်ဓားပြတိုက်သည်။ သူတို့ကား လူငယ်လူရွယ်အများစုဟု မျက်မြင်များကဆိုကြသည်။ ထင်ရာစိုင်း တော်လှန်ရေးကို ဗန်းပြ၍ PDF အသွင်ပြောင်း ဓားပြများမှာ တစ်နေ့တခြား ဆိုးရွားလာပြီဖြစ်သည်။**

ဩချရလောက်သည့် ဓားပြတိုက်လုယက်မှုတို့ကို PDF သူပုန်များ အပြိုင်အဆိုင် အစွမ်းဖော်ထုတ်ကြရာတွင် မြင်တွေ့ရသမျှ စုစည်းပြရလျှင် ပခုက္ကူမြို့နယ်အတွင်းတွင်ပင် အထည်ချုပ်စက်ရုံဝန်ထမ်းများ လစာပေးရန် ထုတ်ယူလာသည့် ငွေကျပ်သိန်း ၂၆၀၀ ကို လုယက်ယူဆောင်သွားခြင်း၊ ကားပြုပြင်ရန်အပ်ထားသည့် Extra CUB တစ်စီးကို အဓမ္မယူဆောင်ခြင်း၊ ပခုက္ကူမြို့နယ် မန်ကျည်းကန်ကျေးရွာမှ ချေးငွေကောက်ယူလာသည့် ဘဏ်ဝန်ထမ်းများကို PDF များက လက်လုပ်သေနတ်များဖြင့် ခြိမ်းခြောက်၍ ချေးငွေကောက်ယူရရှိငွေကျပ် သိန်း ၃၀ ကျော် လုယက်ယူဆောင်ခြင်း၊ ပခုက္ကူမြို့မဈေးမှ ရွှေဆိုင်တစ်ဆိုင်အား ဝင်ရောက်ဓားပြတိုက်ကာ ငွေကျပ်သိန်း ၁၀၀ ဝန်းကျင် ယူဆောင်ထွက်ပြေးသွားခြင်းတို့ကို ပေါ်ပေါ်ထင်ထင် ပြုလုပ်လျက်ရှိသည်။

### ခိုးဆိုးလုယက်လူသတ်မှုများစွာကို PDF တို့ ကျူးလွန်

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၌ ကမ္ဘောဇဘဏ်ခွဲတစ်ခုကို သေနတ်ကိုင်လူလေးဦး ဝင်ရောက်၍ သိန်းလေးရာ လုယက်ယူဆောင်ခြင်း၊ မွန်ပြည်နယ်၊ ရေးမြို့နှင့် မော့ကနင်ကျေးရွာအကြားတွင် မုဒ့်သို့ ကြက်စာဖိုးပေးရန် လာရောက်သူကို PDF အကြမ်းဖက်အဖွဲ့များက ငွေကျပ် သိန်း ၅၀ လုယက်သွားခြင်း၊ ရမည်းသင်းမြို့နယ် ကံသစ်ရွာရှိ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်ကို ဆိုင်ကယ် သုံးစီးဖြင့် PDF ခြောက်ဦး လက်နက်များကိုင်ဆောင်ပြီး ဓားပြတိုက်ရန် ကြိုးပမ်းခြင်း၊ မင်းကင်းမြို့နယ်တွင်လည်း ကျေးရွာမှ အခြားနေရာများတွင် တိမ်းရှောင်နေသော မိသားစုများထံ ဖုန်းဆက်၍ တစ်အိမ်ထောင်လျှင် ငွေကျပ်ငါးသိန်းပေးရမည်၊ မပေးပါက မိသားစုအတွင်း အရွယ်ရောက်သူတစ်ဦး PDF အဖွဲ့သို့ဝင်ရောက်ရမည်၊ မလိုက်နာပါက ကျေးရွာနေအိမ်များကို မီးရှို့မည်ဟုခြိမ်းခြောက်ခြင်း၊ ဇွန်လကုန်ပိုင်းက မြိုင်မြို့နယ်အတွင်း ဆက်ကြေးမပေးသည့် အမျိုးသမီးအား လက်ပြန်ကြိုးတုပ်၍ ရက်စက်စွာ ခေါင်းဖြတ်သတ်ဖြတ်ခြင်း စသည်ဖြင့် ခိုးဆိုးလုယက်လူသတ်မှုများစွာကို PDF တို့ ကျူးလွန်နေကြသည်။

အင်းတော်–ကသာသွား လမ်းပေါ်တွင်မူ PDFအကြမ်းဖက်များက ခရီးသွားယာဉ်များကို ဆက်ကြေးတောင်းခြင်း၊ မုံရွာ၌ အသံချဲ့စက်ဖြင့် အလှူခံနေသူများကို တိုင်းပြည်အေးချမ်းနေပြီ ထင်မည်စိုး၍ဟု အကြောင်းပြချက်ဖြင့် အလှူငွေများ သိမ်းယူသွားခြင်းနှင့် ဝက်လက်မြို့နယ်ရှိ သက်ကြီးရွယ်အိုတစ်ဦးထံမှ နားကပ်၊ ရွှေ၊ ငွေ၊ ကား၊ ဆိုင်ကယ်များကို သေနတ်ပြကာ ဓားပြတိုက်ခြင်း စသောသတင်းများကို PDF အမာခံဒေသများတွင် မကြားချင်မှအဆုံး ကြားနေ၊ မြင်နေရ၏။

လက်နက်အားကိုး အကြမ်းဖက်သမား PDF တို့သည် စစ်ရေးနှင့် လုံးဝမသက်ဆိုင်သည့် သာမန်ပြည်သူများအပေါ် ထင်ရာစိုင်း၍ ဥပဒေမဲ့ပြုမူနေကြခြင်း ဖြစ်ပါသည်။ ပြည်သူ့ကာကွယ်ရေးဟု အမည်တပ်ကာ ပြည်သူများ အတိဒုက္ခရောက်ရှိစေရန် မိုက်မဲစွာလုပ်ဆောင်လျက်ရှိသည်။ PDF တို့ကြောင့် ဒုက္ခသည်စခန်းများသို့ ရောက်ရှိခဲ့ကြသည်။ PDF တို့ကြောင့် မိသားစုများပြိုလဲ၊ ကျေးရွာများပျောက်ဆုံး၊ မြို့ပေါ်အထိ အတိဒုက္ခအပြည့်နှင့် ပြည်သူများ ပင်ပန်းဆင်းရဲလွန်းလှသည်။



PDF အမည်ခံ အကြမ်းဖက်သမားများက ကလေးမြို့ စမ်းမြို့ရပ်ကွက်ရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းဆောင်နှစ်ဆောင်အား မီးရှို့ဖျက်ဆီးထားမှု။

### ပြည်သူများ မျက်နှာမထောက် အဓမ္မအလှူခံ၊ ဆက်ကြေးကောက်

မတော်လောဘအပြည့်ဖြင့် လေလှိုင်းပေါ်မှ မြှောက်ပင့်သွေးထိုးပေးသူများ၊ မစို့မပို့ ထောက်ပံ့ကြေးပေးကာ PDF ဗန်းပြအလှူခံစားကြသူ CRPH, NUG စသည့် အကြမ်းဖက်အဖွဲ့များ၏ စနက်မီးကြောင့် လူငယ်များ စာရိတ္တပျက်ပြား နှလုံးသားများ ကြမ်းရှသွားခဲ့ပြီဟု သိရ၍ ရင်နာမိသည်။ မည်းမည်းမြင် ရန်သူထင်၍ ထင်ရာစိုင်းခဲ့နေကြသည်ကိုလည်း PDF တို့ အများအပြားရှိရာ ဒေသများတွင် မပြတ်မြင်တွေ့လာရသည်။ မိမိတို့အား ထောက်ပံ့ပေးခဲ့သည့် ကျေးရွာများ၊ မိမိတို့ကို ကာကွယ်ပေးထားသည့် ပြည်သူများကိုပင် မျက်နှာမထောက် အဓမ္မအလှူခံ၊ ဆက်ကြေးကောက်ရာမှ လုယက်၊ ဓားပြတိုက်သည်အထိပင် အတင့်ရဲစွာ စော်ကားလုပ်ဆောင်လာကြသည်မှာ ပြည်သူများ ရတက်မအေးရသည့် အဖြစ်အပျက်များဟု ဆိုရမည်။

ထို့ပြင် နိုင်ငံတော်လုံခြုံရေးအဖွဲ့များ၏ ဖမ်းဆီးခြင်းခံရတိုင်း၊ ချေမှုန်းခြင်းခံရတိုင်း အနီးအနားရှိ ကျေးရွာပြည်သူများ ကြောက်လန့်တုန်လှုပ်ကြသည်။ မည်သည့်အချိန်များ ဒလန်ဆိုကာ လာရောက်ဆွဲထုတ် သတ်ဖြတ်မလဲဟု ကျီးလန့်စာစား နေထိုင်နေကြရသည်။ ကျောင်းထိုင်ဆရာတော်များကို လူမြင်ကွင်းတွင် ရိုက်နှက်ဆွဲချကာ သတ်ဖြတ်ကြသကဲ့သို့၊ လျှပ်စစ်ဝန်ထမ်း၊ ကျောင်းဆရာ၊ ဆရာမများနှင့် ရပ်ကျေးအုပ်ချုပ်ရေးမှူးများအဆုံး ရိုးရိုးသားသား စျေးရောင်းနေသည့် လမ်းဘေးဈေးသည်များမကျန် PDF မိုက်ရူးရဲများကြောင့် နေ့စဉ် အသက်ပေးခဲ့ရသည်။

လက်နက်မဲ့ပြည်သူများ အေးချမ်းစွာ နေထိုင်ခွင့်မရရှိသည်မှာ ကြာမြင့်လာခဲ့ပြီဖြစ်ပါသည်။ နေ့စဉ်နှင့်အမျှ မငြိမ်းချမ်းသည့် နေရပ်ဒေသများကို စွန့်ခွာကာ စစ်ဘေးရှောင်နေရမှုကြောင့် စားဝတ်နေရေး အခက်အခဲမျိုးစုံနှင့် ရင်ဆိုင်နေရသည်။ ပြည်သူ့ တော်လှန်ရေးသမားများဟု အမည်တပ်ထားသည့် PDF တို့အနေဖြင့် ပြည်သူများ၏ စက်ဆုပ်မှုကြောင့်ပင် ရပ်တည်ရန်ခက်ခဲလာခဲ့ပြီ။ PDF တို့ အားကိုးရာ လေလှိုင်းထဲက CRPH, NUG တို့သည်လည်း ဆက်လက်ထောက်ပံ့နိုင်ဖို့ ဝေးစွ ကိုယ်တိုင်ပင် နိုင်ငံမဲ့များ၊ နိုင်ငံ့သစ္စာဖောက်များအဖြစ် ပုန်းလျှိုးကွယ်လျှိုး အသက်ဆက်နေရသည့်အခါ နောက်လိုက် နောက်ပါ PDF မှာ ရန်ပုံငွေအတွက် လူသတ်၊ ဓားပြတိုက်၊ ဆက်ကြေးတောင်း၊ လုယက်မှုများကို ပြောင်ပြောင်တင်းတင်း လုပ်ဆောင်လာကြသည်ဟု ကောက်ချက်ချမိသည်။

**❍ လက်နက်မဲ့ပြည်သူများ အေးချမ်းစွာနေထိုင်ခွင့်မရရှိသည်မှာ ကြာမြင့်လာခဲ့ပြီဖြစ်ပါသည်။ နေ့စဉ်နှင့်အမျှ မငြိမ်းချမ်းသည့် နေရပ်ဒေသများကို စွန့်ခွာကာ စစ်ဘေးရှောင်နေရမှုကြောင့် စားဝတ်နေရေးအခက်အခဲမျိုးစုံနှင့် ရင်ဆိုင်နေရသည်။ ပြည်သူ့တော်လှန်ရေးသမားများဟု အမည်တပ်ထားသည့် PDF တို့အနေဖြင့် ပြည်သူများ၏ စက်ဆုပ်မှုကြောင့်ပင် ရပ်တည်ရန် ခက်ခဲလာခဲ့ပြီ။ PDF တို့ အားကိုးရာ လေလှိုင်းထဲက CRPH , NUG တို့သည်လည်း ဆက်လက်ထောက်ပံ့နိုင်ဖို့ဝေးစွ ကိုယ်တိုင်ပင် နိုင်ငံမဲ့များ၊ နိုင်ငံ့သစ္စာဖောက်များအဖြစ် ပုန်းလျှိုးကွယ်လျှိုး အသက်ဆက်နေရသည့်အခါ နောက်လိုက် နောက်ပါ PDF မှာ ရန်ပုံငွေအတွက် လူသတ်၊ ဓားပြတိုက်၊ ဆက်ကြေးတောင်း၊ လုယက်မှုများကို ပြောင်ပြောင်တင်းတင်း လုပ်ဆောင်လာကြ**

### ဆရာ၊ ဆရာမများကို အသက်သေဆုံးသည်အထိ ရန်ပြု

ယုတ်စွအဆုံး အခါကြီးရက်ကြီးများတွင် ဘုရားစေတီများကို မဖူးမြော်ကြရန် ယနေ့ဘုရားပိတ်သည် ဆိုင်းဘုတ်များ လာရောက်ချိတ်ဆွဲထားခြင်း၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို အသက်သေဆုံးသည်အထိ ရန်ပြုခြင်း၊ စီးပွားရေးတွင် လုပ်ကိုင်စားသောက်၍ မရနိုင်အောင် တားဆီးခြင်း၊ ကျန်းမာရေးအတွက် ဆောင်ရွက်မှုများကို ပိတ်ပင်ဖျက်ဆီးခြင်း၊ အနုပညာရှင်များ အနုပညာလုပ်ငန်း မလုပ်ရအောင် တားဆီးခြင်း၊ လျှပ်စစ်မီးမရအောင်၊ ဖုန်းလိုင်းများ ပျက်စီးအောင်၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲအောင် အလုံးစုံဖျက်ဆီးနေကြသည့်အတွက် ပြည်သူများအဖို့ PDF, NUG နှင့် ပြည်ပြေးလောက်ကောင်များအပေါ် နားလည်မှု မပေးကြတော့ပါ။

မိမိတို့ ရေလောင်းပေါင်းသင်ပေးလိုက်သည့် အဆိပ်ပင်များသည် ယခုအခါ အဆိပ်သီးများ မှည့်ဝင်းစွာဖြင့် ရှင်သန်ကြီးထွားလျက်ရှိသည်။ အဆိပ်သည် လက်ခံခူးဆွတ်သူတိုင်း၊ စားသုံးသူတိုင်းကို အန္တရာယ်ကောင်းစွာပေးနေသည့်အတွက် အဆိပ်ပင်ကို အမြစ်မှတိုင် နုတ်ယူဖယ်ရှားကြရပါတော့မည်။ ပြည်သူများအဖို့ မိမိတို့၏ အသက်အိုးအိမ်စည်းစိမ်၊ ရပ်ရွာ၏ အေးချမ်းသာယာမှုတို့ကို ရှေးရှုကြ၍ မတည်ငြိမ်ဖြစ်အောင်၊ မငြိမ်းချမ်းအောင် အဘက်ဘက်က ဖျက်ဆီးနေသည့် PDF များအား လက်သင့်မခံဘဲ ရဲရဲဝံ့ဝံ့ သတင်းပေး၍ အကုန်အစင်ရှင်းလင်းကြပါစို့ဟု တိုက်တွန်းလိုက်ရပါတော့သည်။ ။

# ဘွိုင်လာစစ်ဆေးရေးသင်တန်းကို မတော်တဆချို့ယွင်းမှုများကြောင့် အသက်နှင့်ပစ္စည်းများ ဆုံးရှုံးမှုများမှကာကွယ်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်



နေပြည်တော် ဇူလိုင် ၁၁

**ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများ သင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၌ ကျင်းပသည်။** (ယာပုံ)

### ဘွိုင်လာကို မရှိမဖြစ်မှီခိုနေရ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက စက်မှုလုပ်ငန်း အများအပြားသည် ဘွိုင်လာကို မရှိမဖြစ်မှီခိုနေရကြောင်း၊ ယခုသင်တန်းကို တက်ရောက်အောင်မြင်ပြီးကြသည့် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများအနေဖြင့် မိမိစက်ရုံ/အလုပ်ရုံများတွင်ရှိသည့် ဘွိုင်လာများကို ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေး၊ ပျက်စီးယိုယွင်းမှုနည်းနိုင်သမျှနည်းအောင် ထိန်းသိမ်းပြီး သက်တမ်းပြည့် အသုံးပြုနိုင်ရေးကို ယခင်ကထက် ပိုမိုကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ဆောင်နိုင်မည် ဖြစ်ပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် စက်မှုကဏ္ဍ၏ အစိတ်အပိုင်းတစ်ရပ်တွင် ပါဝင်နေသည့် ဘွိုင်လာကိုင်တွယ်ထိန်းသိမ်းသူများသည် မိမိတို့၏လုပ်ငန်းခွင်သို့ ပြန်လည်ရောက်ရှိသည့်အခါတွင် သင်တန်းမှ လေ့လာသင်ကြားပေးခဲ့သည့် ပညာရပ်များကို ထိထိရောက်ရောက် ပြန်လည်အသုံးပြုသွားပြီး လုပ်ငန်းတာဝန်များကို အန္တရာယ်ကင်းရှင်းစွာဖြင့် ပိုမိုကြိုးစားထမ်းဆောင်ကြရန် တိုက်တွန်းပြောကြားသည်။

### သင်တန်းဆင်းလက်မှတ်များ ပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်း၌ ထူးချွန်ဆုရရှိခဲ့သည့် သင်တန်းသား သုံးဦးကို ဆုများချီးမြှင့်ပေးအပ်ပြီး သင်တန်းသား ခေါင်းဆောင်အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ဘွိုင်လာစစ်ဆေးရေးသင်တန်းကို ဘွိုင်လာ မတော်တဆ ချို့ယွင်းမှုများကြောင့် အသက်နှင့်ပစ္စည်းများ ဆုံးရှုံးမှုများမှ ကာကွယ်ရန်၊ ဘွိုင်လာများ သက်တမ်းကြာရှည်စွာနှင့် စွမ်းရည်ပြည့် အသုံးပြုနိုင်ရေးတို့အတွက် စနစ်တကျထိန်းသိမ်းကြပ်မတ်ပေးရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါသင်တန်းကို ရက်သတ္တပတ် ရှစ်ပတ်ကြာ ဖွင့်လှစ်ခဲ့ကာ ဝန်ကြီးဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ သင်တန်းသား ၃၇ ဦး တက်ရောက်ခဲ့သည်။

### စက်မှုလက်မှုသမိုင်းမှတ်တမ်း ထုတ်ဝေနိုင်ရေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စက်မှုလက်မှုသမိုင်းမှတ်တမ်း ပြုစုရေးသား ထုတ်ဝေနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး တာဝန်ရှိသူများက စက်မှုလက်မှု သမိုင်းမှတ်တမ်း ပြုစုထုတ်ဝေနိုင်ရေးအတွက် ဆောင်ရွက်မှု၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြရာ မြန်မာနိုင်ငံ၏ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့သည့်အခြေအနေ၊ ယခုလက်ရှိဆောင်ရွက်နေမှုများကို နောင်မျိုးဆက်သစ်များ မှန်ကန်စွာ သိရှိလေ့လာနိုင်ရေးအတွက် ပြုစုရေးဆွဲရခြင်းဖြစ်ကြောင်း၊ စက်မှုလက်မှု သမိုင်းရေးဆွဲရာတွင် ခိုင်မာတိကျသည့် အထောက်အထားများဖြင့် ဝိုင်းဝန်းကြိုးစား ပြုစုရေးသားကြပါရန် မှာကြားပြီး မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်း သမိုင်းပြုစုရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၏ အကြံပြုဆွေးနွေးမှုများကို ညှိနှိုင်းပေါင်းစပ်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မင်္ဂလာဒုံစက်မှုဇုန်ရှိ SC Auto (Myanmar) Co., Ltd. ၏ SC NEUSTAR အမျိုးအစား ခရီးသည်တင် မော်တော်ယာဉ်များ CKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်နေမှု၊ မော်တော်ယာဉ်များ၏ ကြံ့ခိုင်မှုတို့ကို အထောက်အကူပြု စက်ပစ္စည်းကိရိယာများဖြင့် စမ်းသပ်နေမှုတို့ကို ကြည့်ရှုလေ့လာသည်။

ဇူလိုင် ၁၀ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သုတေသနဌာနဝင်းအတွင်း၌ မူလဓာတ်ခွဲခန်း တည်ဆောက်နေမှုနှင့် အင်းစိန်မြို့နယ်ရှိ ဆေးဝါးစက်ရုံ (အင်းစိန်) စက်ရုံအထိမ်းအမှတ်ပြခန်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၁၄ ခုနှစ်မှစပြီး ယခုအချိန်ထိ အလုပ်အကိုင် အမျိုး ၃၀ မှ အရည်အသွေးပြည့်မီသူ ကျွမ်းကျင်လုပ်သား ၁၇၅၃၅ ဦးကို မွေးထုတ်ပေးနိုင်

**ရန်ကုန် ဇူလိုင် ၁၁**

သတ္တုနှင့် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်များအတွက် အသိပညာပေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အသိပညာပေးပွဲသို့ မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေး အဖွဲ့ (NSSA) ဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သတ္တုနှင့် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေး ကော်မတီဝင်များနှင့် အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေး ဆပ်ကော်မတီများ၊ သတ္တုနှင့် အင်ဂျင်နီယာ လုပ်ငန်းဆိုင်ရာ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

### အောင်မြင်သူ ၅၈၀ ကျော်ရှိခဲ့

ဒုတိယဝန်ကြီးက NSSA အနေဖြင့် ၂၀၁၄ ခုနှစ်မှစပြီး ယခုအချိန်ထိ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန အခု ၂၀၀ ကို တည်ထောင်နိုင်ခဲ့ပြီး အလုပ်အကိုင် အမျိုး ၃၀ မှ အရည်အသွေးပြည့်မီသူ ကျွမ်းကျင်လုပ်သား ၁၇၅၃၅ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ သတ္တုနှင့် အင်ဂျင်နီယာလုပ်ငန်းကဏ္ဍ အလုပ်အကိုင်များအတွက် စစ်ဆေးအကဲဖြတ်ခဲ့ရာ ကျွမ်းကျင်မှုအဆင့် (၁) အတွက် လေအေးပေးစက် တပ်ဆင်သူ၊ ဂဟေဆက်လုပ်သား၊ မော်တော်ယာဉ် စက်ပြင်၊ စက်ကိရိယာကိုင်တွယ်မောင်းနှင်သူ၊ အသေးစားစက်ပြင်၊ သံရည်ကျိုပုံသွင်းလုပ်သားအပါအဝင် ဖြေဆိုသူ ၄၄၀၀ ကျော်ကို စစ်ဆေးအကဲဖြတ်ခဲ့ပြီး အောင်မြင်သူ ၃၇၀၀ ကျော်နှင့် ကျွမ်းကျင်မှုအဆင့် (၂) အတွက် Pneumatic ၊ လေအေးပေးစက်တပ်ဆင်သူ၊ သံရည်ကျိုပုံသွင်းလုပ်သား၊ ဂဟေဆက်လုပ်သား အပါအဝင် ဖြေဆိုသူ ၆၆၀ ကျော်အနက် အောင်မြင်သူ ၅၈၀ ကျော်ရှိခဲ့ကြောင်း။

### ပူးပေါင်းဆောင်ရွက်ရန်လို

လုပ်ငန်းရှင်များ အနေဖြင့် ကျွမ်းကျင်မှုစွမ်းရည် မြင့်မားသည့် လုပ်သားများ ပြုစုပျိုးထောင်ပေးပြီး အရည်အသွေးပြည့် ထုတ်ကုန်များ စွမ်းအားပြည့် ထုတ်ပေးခြင်းဖြင့် မိမိလုပ်ငန်း၏ ပုံရိပ်ကို ကောင်းမွန်စေနိုင်သကဲ့သို့ အလုပ်ရှင်၊ အလုပ်သမား အပြန်အလှန် ယုံကြည်ကိုးစားမှု ရရှိနိုင်သဖြင့် ကျွမ်းကျင်လုပ်သားများ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး NSSA နှင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် တို့က ဆွေးနွေးပြောကြားပြီး သတ္တုနှင့် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေး ကော်မတီဝင်များက ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးနှင့် သတ္တုနှင့် အင်ဂျင်နီယာ လုပ်ငန်းဆိုင်ရာ အလုပ်အကိုင် ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေး ကော်မတီဥက္ကဋ္ဌတို့က လိုအပ်သည်များ ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




# အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများသားဖောက်နည်းပညာသင်တန်းနှင့် ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ် သင်တန်းဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၁၁**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် ဒဂုံတက္ကသိုလ်တို့ ပူးပေါင်းပြီး သတ္တဗေဒဌာနမှ ကျောင်းသား ကျောင်းသူများအနေဖြင့် အခြေခံငါးမွေးမြူရေး၊ ငါးဆေးထိုးသားဖောက်ခြင်း နည်းပညာလေ့လာသင်ယူနိုင်ခြင်းနှင့် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်များကို စာတွေ့လက်တွေ့ လေ့လာသင်ယူနိုင်ခြင်းဖြင့် ငါးလုပ်ငန်းကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူဖြစ်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ သားဖောက်နည်းပညာသင်တန်းနှင့် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၁ ရက်က ဒဂုံတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာ သာထွန်းမောင်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်ရွှေက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များရှင်းလင်းပြောကြားသည်။ ယင်းနောက် သတ္တဗေဒပါမောက္ခ (ဌာနမှူး) ဒေါက်တာ ငြိမ်းငြိမ်းလှိုင်က သင်တန်းဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ ဒဂုံတက္ကသိုလ် သတ္တဗေဒဌာနမှ ကျောင်းသားကျောင်းသူ ၄၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး





နေပြည်တော် ဇူလိုင် ၁၁

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး နှင့် ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ရဲမှူးချုပ် တင်ကိုကို တို့သည် တောင်ကြီးမြို့ လမ်းဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးရုံးတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် အဆောက်အဦ၊ လမ်း၊ တံတား အထူးအဖွဲ့များမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။**

**စေတနာထား ဆောင်ရွက်ရန်လို**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍသည် လွန်စွာ အရေးကြီးပါကြောင်း၊ မိမိပြည်နယ်၊ ခရိုင်၊ မြို့နယ်အတွင်းရှိ အဆောက်အဦ၊ လမ်း၊ တံတားနှင့် မြို့ပြအိမ်ရာကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် စေတနာထား ဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားစေရန် Seminar များ၊ Workshop များ၊ Training များ လုပ်ဆောင်ပေးရန် လိုအပ်ပါကြောင်း၊ မိမိခရိုင်၊ မြို့နယ်အလိုက် နယ်မြေအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက တင်ပြပေးရန်လိုကြောင်း၊ သို့မှသာ လိုအပ်ချက်များကို ကူညီဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ရဲမှူးချုပ် တင်ကိုကိုက လိုအပ်သည်များကိုဖြည့်ဆည်းပြောကြားသည်။

ဆက်လက်၍ အဆောက်အဦ ဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာနနှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော ပြည်နယ်၊ ခရိုင်၊ မြို့နယ်များနှင့် အထူးအဖွဲ့များမှ တက်ရောက်သူများ ကိုယ်စားတစ်ဦးက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးတို့က လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံဝင်း အတွင်း လေးခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာ နှစ်လုံး ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင်လမ်းဦးစီးဌာနကကြီးကြပ်ပြီး တောင်ပေါ်ဒေသ လမ်းဆောက်လုပ်ရေး ကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်သော မိတ္ထီလာ – တောင်ကြီး – ကျိုင်းတုံ – တာချီလိတ်လမ်း (မိတ္ထီလာ – တောင်ကြီး အပိုင်း) မိုင်တိုင် (၆၂/၀) အနီးရှိ နှစ်ထပ်လမ်း နေရာတွင် မြေပြိုကျမှုနှင့် လမ်းသားနိမ့်ကျမှု မရှိစေရန် အခိုင်အမာကွန်ကရစ်မြေထိန်းနံရံ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင်အမှတ် (၄၃/၇) နှင့် (၄၄/၀) အကြားတွင် ယခင်နှစ်လမ်းသွား တံတားဟောင်းနှင့်ကပ်လျက် အရှည်ပေ ၂၀၀ ရှိ နှစ်လမ်းသွား ပြည်သောင်တံတားသစ် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။ **(အပေါ်ပုံ)**

**လိုအပ်ချက်များ မှာကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် B.O.T စနစ်ဖြင့် ဆောင်ရွက်သော ဘုရားငါးဆူလမ်းအပိုင်း ပြုပြင်ထိန်းသိမ်း ထားရှိမှုကိုလည်းကောင်း၊ ရန်ကုန်– ပဲခူး – တောင်ငူ – မန္တလေး ပြည်ထောင်စုလမ်းမကြီး (မိတ္ထီလာ – ပျဉ်းမနားအပိုင်း) အဆင့်မြှင့်တင် ဆောင်ရွက်ထားရှိမှု၊ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်သူတစ်ဦးချင်း ဝင်ငွေတိုးရန် စက်မှုလယ်ယာစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြရန်လို

**နေပြည်တော် ဇူလိုင် ၁၁**

တောင်သူတစ်ဦးချင်း ဝင်ငွေတိုးရန် မိရိုးဖလာစိုက်ပျိုးနည်းများအပြင် ခေတ်မီစိုက်ပျိုးနည်းများ၊ စက်မှုလယ်ယာစနစ်တို့ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြရန်လိုကြောင်း၊ လိုအပ်သောနည်းပညာနှင့် အကူအညီများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မင်းလှကျေးရွာတွင် ပြုလုပ်သည့် ကောက်စိုက်စက်ဖြင့် မိုးစပါး စိုက်ပျိုးခြင်းသရုပ်ပြပွဲ၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံစဉ် ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးက ပြောကြားသည်။



**ကောက်စိုက်စက်ဖြင့် ကောက်စိုက်သရုပ်ပြ**

ထို့နောက် တက်ရောက်လာသည့် တောင်သူများကို သွင်းအားစုအနေဖြင့် ဓာတ်မြေဩဇာနှင့် ဆေးဝါးများ ပံ့ပိုးပေးအပ်ပြီး **(ယာပုံ)** တောင်သူများနှင့်အတူ ကောက်စိုက်စက်ဖြင့် ကောက်စိုက်သရုပ်ပြမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် မှော်ဘီမြို့နယ် ညောင်ကုန်းကျေးရွာ တောင်သူ ဦးသိန်းမော်၏ စီးပွားဖြစ် မျိုးသန့်မျိုးစေ့ထုတ်(RS.CS) ဧက ၃၀ စိုက်ခင်းသို့ ရောက်ရှိပြီး တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ မျိုးစေ့ထုတ်တောင်သူများကို သွင်းအားစုအနေဖြင့်ဓာတ်မြေဩဇာနှင့် ဆေးဝါးများ ပံ့ပိုးပေးအပ်ပြီး တောင်သူများနှင့်အတူ မျိုးစေ့ထုတ်စိုက်ခင်း စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

**သင်တန်းသားများနှင့်တွေ့ဆုံ**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တိုက်ကြီးမြို့ ဇဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းသားများနှင့်တွေ့ဆုံ၍ သင်တန်းသားများစားသုံးရန် ကြက်သားနှင့် ကြက်ဥတို့ကို ကျောင်းအုပ်ကြီးထံ ပေးအပ်ပြီး တိုးချဲ့တည်ဆောက်နေသည့် ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ တည်ဆောက်ပြီး ကျောင်းဆောင်သစ်များကိုလည်းကောင်း လိုက်လံကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

**သဘာဝဂေဟစနစ်မပျက်စီးစေရေး**

ထို့နောက် မှော်ဘီမြို့နယ် ဝါးနက်ချောင်းကျေးရွာ Myanma Pesticides Industry Co.,Ltd ပိုးသတ်ဆေးစက်ရုံသို့ ရောက်ရှိကာ ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး သဘာဝဂေဟစနစ်မပျက်စီးစေရေး၊ဘေးအန္တရာယ်ကင်းရှင်းစေရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာအနီးရှိ ငမိုးရိပ်ရေလှောင်တမံသို့ရောက်ရှိပြီး တမံကြွံခိုင်မှု၊ ရေသိုလှောင်ထားရှိမှုနှင့် ရေပိုလွှဲကြွံခိုင်မှု၊ သဘာဝဘေး ကြိုတင်ပြင်ဆင်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးဇော်အေးမောင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ ဆိပ်ခံဖောကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၁**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ရေနံချက်စက်ရုံအမှတ် (၁)ရှိ ဆိပ်ခံဖော (Pontoon)ကို ယမန်နေ့ နံနက် ၁၁ နာရီတွင် ကြည့်ရှုစစ်ဆေးရာ ရေနံချက်စက်ရုံ အမှတ်(၁) စက်ရုံမှူးနှင့် တာဝန်ရှိသူများ၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဦးစီးဌာနမှ ရေကြောင်းဌာနမှူးချုပ်၊ ဒုတိယရေကြောင်းဌာနမှူးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ဆိပ်ခံဖောမှာ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) တွင် ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်၌ အသစ်တည်ဆောက်မည်ဖြစ်သော ဆိပ်ခံဖောတံတား (Jetty) တွင်အသုံးပြုမည့် ဆိပ်ခံဖောဖြစ်သည်။ ဇူလိုင် ၁၁ ရက်တွင် ပြည်တွင်းရေကြောင်းပိုင် သင်္ဘောကျင်း၌ ဒေါက်တင်ပြင်ဆင်မည်ဖြစ်ပြီး ကောင်းမွန်သွားလျှင် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ကြေညာချက်အပြည့်အစုံမှာ –

### ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ် နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးလုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှု မရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည်ဝင်ရောက်လာသူများကိုလည်း စနစ်တကျ လက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား/ ကျောင်းသူများ၊ လူငယ်လူရွယ်များတို့သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများသည် အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ရပ်များတွင် ပါဝင်လိုခြင်း မရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း/ပြည်ပဒေသအချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရသည်။ ၎င်းတို့သည် NUG အမည်ခံ အကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ်များကို မျက်ဝါးထင်ထင် တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏ နေရပ်ဒေသအသီးသီးရှိ မိဘဆွေမျိုးများနှင့်အတူ တည်ငြိမ်အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စုများနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင် ခြိမ်းခြောက်ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိ နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေးအတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## ပညာရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေး နှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ ကွပ်ကဲမှုအောက် တပ်ကျောင်းများနှင့် အခြေခံပညာကျောင်းများ ပညာရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ **(အောက်ပုံ)** ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းနှင့် ဖိတ်ကြားထားသူများ၊ တပ်မတော်ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ တပ်မတော်အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိများ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းက တပ်မတော်ပညာရေးကျောင်းများ ပညာရည်တိုးတက်မြင့်မားရေးနှင့် ပတ်သက်၍ လိုအပ်သည့် အချက်အလက်များနှင့် စပ်လျဉ်း၍ အကျယ်တဝင့် အမှာစကား ပြောကြားသည်။ ထို့နောက် ပညာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးမြင့်ထွန်းက ဆွေးနွေးမည့်ခေါင်းစဉ်များနှင့် ထည့်သွင်းဆွေးနွေးလိုသည့်အချက်များနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ရာ အခြေခံပညာကျောင်းများတွင် ဒီမိုကရေစီသဘောတရားများနှင့် ပတ်သက်၍ စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်များ သင်ကြားပေးနိုင်မှု၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး၊ နိုင်ငံချစ်စိတ်နှင့် နိုင်ငံတော်အပေါ် ကာကွယ်စောင့်ရှောက်လိုစိတ်များ မွေးမြူနိုင်စေရေး၊ ကျောင်းသားဗဟိုပြုသင်ကြားခြင်းနှင့် စာကြည့်တိုက်များ၏ အရေးပါမှု၊ KG+12 ပညာရေးစနစ်သစ်အရ အထက်တန်းအဆင့်တက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူများ၏ အတန်းပညာ ပြီးမြောက်မှုအတွက် စာမေးပွဲဖြေဆိုရမှုနှင့် တက္ကသိုလ်သို့ ဆက်လက်တက်ရောက်ရာတွင် ဆောင်ရွက်ရမည့် အခြေအနေ၊ ကျောင်းသား ကျောင်းသူများအတွက် စာသင်ခန်းလိုအပ်ချက်များ ဆောင်ရွက်ထားရှိမှု၊ သင်ရိုးဟောင်း ပညာရေးစနစ်မှ သင်ရိုးသစ် (KG+12) ပညာရေးစနစ်သစ်သို့ ပြောင်းလဲသင်ကြားပေးရာတွင် အားနည်းချက်/အားသာချက်များနှင့် အကျိုးကျေးဇူးများ၊ အခြေခံပညာအထက်တန်း ပြီးမြောက်ကြောင်း လက်မှတ် (Completion Certificate)၏ အခွင့်အလမ်းများ၊ တက္ကသိုလ်ဝင်စာမေးပွဲအား ၂၀၂၂-၂၀၂၃ ပညာသင်နှစ် (ပြင်ပဖြေ) တွင် တစ်ကြိမ်ကျင်းပမည်ဖြစ်သဖြင့် ၎င်းနှစ်တွင် ကျရှုံးသည့် ကျောင်းသား/ကျောင်းသူများအတွက် ပညာသင်ယူမှု အခွင့်အလမ်းများနှင့် အသက်မွေးမှုဆိုင်ရာဆောင်ရွက်မှုများ စသည့်ခေါင်းစဉ်များအလိုက် အကျယ်တဝင့်ဆွေးနွေးကြရာ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး တာဝန်ရှိသူ တစ်ဦးက တက်ရောက်ဆွေးနွေးပေးခဲ့သော ပညာရေးဝန်ကြီးဌာနမှ ဆရာ ဆရာမများကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





## ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၁**

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် ယနေ့ ညနေပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် တာဝန်ရှိသူများသည် တိုင်းစစ်ဌာနချုပ် စံပြဘက်စုံစိုက်ပျိုးမွေးမြူရေးခြံတွင် တိုင်းရော အစာစပ်စက်ရုံ အစာထုတ်လုပ်နေမှု လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)**တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် ဘူးသီးတောင်တပ်နယ်ရှိ နယ်မြေခံ တပ်ရင်း/တပ်ဖွဲ့များ၌ DYL ဝက်များနှင့် ဥစားကြက် မွေးမြူရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရွှေဘိုမြို့ မဟာနန္ဒာကန်တော် သဘာဝရေပြင်အတွင်း ငါးသားပေါက်ကောင်ရေ သုံးသိန်းခွဲ ငါးမျိုးများစိုက်ထည့်

**နေပြည်တော် ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝရေပြင်များအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာများ ပေါများစွာ စားသုံးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ မဟာနန္ဒာကန်တော်သဘာဝရေပြင်၌ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၁၁ ရက်က ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးဦး၊ ခရိုင်အဆင့် ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်ဝင်းနှင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ၊ မေဂွန်ကျေးရွာ ကျေးရွာအခြေပြု ရေလုပ်သားအစုအဖွဲ့မှ ရေလုပ်သားများ၊ ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့်ဝန်ထမ်းများ၊ ရွှေဘိုငါးလုပ်ငန်းစခန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ ရေဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများတက်ရောက်ကြပြီး ရွှေဘိုငါးလုပ်ငန်းစခန်းမှ ထုတ်လုပ်သော နှစ်လက်မအရွယ် ငါးမျိုးများဖြစ်သည့် ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၂၀၀၀၀၀၊ ငါးခုံးမကြီး သားပေါက်ကောင်ရေ ၈၀၀၀၀၊ ရွှေဝါငါးကြင်း သားပေါက်ကောင်ရေ ၇၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၃၅၀၀၀၀အား မဟာနန္ဒာကန်တော် သဘာဝရေပြင်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် စစ်ကိုင်းမြို့ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တွေ့ဆုံဆွေးနွေး

**မုံရွာ ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၁၁ ရက်က စစ်ကိုင်းမြို့ ခရိုင်စီမံအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမတွင် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တာဝန်ကျေပွန်အောင် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို ရှင်းလင်းမှာကြားသည်။

ယင်းနောက် မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာများက စစ်ကိုင်းမြို့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို တင်ပြဆွေးနွေးကြပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက မိမိတို့ တာဝန်ယူဆောင်ရွက်နေသော လုပ်ငန်းများနှင့် သက်ဆိုင်သောလုပ်ငန်းများအား ပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ အမှတ်(၃)အခြေခံ ပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆရာ၊ဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးပြီး ကျောင်းအုပ် ဆရာမကြီးထံ ငွေကျပ် ငါးသိန်းကို ပေးအပ်သည်။ဆက်လက်ပြီး ရွှေမင်းဝံရပ်ကွက်ရှိ လေ့ကျင့်ရေးအထက်တန်းကျောင်းသို့ ရောက်ရှိပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆရာ၊ဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးပြီး ကျောင်းအုပ်ဆရာမကြီးထံ ငွေကျပ် ငါးသိန်း ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းပညာရေးတက္ကသိုလ်သို့ ရောက်ရှိရာ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက သင်ကြားရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကာ ငွေကျပ် ငါးသိန်း ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်း စက်မှုဇုန်ရှိ NTT အထပ်သားစက်ရုံသို့ ရောက်ရှိရာ စက်မှုဇုန်ဥက္ကဋ္ဌနှင့် စက်ရုံတာဝန်ခံတို့က စစ်ကိုင်း စက်မှုဇုန်အတွင်း စက်ရုံများ၏ လည်ပတ်လုပ်ဆောင်နေမှုအခြေအနေ၊ ကုန်ကြမ်းပစ္စည်းရရှိမှု၊ ကုန်ချောပစ္စည်းထုတ်လုပ်နိုင်မှု၊ စက်ရုံလုပ်သားများအား ထောက်ပံ့ဆောင်ရွက်ပေးနေမှုနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စက်ရုံအတွင်း အထပ်သားများ ထုတ်လုပ်ဆောင်ရွက်နေမှု အဆင့်ဆင့်တို့ကို လိုက်လံကြည့်ရှုကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)**

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကယားပြည်နယ်အစိုးရအဖွဲ့က ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြည်နယ်အတွင်းရှိ အောင်ချက်အကောင်းဆုံးမြို့နယ်များ၊ ကျောင်းများနှင့် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်

**လွိုင်ကော် ဇူလိုင် ၁၁**

ကယားပြည်နယ် အစိုးရအဖွဲ့က ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြည်နယ်အတွင်းရှိ အောင်ချက်အကောင်းဆုံးမြို့နယ်များ၊ ကျောင်းများနှင့် ဂုဏ်ထူးရထူးချွန် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**



ရှေးဦးစွာ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဘက်စုံပညာရည် တို့လှမ်းချီ" သီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်းရှိ အောင်ချက်အကောင်းဆုံး မြို့နယ်များဖြစ်သည့် လွိုင်ကော်မြို့နယ်၊ ဘော်လခဲမြို့နယ်နှင့် မယ်စဲ့မြို့နယ်ရှိ မြို့နယ်ပညာရေးမှူးများအား လည်းကောင်း၊ အောင်ချက် အကောင်းဆုံး ကျောင်းများဖြစ်သည့် လွိုင်ကော်မြို့နယ်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်းနှင့် မယ်စဲ့မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းများရှိ ကျောင်းအုပ်ကြီးများအား လည်းကောင်း၊ ပြည်နယ်အတွင်း ထူးချွန် သုံးဘာသာ ဂုဏ်ထူးရှင် ငါးဦးအားလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဆက်လက်ပြီး ဒေသကွပ်ကဲရေးမှူးနှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ထူးချွန် နှစ်ဘာသာ ဂုဏ်ထူးရှင်များအား လည်းကောင်း၊ စီးပွားရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီး၊ လူမှုရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်တရားသူကြီးချုပ်နှင့် ပြည်နယ်ပညာရေးမှူးတို့က ထူးချွန် တစ်ဘာသာ ဂုဏ်ထူးရှင်များအား လည်းကောင်း ဆုများချီးမြှင့်သည်။

**ပြည်နယ်(ပြန်/ဆက်)**

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးက စစ်တုရင်ပထမဆုံး ရွှေ့ကွက်ဖြင့် ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း စစ်တုရင်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ဇူလိုင် ၁၅ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်

**ဟိုပုံး ဇူလိုင် ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ ကျပ် ၁၈၁၃ ဒသမ ၈၄ သန်းဖြင့် ဆောင်ရွက်မည့် ဟိုပုံးမြို့နယ် စပ်တော(ဆော်တော)-နောင်ဒေးလမ်း ၁၂/၀ မိုင် အနက် ၂/၀ မိုင် ကျောက်ခင်းခြင်း၊ စပ်တော(ဆော်တော)-နောင်ဒေးလမ်း ၁၂/၀ မိုင် အနက် ၁/၄ မိုင် ကျောက်လမ်းပေါ်တွင် Box Culvert လေးစင်းတည်ဆောက်ခြင်း၊ နမ့်ပေါ်ဟွန်း-ပါပန့်-နောင်ကွမ်-ညောင်နင်း-သက်သာ-ပုံချောင် မြေလမ်း ၁၃/၀ မိုင် အနက် ၂/၀ မိုင်ကျောက်ခင်းခြင်း၊ ဆီဆိုင်မြို့နယ် နားမွန်း-နားသံ-နားပုံး-ထီဗွာမြေလမ်း ၈/၂ မိုင်အနက် ၁/၂ မိုင် ကျောက်ခင်းခြင်း၊ လုံးဖိုး-နောင်စကာ-ဝမ်ဟေး-နောင်ပါရင်- ဟိုခဲ ၇/၀ မိုင်အနက် ၂/၀ မိုင် ကျောက်ခင်းခြင်း၊ လွယ်ပွယ်-လိုက်ပေး-ဘန်းနောင်ကား ၅/၀မိုင် အနက် ၂/၀ မိုင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ပင်လောင်းမြို့နယ် နောင်ဝိုး-ကရား-တရွတ်မူး-ညောင်မှူးလွယ်ဂွန်းလမ်း ၄/၃ မိုင် အနက်ကျန် ၀/၇ မိုင်အပြီးသတ်ခြင်း၊ နောင်ဝိုး-ကရား-တရွတ်မူး-ညောင်မှူးလွယ်ဂွန်းလမ်း ၄/၃ မိုင်အနက် ၁/၄ မိုင်ကျောက်လမ်းပေါ်တွင် Box Culvert ခြောက်စင်းတည်ဆောက်ခြင်း၊ ပေါင်းလောင်း-ပင်လောင်းလမ်းမကြီးပေါ်ရှိ ဖိုးကုန်းကျေးရွာမှ ရွာကြီးကျေးရွာထိ ၁၅/၀ မိုင် အနက် ၂/၀ မိုင် ကျောက်ခင်းခြင်း၊ လိန်းညားကျေးရွာအုပ်စု ဝါးလီး-တောင်လေး-ဝါးပြုံး-ဟမ်းအင်-လိန်းဗွာ-ညောင်ပင် ကျေးရွာချင်းဆက်လမ်း ၇/၀ မိုင်အနက် ၁/၄ မိုင် ကျောက်ခင်းခြင်း၊ ကင်းမွန်းချုံ(ပင်မွန်းချုံ)မီးခြစ်ကျောက်- မူယားလမ်းခွဲ-ပကျော်လေး-ထင်းရှူးတောင် ၇/၀မိုင် အနက် ၁/၀မိုင် အပြီးသတ်ကတ္တရာခင်းခြင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေကျပ် ၄၁၈ ဒသမ ၁၀၄ သန်းဖြင့် ဆောင်ရွက်မည့် ဟိုပုံးမြို့နယ် ဆော်တော-ပါရင်-ဟွေ့ဟိုင်း ၇/၀မိုင်မှ ၄/၄ မိုင်ဖောက်လုပ်ပြီး ကျန်၂/၄ မိုင် ဖောက်လုပ်ခြင်း၊ ပင်လောင်းမြို့နယ် နမ့်ပေါ်မုံးလမ်းခွဲမှ နားဝင်း-နားငင်း ၂/၀မိုင် မြေသားလမ်းဖောက်လုပ်ခြင်း၊ ပင်ကာလ-ပူးဝါးတောင်- လွယ်မောင်း ၃/၄ မိုင် အနက် ၁/၀ မိုင် ကျောက်ခင်းပြီး ကျန် ၁/၀ မိုင် အပြီးသတ်ကျောက်ခင်းခြင်း၊ ဆီဆိုင်မြို့နယ် ဆီဆိုင်-လွယ်ထွဲ-ထီရီး ၈/၄ မိုင်အနက် ကျန် ၅/၄ မိုင်မှ ၁/၀ မိုင် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေမင်းထွန်း(ပအိုဝ်းဒေသ)**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် မဟာအောင်မြေကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းတွင် အကျိုးတော်ဆောင်အဖွဲ့နှင့်တွေ့ဆုံပြီး ဆိုင်ခန်းနေရာချထားမှုများနှင့် ရောင်းဝယ်နေမှုများအား လိုက်လံကြည့်ရှု

**မန္တလေး ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီး ဝန်ကြီးများဖြစ်သည့်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးကျော်ကျော်မင်း၊ မြို့တော်ဝန် ဦးကျော်ဆန်း၊ သယံဇာတရေးရာဝန်ကြီးဦးမျိုးအောင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ်စိန်လွင်၊ တာဝန်ရှိသူများနှင့်အတူ မဟာအောင်မြေမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မဟာအောင်မြေကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းသို့ ယနေ့နံနက်ပိုင်းကရောက်ရှိလာပြီး အုပ်ချုပ်ရေးမှူးရုံး၌ အဆိုပါစခန်းမှ အကျိုးတော်ဆောင်အဖွဲ့နှင့် တွေ့ဆုံသည်။

တွေ့ဆုံရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် တိုးတက်ဖွံ့ဖြိုးလာသော မြို့ပြဖွံ့ဖြိုးမှုနှင့်အညီ အဆင့်အတန်း မြင့်မားသည့် ရောင်းဝယ်ရေး စခန်းဖြစ်ပြီး မြို့အင်္ဂါရပ်နှင့် ကိုက်ညီသော သန့်ရှင်းသပ်ရပ်သည့် နေရာနှင့် ရောင်းဝယ်ဖောက်ကားရန် လိုအပ်သော ဧရိယာအကျယ်အဝန်းရှိရန် လိုအပ်ကြောင်း ပြောကြားပြီးနောက် ကျောက်မျက်ရတနာရောင်းဝယ်ရေး စခန်းအတွင်း ဆိုင်ခန်းနေရာချထားမှုများ၊ ရောင်းဝယ်လုပ်ကိုင်ဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုသည်။ (ဓာတ်ပုံ)

**ရောင်းဝယ်ဖောက်ကား**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီပိုင် မဟာအောင်မြေ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းတွင် လက်ကောက်ဝိုင်း၊ အပွင့်ဝိုင်း၊ ဖြတ်သားနှင့် လွှာချပ်ဝိုင်း၊ စပ်ပုံဝိုင်း၊ ကျောက်စိမ်းပန်းပုနှင့် ရတနာအချောထည်များ၊ ကျောက်သွေးကျောက်ဖြတ်အလုပ်ရုံများပါဝင်သည့် ဆိုင်ခန်း ၁၁၁၇ ခန်း၊ ရောင်းဝယ်ရေးစခန်း ကပ်လျက်အပြင်ဘက်တွင် အမိုးပါ အကာမပါ Steel Structure တစ်ထပ်လုံးခင်းဆောင်၊ တာမခံဆောင်၊ ဖားကန့်ဆောင်များတွင် လေးပေ ပတ်လည်အကျယ်ရှိ ပုံကျခင်းဝိုင်းဈေးဆိုင်ခင်း အခန်း ၆၁၆ ခန်းရှိပြီး ပြည်တွင်းရတနာကုန်သည်များ၊ လုပ်ငန်းရှင်များ၊ ပွဲစားများအပြင် နိုင်ငံခြားသားများပါ လေ့လာရောင်းဝယ်ဖောက်ကားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ကရင်ပြည်နယ်ဝန်ကြီးချုပ် အမှတ် (၁) မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်များအား နွားနို့တိုက်ကျွေး

**ဘားအံ ဇူလိုင် ၁၁**

နွားနို့သောက်သုံးခြင်းဖြင့် မူလတန်းအကြိုကလေးငယ်များ ခန္ဓာကိုယ်ကြီးထွားပြီး အရိုးအဆစ်များသန်မာစေရေး၊ ဉာဏ်ရည်ဖွံ့ဖြိုးပြီး ကျန်းမာသန်စွမ်းစေရေးတို့အတွက် ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီခန့်က ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏အစီအစဉ်ဖြင့် လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၁)မူလတန်းကြိုကျောင်းမှ မူကြိုရင်သွေးငယ်များအား နွားနို့နှင့်ကြက်ဥတို့ကို တိုက်ကျွေးခဲ့ကြသည်။

ထိုသို့တိုက်ကျွေးရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မူကြိုကျောင်းရှိ အသက် သုံးနှစ်မှ ငါးနှစ် အရွယ်ကလေးငယ် ၁၃၄ ဦးတို့အား နွားနို့နှင့် ကြက်ဥများ တိုက်ကျွေးခဲ့ကြပြီး ပြည်နယ် ဝန်ကြီးချုပ်က မူလတန်းကြိုကျောင်းရှိ ဆရာမများအတွက် ငွေကျပ်သုံးသိန်းကို ကျောင်းအုပ်ဆရာမကြီးထံ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဇွဲကပင်အားကစားကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းခွင်ပွဲကြည့်စင်တည်ဆောက်ခြင်းလုပ်ငန်း၊ Synthetic မီတာ ၄၀၀ ပြေးလမ်းခင်းခြင်းနှင့် ဘောလုံးကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးဦးစိုးနိုင်နှင့် တာဝန်ယူတည်ဆောက်သည့်ကုမ္ပဏီများမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က အနောက်ဘက်အထူးတန်းပွဲကြည့်စင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းတွင် Landscaping အလှဆင်ခြင်းလုပ်ငန်းဆောင်ရွက်မည့်မြေနေရာကို သတ်မှတ်ပေးပြီး အားကစားကွင်း၏ အဝင်တံခါးများ အသစ်လဲလှယ်တပ်ဆင်သွားရန်၊ လုပ်ငန်းအားလုံးပြီးစီးချိန်တွင် သန့်ရှင်းသာယာလှပရေးအတွက် Side Clean ဆောင်ရွက်ပေးရန်နှင့် အားကစားကွင်းတစ်ခုလုံးသန့်ရှင်းသာယာလှပစေရေး လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၈၀ | ၁၉၂၅ | ၁၉၂၀ | ၁၈၉၀ | ၁၉၂၅ | ၁၉၅၀ | ၁၉၃၅ | ၁၉၁၀ | ၂၀၀၅ | ၂၀၂၀ | ၁၉၂၀ | ၁၉၂၅ | ၁၉၆၀ | ၁၉၆၅ | ၁၉၆၅ | ၂၁၈၅ | ၂၆၆၅ |
| 95 Ron | ၁၉၅၅ | ၂၀၀၀ | ၁၉၉၅ | ၁၉၆၀ | ၁၉၉၅ | ၂၀၂၀ | ၂၀၀၅ | ၁၉၈၅ | ၂၀၈၀ | ၂၀၉၅ | ၁၉၉၀ | ၂၀၀၅ | ၂၀၃၅ | ၂၀၃၅ | ၂၀၃၅ | ၂၂၅၅ | ၂၇၂၅ |
| HSD (500 ppm) | ၂၂၄၀ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၀ | ၂၂၈၅ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၅ | ၂၃၈၅ | ၂၃၈၀ | ၂၂၈၀ | ၂၂၉၀ | ၂၃၂၅ | ၂၃၂၅ | ၂၃၂၅ | ၂၅၄၅ | ၂၉၅၅ |
| HSD (50 ppm) | ၂၃၀၀ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၅ | ၂၆၀၀ | ၂၉၈၅ |
| HSD (10 ppm) | ၂၃၀၀ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၅ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၅ | ၂၆၀၀ | ၂၉၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၈၆ | ၁၈၅၅ |
| 95 Ron | ၁၈၅၆ | ၁၉၂၆ |
| HSD (500 ppm) | ၂၁၃၆ | ၂၂၀၈ |
| HSD (50 ppm) | ၂၁၉၁ | ၂၂၆၅ |
| HSD (10 ppm) | ၂၁၉၁ | ၂၂၆၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# သီရိလင်္ကာနိုင်ငံ၌ အစိုးရတစ်ရပ်ဖွဲ့စည်းရန် သဘောတူညီချက်ရရှိပါက လက်ရှိအစိုးရအဖွဲ့ဝန်ကြီးများ ရာထူးမှ နုတ်ထွက်မည်

ကိုလံဘို ဇူလိုင် ၁၁

**သီရိလင်္ကာနိုင်ငံ၌ ပါတီအားလုံးပါ အစိုးရအဖွဲ့ ဖွဲ့စည်းရန် သဘောတူညီချက်ရရှိပါက လက်ရှိအစိုးရအဖွဲ့ ဝန်ကြီးများ ရာထူးမှနုတ်ထွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံး၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။**

သီရိလင်္ကာနိုင်ငံ မြို့တော် ကိုလံဘိုတွင် ဝန်ကြီးချုပ် ရာနေးလ် ဝစ်ခရမ်မီဆင်ဟဲနှင့် တွေ့ဆုံဆွေးနွေးပွဲ တစ်ခုပြုလုပ်ရာတွင် တက်ရောက်လာသော အစိုးရအဖွဲ့ဝင်များက ပါတီအားလုံးပါ အစိုးရအဖွဲ့ဖွဲ့စည်းရန် သဘောတူညီချက် ရရှိခဲ့မည်ဆိုပါက မိမိတို့၏ တာဝန်များကို အစိုးရသစ်သို့ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

သီရိလင်္ကာသမ္မတ ဂိုတာဘာယာ ရာဂျာပက်ခ်ဆာက ဇူလိုင် ၁၃ ရက်တွင် တာဝန်မှအနားယူတော့မည်ဖြစ်ကြောင်း စနေနေ့က ပြောကြားခဲ့သည်။

စနေနေ့က ဆန္ဒပြသူများသည် သမ္မတအိမ်တော်နှင့် ရုံးတွင် ဆန္ဒပြခဲ့ကြပြီး ဝန်ကြီးချုပ်အိမ်တော်ကို မီးရှို့ခဲ့ကြသည်။

သီရိလင်္ကာ နိုင်ငံရေးခေါင်းဆောင်များသည် နိုင်ငံကို ရှေ့ဆက်သွားရန် ပါတီအားလုံးပါဝင်သည့်အစိုးရတစ်ရပ် ဖွဲ့စည်းရန် တိုက်တွန်းတောင်းဆိုထားသည်။

**ဆင်ဟွာ**



သီရိလင်္ကာနိုင်ငံ သမ္မတရုံးတွင် ဆန္ဒပြနေသူများကို တွေ့ရစဉ်။

# အာဘေး၏ ဦးစားပေးကိစ္စရပ်များကို ဆက်လက်အကောင်အထည်ဖော် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ကီရှီးဒါးပြောကြား

**တိုကျို ဇူလိုင် ၁၁**

လွန်ခဲ့သော သီတင်းပတ်က သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရသော ယခင်ဂျပန်ဝန်ကြီးချုပ် ရှင်ဇို အာဘေး ချမှတ်ခဲ့သော တခြားအရေးကြီးသည့် မူဝါဒရေးရာကိစ္စရပ်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း လက်ရှိဂျပန်ဝန်ကြီးချုပ် ကီရှီးဒါး ဖူမီယိုက ပြောသည်။

အာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီသည် အထက်လွှတ်တော် ရွေးကောက်ပွဲတွင် အဓိကအောင်ပွဲခံခဲ့ပြီးနောက် ကီရှီးဒါးက သတင်းထောက်များကို တနင်္လာနေ့က ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

လစ်ဘရယ် ဒီမိုကရက်တစ်ပါတီအနိုင်ရရှိခဲ့သော နေရာအရေအတွက်သည် အာဏာရ ညွန့်ပေါင်း အစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်ကို ကိုယ်စားမပြုကြောင်း၊ ဂျပန်နိုင်ငံကို အပြည့်အဝ ကာကွယ်ပေးရန် နှင့် အနာဂတ်ကို လမ်းဖွင့်ပေးရန် ညွန့်ပေါင်းအစိုးရတစ်ရပ်ဖွဲ့နိုင်ရေး လှုံ့ဆော်ပေးသည့် ပြည်သူများ၏ ဆန္ဒအဖြစ် မှတ်ယူပါကြောင်း ကီရှီးဒါးက ပြောသည်။ မိမိတွင် အသစ်တစ်ဖန်တာဝန်သိစိတ် ပိုမိုနိုးကြားတက်ကြွလာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။




ဂျပန်ဝန်ကြီးချုပ် ကီရှီးဒါးဖူမီယို မိန့်ခွန်းပြောနေစဉ်။

အာဘေး သေဆုံးခြင်းကို ရည်ညွှန်းပြောဆိုရာ၌ ခက်ခဲကြမ်းတမ်းသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် ယခင်ဝန်ကြီးချုပ်၏ ဆန္ဒကို လေးစားလိုက်နာသွားမည် ဖြစ်ကြောင်း ကီရှီးဒါးက ပြောသည်။

ယခုအချိန်အခါသည် ဂျပန်နိုင်ငံအတွက် စစ်ပွဲလွန်ကာလအတွင်း အခက်ခဲဆုံးအချိန်ကို ရင်ဆိုင်နေရကြောင်း ကီရှီးဒါးက ပြောသည်။

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှုကို ကိုင်တွယ်ဖြေရှင်းရန် အင်တိုက်အားတိုက် ပြန်လည်စစ်ဆေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ထို့အပြင် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကို ကာကွယ်နိုင်ရန်နှင့် စီးပွားရေး ပြန်လည်ရှင်သန်နိုင်ရန် ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကီရှီးဒါးက ကတိပေးပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေကြောင်း တွေ့ရှိ

**ဝါရှင်တန် ဇူလိုင် ၁၁**

အမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ်တစ်ဦးဖြစ်သူ ကက်သရင်း တိုင်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခဲ့ကြောင်း ဇူလိုင် ၁၀ ရက်က ပြောကြားခဲ့သည်။

**လိုက်နာနေ**

"မနေ့က မိမိမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေကြောင်း စစ်ဆေးတွေ့ရှိခဲ့တယ်။ ကိုဗစ်-၁၉ ကာကွယ်ဆေးကိုလည်း အကြိမ်ပြည့်ထိုးထားပြီး အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးတောင် ထပ်ထိုးခဲ့တယ်။ အခုတော့ အိမ်မှာ တစ်ယောက်တည်းခွဲနေပြီး ဆရာဝန်တွေရဲ့ အကြံပြုချက်တွေကို လိုက်နာနေတယ်" ဟု ၎င်းက ပြောသည်။

**တွေ့ဆုံခဲ့**

ကြာသပတေးနေ့နဲ့ သောကြာနေ့က တိုင်သည် ကနေဒါ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး၊ ပို့ကုန်မြှင့်တင်ရေး၊ အသေးစားစီးပွားရေးလုပ်ငန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မာရီနန်နှင့် တွေ့ဆုံခဲ့သည်။ ထို့အပြင် အမေရိကန်-မက္ကဆီကို-ကနေဒါ လွတ်လပ်သော ကုန်သွယ်ရေးကော်မရှင်သဘောတူညီချက် ဒုတိယအကြိမ်အစည်းအဝေးတွင်လည်း မက္ကဆီကိုစီးပွားရေးဝန်ကြီး တာတီယာနာကလော်တီယာနှင့် တွေ့ဆုံခဲ့သည်။

လွှတ်တော်လူများစုခေါင်းဆောင် ချက်ခ်စကူမာတွင်လည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း ၎င်း၏ ပြောရေးဆိုခွင့်ရှိသူ ဂျက်စတင်ဂွဒ်မင်းန်က ပြောသည်။

**ဆင်ဟွာ**

# တရုတ်နိုင်ငံတချို့ဒေသများ၌ အပူချိန်မြင့်မားနိုင်မှုအတွက် လိမ္မော်ရောင်သတိပေးချက်ထုတ်ပြန်

**ပေကျင်း ဇူလိုင် ၁၁**

တရုတ်အမျိုးသားလေ့လာစောင့်ကြည့်ရေးအဖွဲ့က နိုင်ငံ၏ဒေသအတော်များများ၌ အပူလှိုင်းရိုက်ခတ်ခဲ့ချိန်တွင် ပိုမိုမြင့်မားလာနိုင်သည့် အပူချိန်အတွက် လိမ္မော်ရောင်သတိပေးချက်ကို ထုတ်ပြန်ခဲ့သည်။ ဇူလိုင် ၁၁ ရက်က ရှန်ဇီးအပါအဝင် တရုတ်နိုင်ငံ ဒေသအတော်များများ၌ အပူချိန်သည် ၃၇ ဒီဂရီ ဆဲလ်စီးရပ်စ်မှ ၃၉ ဒီဂရီ ဆဲလ်စီးရပ်စ်အထိရှိခဲ့ကြောင်း အမျိုးသားမိုးလေဝသဌာနက ပြောကြားခဲ့သည်။ တရုတ်နိုင်ငံ၏ တချို့ဒေသများတွင် အပူချိန်သည် ၄၀ ဒီဂရီဆဲလ်စီးရပ်စ်အထိ ပိုနိုင်ကြောင်း အမျိုးသားမိုးလေဝသဌာနက သတိပေးခဲ့သည်။

ပြည်သူများကို အပူဒဏ်ကာကွယ်ရန် လိုအပ်သော ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ထားကြရန်နှင့် အပြင်ဘက်တွင် လှုပ်ရှားဆောင်ရွက်မှုများလုပ်ဆောင်ခြင်းကိုရှောင်ရှားရန် တိုက်တွန်းထားသည်။ တရုတ်နိုင်ငံ၌ အပူချိန်သတိပေးချက်နှင့် ပတ်သက်ပြီးအဆင့်လေးဆင့်ရှိရာ အနီ၊ လိမ္မော်၊ အဝါနှင့် အပြာတို့ သတ်မှတ်ထားပြီး အနီရောင်သည် အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကယ်လီဖိုးနီးယားပြည်နယ် နေအိမ်ပါတီတစ်ခု၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ သုံးဦးသေ

**ကယ်လီဖိုးနီးယား ဇူလိုင် ၁၁**

အမေရိကန် ပြည်ထောင်စု ကယ်လီဖိုးနီးယား ပြည်နယ်ရှိ နေအိမ်ပါတီတစ်ခုတွင် တနင်္ဂနွေအစောပိုင်းက ပစ်ခတ်မှုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိကြောင်း ပြည်တွင်းသတင်းများတွင် ဖော်ပြထားသည်။

လော့စ်အိန်ဂျလိစ် စီရင်စု အရှေ့တောင်ပိုင်းရှိ ဒေါင်းနေးမြို့ လိစ်လမ်းပေါ်တွင် ဒေသစံတော်ချိန် ၁၂ နာရီ ၄၅ မိနစ်ခန့်က သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း သတင်းပေးပို့မှုရရှိခဲ့သည့်အပေါ် သက်ဆိုင်ရာတာဝန်ရှိသူများက တုံ့ပြန်ဆောင်ရွက်ခဲ့ကြောင်း ဒေသတွင်း မီဒီယာတွင် သတင်းဖော်ပြထားသည်။

သေနတ် ပစ်ခတ်မှုတွင် အမျိုးသားလေးဦးနှင့် အမျိုးသမီးတစ်ဦး ပစ်ခတ်ခံရကြောင်း ဒေသတွင်း မီဒီယာများတွင် ဖော်ပြသည်။

သေနတ်ပစ်ခတ်မှု ဖြစ်ပွားရာအခင်းဖြစ်ပွားရာနေရာတွင် လူသုံးဦး သေဆုံးခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း ဒေသတွင်း မီဒီယာများတွင် ဆက်လက်ဖော်ပြထားသည်။

သေနတ်ပစ်ခတ်မှု ဖြစ်ပွားရသည့်အကြောင်းရင်းကို မသိရသေးပေ။

သို့သော်လည်း အာဏာပိုင်များက အဆိုပါ ပစ်ခတ်မှုကို သီးခြား ဖြစ်စဉ်တစ်ခုအဖြစ် ဖော်ပြထားသည်။

**ဆင်ဟွာ**




သေနတ်ပစ်ခတ်မှုဖြစ်ပွားရာနေရာအနီးတစ်ဝိုက်တွင် လုံခြုံရေးဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

# တရုတ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့ကြား လေးရက်ကြာ ပူးတွဲရေကြောင်းစစ်ရေးလေ့ကျင့်မှု စတင်




**ရှန်ဟိုင်း ဇူလိုင် ၁၁**

တရုတ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့ကြား လေးရက်ကြာ ပူးတွဲရေကြောင်းစစ်ရေးလေ့ကျင့်မှုကို ဇူလိုင် ၁၀ ရက်က ရှန်ဟိုင်းရှိ စစ်ဘက်ဆိုင်ရာ ဆိပ်ကမ်းတစ်ခု၌ စတင်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

**နှစ်စဉ်ပြုလုပ်သည့် အစီအစဉ်တစ်ခုဖြစ်**

Sea Guardians-2 ဟု အမည်ပေးထားသော အဆိုပါ ပူးတွဲရေကြောင်းစစ်ရေးလေ့ကျင့်မှုသည် နှစ်နိုင်ငံကြား နှစ်စဉ်ပြုလုပ်သည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ပီအယ်လ်အေ) ရေတပ်မှ ပြောရေးဆိုခွင့်ရှိသူ လုဝမ်ရှောင်က ပြောသည်။ ထို့အပြင် အဆိုပါ စစ်ရေးလေ့ကျင့်မှုသည် မည်သည့်ဒေသတွင်းအခြေအနေများနှင့်မျှ မသက်ဆိုင်သလို မည်သည့်ပြင်ပအဖွဲ့အစည်းကိုမှလည်း ပစ်မှတ်ထားလုပ်ဆောင်ခြင်းမဟုတ်ကြောင်း ၎င်းက မှတ်ချက်ပြုပြောသည်။

**ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်**

နှစ်နိုင်ငံကြား အဆိုပါ ပူးတွဲရေကြောင်းစစ်ရေးလေ့ကျင့်မှုသည် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံဖလှယ်ရန်၊ တပ်မတော်နှစ်ရပ်အကြား အစဉ်အလာရှိသော ချစ်ကြည်ရင်းနှီးမှုကို ပိုမိုနက်ရှိုင်းစေရန်တို့အတွက် ရည်ရွယ်ကြောင်း သိရသည်။

ဆင်ဟွာ

---

## ပေကျင်းမှ နာရီတာ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ခရီးသည်တင်လေကြောင်းလိုင်း ပြန်လည်ပြေးဆွဲ

**ပေကျင်း ဇူလိုင် ၁၁**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နှစ်နှစ်နှင့် သုံးလကြာ ရပ်နားထားခဲ့ရသော တရုတ်နိုင်ငံ ပေကျင်း အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဂျပန်နိုင်ငံ တိုကျို အနီး နာရီတာ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပျံသန်းပြေးဆွဲသည့် ခရီးသည်တင်လေကြောင်းလိုင်းကို ပြန်လည်ပြေးဆွဲမှုစတင်လိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။

ဂျပန်လေကြောင်း All Nippon Airways (ANA) သည် ပေကျင်းလေဆိပ်မှ တိုကျိုအနီး နာရီတာလေဆိပ်သို့ တစ်ပတ်လျှင် တစ်ကြိမ် ပြေးဆွဲမှုကို ဇူလိုင် ၁၁ ရက်တွင် ပြန်လည်စတင်လိုက်ခြင်း ဖြစ်သည်။ ပေကျင်းလေဆိပ် အဝင်ကောင်တာ၌ ခရီးသွားများသည် ဂျပန်နိုင်ငံသို့ ဝင်ရောက်ရန်လိုအပ်သော ပီစီအာရ်နည်းဖြင့် စစ်ဆေးထားသည့် စာရွက်စာတမ်းအထောက်အထားကို ပြသရန် လိုအပ်ကြောင်း သိရသည်။

တရုတ်နိုင်ငံအာဏာပိုင်များသည် ကိုဗစ်-၁၉ ကန့်သတ်ချက်များကို တရုတ်နိုင်ငံအတွင်း ဝင်ရောက်လာသူများအပေါ် ဖြေလျှော့ပေးရန် စဉ်းစားနေကြောင်း သိရသည်။ သို့သော်လည်း ကိုဗစ်-၁၉ ကင်းစင်ပပျောက်ရေးမူဝါဒ တစ်စိတ်တစ်အပိုင်းအဖြစ် နယ်စပ်ဖြတ်ကျော်သွားလာမှုအတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များ ချမှတ်ထားဆဲဖြစ်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

## ယခုနှစ်ကုန်တွင် ကမ္ဘာ့လူဦးရေ ရှစ်ဘီလီယံအထိရှိမည်ဟု ကုလသမဂ္ဂပြောကြား

**ဂျီနီဗာ ဇူလိုင် ၁၁**

ကမ္ဘာ့လူဦးရေသည် ယခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ရှစ်ဘီလီယံ (သန်း ၈၀၀၀) အထိ ရှိလာမည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားသည့် အစီရင်ခံစာ တစ်ရပ်ကို ဇူလိုင် ၁၁ ရက်တွင် ထုတ်ပြန်လိုက်ပြီး အဆိုပါ အစီ ရင်ခံစာအရ ၂၀၂၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် လူဦးရေ အများဆုံးနိုင်ငံအဖြစ် တရုတ်နိုင်ငံကို ကျော်တက်သွားမည်ဟု ခန့်မှန်းထားကြောင်း ဖော်ပြသည်။

ကမ္ဘာ့လူဦးရေမှတ်တိုင်သည် မိမိတို့၏ မတူကွဲပြားမှုကို ဂုဏ်ပြုရန်၊ မိမိတို့၏ တူညီသော လူသားဆန်မှုကို အသိအမှတ်ပြုရန်နှင့် မိခင်နှင့်ကလေးသေဆုံးမှုနှုန်းကို သိသိသာသာ လျှော့ချပေးသည့် ကျန်းမာရေးဆိုင်ရာ တိုးတက်မှုများပင်ဖြစ်ကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်ဇ်က ဆိုသည်။

သို့သော်လည်း ၁၉၅၀ ပြည့်နှစ်ကစ၍ ကမ္ဘာ့လူဦးရေသည် အနှေးကွေးဆုံးနှုန်းဖြင့် တိုးပွားလာနေကြောင်း ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးရာဌာနက ခန့်မှန်းထားသည်။ ကမ္ဘာ့လူဦးရေသည် ၂၀၃၀ ပြည့်နှစ်တွင် ၈ ဒသမ ၆ ဘီလီယံနှင့် ၂၀၅၀ ပြည့်နှစ်တွင် ၉ ဒသမ ၇ ဘီလီယံအထိရှိသင့်ပြီး ၂၁၀၀ ပြည့်နှစ်မတိုင်မီ ၂၀၈၀ ပြည့်လွန်နှစ်များအတွင်း လူပေါင်း ၁၀ ဒသမ ၄ဘီလီယံခန့်အထိ ရောက်ရှိသင့်ကြောင်း အဆိုပါထုတ်ပြန်ချက်က ဆိုသည်။

ဖွံ့ဖြိုးဆဲနိုင်ငံ အများအပြားတွင် မွေးဖွားနှုန်းကျဆင်းမှုကို သတိပြုမိသော်လည်း လာမည့်ဆယ်စုနှစ်များအတွင်း မြင့်တက်လာမည့် ကမ္ဘာ့လူဦးရေ ခန့်မှန်းချက်၏ ထက်ဝက်ကျော်သည် နိုင်ငံရှစ်နိုင်ငံ၌ စုစည်းနေမည်ဖြစ်ကြောင်း၊ အဆိုပါနိုင်ငံများမှာ ကွန်ဂိုဒီမို ကရက်တစ်သမ္မတနိုင်ငံ၊ အီဂျစ်၊ အီသီယိုးပီးယား၊ အိန္ဒိယ၊ နိုင်ဂျီးရီးယား၊ ပါကစ္စတန်၊ ဖိလစ်ပိုင်နှင့် တန်ဇန်းနီးယားနိုင်ငံတို့ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အေအက်ဖ်ပီ



## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

**အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၆၇၈ ဦး ထပ်မံတွေ့ရှိ**

- အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၆၇၈ ဦး ထပ်မံတွေ့ရှိကြောင်း ဇူလိုင် ၁၁ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ထို့ကြောင့် အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၄၃၆၃၉၃၂၉ ဦးအထိ ရှိလာပြီဖြစ်သည်။ ထို့အပြင် အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ ၂၆ ဦးရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါရောဂါဖြင့် သေဆုံးသူ စုစုပေါင်း ၅၂၅၄၅၄ ဦးအထိရှိလာပြီဖြစ်သည်။ ကျန်းမာရေးတာဝန်ရှိသူများသည် အိုမီခရွန်မျိုးကွဲဖြစ်သည့် BA.4 နှင့် BA.5 ဗီဇပြောင်းဗိုင်းရပ်စ်အသစ် ကူးစက်နိုင်ဖွယ်ရှိကြောင်း သတိပေးချက် ထုတ်ပြန်ထားသည်။

**ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၅၆၈ ဦး တွေ့ရှိ**

- ဗီယက်နမ်နိုင်ငံသည် ဇူလိုင် ၁၁ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၅၆၈ ဦး တွေ့ရှိပြီး ဇူလိုင် ၁၀ ရက်ကထက် ၁၀၃ ဦး တိုးလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၀၇၅၅၃၈၁ ဦးနှင့် အဆိုပါ ရောဂါကြောင့် သေဆုံးသူ ၄၃၀၈၉ ဦးရှိကြောင်း သိရသည်။ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် လူနာ ၉၇၇၁၀၂၂ ဦး (ရောဂါကူးစက်ခံရမှု၏ ၉၁ ရာခိုင်နှုန်းနီးပါး)သည် ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း သိရသည်။

## ပါကစ္စတန်၌ ရေအရင်းအမြစ်များဆုံးရှုံးမှုကြောင့် သရက်သီးထုတ်လုပ်မှုလျော့ကျ

**မီယာပူခက်စ် ဇူလိုင် ၁၁**

ရာသီဥတု ဖောက်ပြန်မှုဒဏ်ကို အခံရဆုံးနိုင်ငံတစ်ခုဟု သတ်မှတ်ခံထားရသည့် ပါကစ္စတန်ရှိ အချို့ဒေသများတွင် အပူချိန်မြင့်မားမှုနှင့် ရေပြတ်လပ်မှုများကြောင့် သရက်သီးထုတ်လုပ်မှု ၄၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း ပါကစ္စတန်သရက်သီးစိုက်တောင်သူများက ပြောသည်။

သို့သော်လည်း ယခုနှစ် မတ်လတွင် ပုံမှန်လများထက် အပူချိန် သိသိသာသာ မြင့်တက်လာပြီး အပူလှိုင်းကြောင့် စိုက်ခင်းများပျက်စီးကာ လယ်သမားများ မှီခိုနေရသည့် တူးမြောင်းများတွင် ရေများ လျော့နည်းသွားခဲ့သည်။

ပုံမှန်အားဖြင့် သရက်သီးတင်ယာဉ် ၂၄ စီးတိုက်စာလောက်ရပြီး ယခုနှစ်တွင် ၁၂ စီးစာသာရတော့သည်ဟု ဖာဇဲအီလာဟီက ပြောသည်။

ပါကစ္စတန်နိုင်ငံသည် ကမ္ဘာ့သရက်သီးတင်ပို့မှု၏ ထိပ်တန်းနိုင်ငံတစ်ခုဖြစ်ပြီး နိုင်ငံတောင်ပိုင်းဒေသများဖြစ်သည့် ပန်ဂျပ်နှင့် ဆင်းပြည်နယ်တို့မှ နှစ်စဉ်သရက်သီးတန်ချိန် နှစ်သန်းခန့် ထွက်ရှိသည်။

ယခုအချိန်အထိ အားလုံးကို မခူးဆွတ်ရသေးသော်လည်း ယခုနှစ်အတွက် သရက်သီးအထွက်နှုန်း ၂၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်း လျော့ကျလျက်ရှိကြောင်း ဆင်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အဆင့်မြင့် အရာရှိဖြစ်သူ ဂေါ်ရမ်ဘလော့က ဆိုသည်။ ပါကစ္စတန်သည် ကမ္ဘာပေါ်တွင် ရေနှင့်ပတ်သက်၍ ထိခိုက်ခံစားရမှုအများဆုံးနိုင်ငံများထဲမှ နိုင်ငံတစ်နိုင်ငံဖြစ်သည်။

မကြာသေးမီနှစ်များအတွင်း ရေကြီးမှု၊ မိုးခေါင်မှုနှင့် ဆိုင်ကလုန်းမုန်တိုင်းများကြောင့် လူထောင်ပေါင်းများစွာ သေဆုံးပြီး အိုးမဲ့အိမ်မဲ့ဖြစ်ကာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် အခြေခံ အဆောက်အအုံများစွာ ထိခိုက်ပျက်စီးခဲ့သည်။

ဆင်ဟွာ



ဆင်းပြည်နယ်ရှိ သရက်စိုက်တောင်သူတစ်ဦး သရက်သီးများသယ်ဆောင်လာသည်ကို တွေ့ရစဉ်။

# လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် ဇူလိုင် ၁၁**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဩရိဿတောင်ပိုင်းကမ်းခြေ - အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း (ဩရိဿတောင်ပိုင်းကမ်းလွန်)တွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း ပိုမို အားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေ သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ စစ်တွေမြို့တွင် ၅ ဒသမ ၉၉ လက်မ၊ ပေါက်တောမြို့တွင် ၅ ဒသမ ၇၅ လက်မ၊ မာန်အောင်မြို့တွင် ၅ ဒသမ ၅၁ လက်မ၊ ပုဏ္ဏားကျွန်းမြို့တွင် ၄ ဒသမ ၀၀ လက်မ၊ ဟုမ္မလင်းမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ သံတွဲမြို့တွင် ၃ ဒသမ ၆၂ လက်မ၊ ရေးမြို့တွင် ၃ ဒသမ ၅၉ လက်မ၊ ရမ်းဗြဲမြို့တွင် ၃ ဒသမ ၄၈ လက်မ၊ ကော့သောင်းမြို့တွင် ၃ ဒသမ ၄၃ လက်မ၊ ထားဝယ်မြို့တွင် ၃ ဒသမ ၂၇ လက်မနှင့်လောင်းလုံးမြို့တွင် ၃ ဒသမ ၁၁ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇူလိုင် ၁၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသားအကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၆၄ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၈၀၉၃ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ ဒေသခံပြည်သူ ၇၂၁၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၃၁၅၀၀ နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ဒေသခံပြည်သူ ၆၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၇၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၄၃၇၁၅ ဦး၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၈၅၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း နှစ်ယောက်တွဲအဖွဲ့လိုက် ပွဲစဉ်များယှဉ်ပြိုင်

**နေပြည်တော် ဇူလိုင် ၁၁**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်တို့ ပူးပေါင်းကာ ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီးပိုက်ကျော်ခြင်း ပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(C)ရုံ၌ ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းမှ စတင်၍ နှစ်ယောက်တွဲ အဖွဲ့လိုက် (အမျိုးသား) ပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ - တစ်ပွဲ၊ နေပြည်တော် ကောင်စီနယ်မြေအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရပြီး ရှမ်းပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲ - တစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ရခိုင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်း ဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီး အသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ် အနိုင်ရရှိသည်။

ဆက်လက်၍ နှစ်ယောက်တွဲ အဖွဲ့လိုက် (အမျိုးသမီး) ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ကချင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊




ဧရာဝတီတိုင်းဒေသကြီး အသင်းက စစ်ကိုင်းတိုင်းဒေသကြီး အသင်းကို နှစ်ပွဲ-တစ်ပွဲ ၊ ကရင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲ-တစ်ပွဲ၊ ပဲခူးတိုင်းဒေသကြီး အသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ် အသင်းကို နှစ်ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီး အသင်းက နေပြည်တော်ကောင်စီနယ်မြေ အသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ နှစ်ယောက်တွဲအဖွဲ့လိုက် (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ ပွဲစဉ်များကို ဇူလိုင် ၁၂ ရက်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(C) ရုံတွင် နံနက် ၈ နာရီမှစတင်၍ ဆက်လက်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**

● *ကျော်ဖုံးမှ*

အုပ်စုစတုတ္ထနေ့တွင် မြန်မာအသင်းက လာအိုအသင်းကို သုံးဂိုး-တစ်ဂိုး၊ ဗီယက်နမ်အသင်းက တီမောအသင်းကို ခြောက်ဂိုးပြတ်တို့ဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရန် လိုအပ်နေသည့် အနိုင်သုံးမှတ်ကို အမှားအယွင်းမရှိရယူကာ လက်ကျန်တစ်ပွဲအလိုတွင် စောစီးစွာ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးအသင်း နည်းပြချုပ် ဒေါ်သက်သက်ဝင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး ဒဏ်ရာကြောင့် ကာလအတန်ကြာ အနားယူနေရသည့် တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းနှင့် စန်းသော်သော်ကို ပွဲထွက်လူစာရင်းတွင် ပထမဆုံးအကြိမ် အသုံးပြုခဲ့ကာ ခင်မာလာထွန်း၊ ဇူးလတ်နဒီ (ဂိုး)၊ အေးအေးမိုး၊ ခင်သန်းဝေ၊ ဇွန်ယုယဦး၊ မြတ်နိုးခင်၊ နန်းဇူးဇူးထက်၊ ပုံ့ပုံ့ပြည့်မောင်၊ ဂျူလိုင်ကျော်တို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း လာအိုအသင်းက ခံစစ်ကို စနစ်တကျပြင်ဆင်ကစားခဲ့သဖြင့် ပထမပိုင်းတွင် တစ်ဂိုးသာ သွင်းယူနိုင်ခဲ့သည်။ ၃၉ မိနစ်တွင် လာအိုအသင်း ကိုယ့်ဂိုးကိုယ် သွင်းယူမိခဲ့သဖြင့် မြန်မာအသင်း အဖွင့်ဂိုးစတင်ရရှိခဲ့ပြီး ပထမပိုင်းအပြီးတွင် တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရနေသည်။ မြန်မာအသင်းသည် ဒုတိယပိုင်းအစတွင် ဂိုးထပ်ရခဲ့ပြီး အသင်းခေါင်းဆောင် ခင်မာလာထွန်းက သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ပိုဖိကစားနိုင်ခဲ့ပြီး ၆၃ မိနစ်တွင် ဂျူလိုင်ကျော်က တတိယဂိုး သွင်းယူခဲ့သည်။ ၆၅ မိနစ်တွင် လာအိုအသင်း ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သော်လည်း မြန်မာအသင်းက ပွဲပြီးသည်အထိ အနိုင်ရလဒ်ကို ထိန်းကစားခဲ့သည်။

ယခုပွဲအပြီးတွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းသည် သုံးပွဲကစား သုံးပွဲနိုင် ရမှတ်ကိုးမှတ်စီဖြင့် ဆီမီးဖိုင်နယ် တက်ရောက်သွားပြီဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဇူလိုင် ၁၃ ရက်တွင် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်ပြီး အုပ်စုပထမနေရာအတွက် အဆုံးအဖြတ်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ကိုညီလေး**

# ဝန်ကြီးဌာနပေါင်းစုံဘော်လီဘောပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဇူလိုင် ၁၁**

၂၀၂၂ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရုံ၌ ယနေ့နံနက်က ကျင်းပလျက်ရှိရာ (အမျိုးသမီး)ပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ (အမျိုးသား) ပြိုင်ပွဲတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

အဆိုပါ ပြိုင်ပွဲကို ဇူလိုင် ၁၈ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (B)ရုံ၌ နေ့စဉ်နံနက် ၈ နာရီမှစတင်၍ ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**

## SARS-CoV-2 Variant Omicron (အိုမီခရွန်) မျိုးရိုးဗီဇပြောင်းရောဂါပိုး ထပ်မံတွေ့ရှိရမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း

(၁၁-၇-၂၀၂၂)ရက်နေ့

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် " ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း" များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ နိုင်ငံတကာ ပုံမှန်လေကြောင်းခရီးစဉ် (Commercial Flight)နှင့် ကယ်ဆယ်ရေးလေယာဉ် (Relief Flight) များဖြင့်လည်းကောင်း၊ နယ်စပ်ဝင်ထွက်ဂိတ်များမှတစ်ဆင့်လည်းကောင်း ဝင်ရောက်လာသူများထံမှ ဓာတ်ခွဲနမူနာရယူ၍ ဓာတ်ခွဲစစ်ဆေးလျက်ရှိပြီး Omicron (အိုမီခရွန်) အပါအဝင် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုးတွေ့ရှိမှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူများ၏ ဓာတ်ခွဲနမူနာများအနက် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်း ရောဂါပိုးတွေ့ရှိနိုင်သည့် သံသယဖြစ်ဖွယ် ဓာတ်ခွဲနမူနာ (၁၆)ခုအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇစစ်ဆေးခြင်းကို ဆေးသုတေသနဦးစီးဌာန (Department of Medical Research) တွင် (၃၀-၆-၂၀၂၂)ရက်နေ့က ဆောင်ရွက်ခဲ့ရာ SARS-CoV-2 Variant Omicron (အိုမီခရွန်) မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4 ကို ဓာတ်ခွဲနမူနာ (၁)ခုတွင်လည်းကောင်း၊ BA.5 ကို ဓာတ်ခွဲနမူနာ (၅)ခုတွင်လည်းကောင်း တွေ့ရှိရပါသည်။

၃။ Omicron (အိုမီခရွန်) မျိုးရိုးဗီဇပြောင်းရောဂါပိုး BA.4 နှင့် BA.5 တွေ့ရှိသူများအားလုံးသည် ပြည်ပမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများဖြစ်ပါသည်။ ၎င်းတို့အား ကိုဗစ်-၁၉ ရောဂါပိုး ဓာတ်ခွဲအတည်ပြုခဲ့စဉ်ကပင် သတ်မှတ်ရက်အတိုင်း သီးခြားထားရှိ ကုသမှုပေးခဲ့ပြီး ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပါသည်။

၄။ နိုင်ငံတကာလေ့လာတွေ့ရှိချက်များအရ Omicron (အိုမီခရွန်) မျိုးရိုးဗီဇပြောင်း ရောဂါပိုးများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးသူများတွင် ရောဂါလက္ခဏာပြင်းထန်မှုနှင့် သေဆုံးမှုတို့ လျော့နည်းကြောင်း တွေ့ရှိရပါသည်။

၅။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများအား ပိုမိုအရှိန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဇူလိုင် ၁၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅ ဦး တွေ့ရှိ

### ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၂၆ ရာခိုင်နှုန်းရှိ

(၁၁-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၀-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၇၁၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၄၂၆,၃၄၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၇၅၁) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၆၅၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁၁-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၀၂) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၈၂) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၂၇) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၂၆) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၀၈၁) ခု | (၉) ဦး |
| စုစုပေါင်း | (၅,၇၁၉) ခု | (၁၅) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## လဟယ်မြို့တွင် သွေးလွန်တုပ်ကွေးရောဂါ နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်

**လဟယ် ဇူလိုင် ၁၁**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ဖုံး၊ သွန်၊ လဲ စနစ်ဖြင့် မြို့နယ်ကျန်းမာရေးဌာန၏ ဦးဆောင်မှုဖြင့် မြို့ပေါ်ရပ်ကွက်များ၊ ရေသုံးကန်များတွင် မိုးရာသီရောက်ရှိလာသောကြောင့် ပိုးလောက်လမ်းများမှ ဖြစ်ပေါ်တတ်သော ဝမ်းပျက်၊ ဝမ်းလျှောရောဂါများ မဖြစ်ပေါ်စေရန်ရည်ရွယ်၍ အိမ်တိုင်းရှိ သောက်သုံးရေကန်များတွင် ကာကွယ်ဆေးများထည့်ခြင်းလုပ်ငန်းကို ယမန်နေ့နံနက် ၉ နာရီက မြို့ပေါ်ရပ်ကွက်(၄)ရပ်ကွက်တွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးဌာနမှ ဆရာမများ၊ ရပ်ကွက်(၄)ရပ်ကွက်မှအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ လိုက်ပါဆောင်ရွက်ကြောင်း သိရသည်။

**ယွန်း**

မျိုးရိုးဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုး အိုမီခရွန်နှင့် ၎င်း၏မျိုးစိတ်အသစ်များကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းဖြင့်သာ ထိရောက်စွာ ကာကွယ်နိုင်သောကြောင့် မိဘပြည်သူများအနေဖြင့် သက်ဆိုင်ရာ ကျန်းမာရေးဌာနများတွင် ထပ်ဆောင်း ကာကွယ်ဆေးကို မပျက်မကွက် ထိုးနှံမှုခံယူရန် တိုက်တွန်းအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# မေခ – မလိခမြစ်ဆုံဒေသ ဆောင်းခိုငှက်တို့ ပျော်စံရာ ပိတောင် တောရိုင်း တိရစ္ဆာန်ဘေးမဲ့တော

သိန်းညွန့်(PZL)

**နို့တိုက်သတ္တဝါများဖြစ်ကြသော ပြောင်၊ စိုင်၊ ဒရယ်၊ ဆတ်၊ မျောက်လွှဲကျော် အစရှိသော နို့တိုက်သတ္တဝါ ၂၈ မျိုး နေထိုင်ကျက်စားသလို စပါးကြီး၊ စပါးအုံး၊ တောင်လိပ် ကဲ့သို့သော တွားသွားသတ္တဝါ ၂၅ မျိုးကိုလည်း ဤဘေးမဲ့တော၌ တွေ့ကြရသည်။ ထို့ပြင် ငှက်မျိုးစိတ်ပေါင်း ၁၇၃ မျိုးရှိကြောင်းလည်း သိမှတ်ရ**



**မြစ်ဆုံ** ဒေသဟု ဆိုလိုက်ပါလျှင် မြန်မာနိုင်ငံမြောက်ပိုင်း မြစ်ကြီးနားမြို့နယ်ရှိ မေခ–မလိခကို ပြေးမြင်မိကြမည် ဖြစ်ပါသည်။ ယင်းဒေသ ဝန်းကျင်တွင် စိမ့်စမ်းရေတံခွန်၊ ရေတိမ်ဒေသ ငှက်မျိုးစိတ်နှင့် ဆောင်းခိုငှက်တို့ဘဝအကြောင်းကို တစေ့တစောင်း လေ့လာစေ့ငုလိုပါက "ပိတောင်တောရိုင်း တိရစ္ဆာန်ဘေးမဲ့တော" ကိုပင် ညွှန်းဆိုပါလိမ့်မည်။ ဤဒေသသည်ကား တောင်ကုန်းတောင်စွယ် အနိမ့် အမြင့်နှင့် ချိုင့်ဝှမ်းများရှိပြီး ရေဝတီမြစ်ရိုးတစ်လျှောက် ခြုံလွှမ်းထားသော အလွန်ပြန့်ပြူးသည့် လွင်ပြင်များနှင့် ဆက်စပ်ထားသည်။

## ရှင်သန်ပေါက်ရောက်

ဘေးမဲ့တောအတွင်း ဖြန့်ကြက်လေ့လာလိုက်ပါက စကားဝါ၊ သင်ကန်း၊ ကညင်၊ ကံ့ကော်၊ ယမနေ အစရှိသည့် သစ်မျိုးစိတ်ပေါင်း ၁၀၀ ကျော် ပေါက်ရောက်နေကြောင်း တွေ့မြင်နိုင်ကြသည်။ ထို့မျှမက လှပသောသစ်ခွမျိုးစိတ် ၂၃ မျိုးနှင့် ပရဆေးပင် ၆၅ မျိုးလည်း ရှင်သန်ပေါက်ရောက် နေပေသည်။

ဧရိယာစတုရန်းမိုင် ၄၇ ဒသမ ၁၃၆ ရှိပြီး မြက်ခင်းလွင်ပြင်၊ အမြဲစိမ်းသစ်တောများဖြင့် တန်ဆာဆင်ထားသော ပိတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို တောရိုင်းတိရစ္ဆာန်များနှင့် ၎င်းတို့၏ စားကျက်နယ်မြေများကို အကာအကွယ်ပေးနိုင်ရေး၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ သိပ္ပံသုတေသနလုပ်ငန်းများ ဖော်ဆောင်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးစည်ပင်တိုးတက်ရေးတို့အတွက် ရည်ရွယ်ကာ သစ်တောဦးစီးဌာနက လွန်ခဲ့သော ၁၉၂၇ ခုနှစ်ကတည်းက ဘေးမဲ့တောအဖြစ် သတ်မှတ်ထားခဲ့ခြင်းဖြစ်သည်။

နို့တိုက်သတ္တဝါများဖြစ်ကြသော ပြောင်၊ စိုင်၊ ဒရယ်၊ ဆတ်၊ မျောက်လွှဲကျော် အစရှိသော နို့တိုက်သတ္တဝါ ၂၈ မျိုး နေထိုင်ကျက်စားသလို စပါးကြီး၊ စပါးအုံး၊ တောင်လိပ် ကဲ့သို့သော တွားသွားသတ္တဝါ ၂၅ မျိုးကိုလည်း ဤဘေးမဲ့တော၌ တွေ့ကြရသည်။ ထို့ပြင် ငှက်မျိုးစိတ်ပေါင်း ၁၇၃ မျိုးရှိကြောင်းလည်း သိမှတ်ရသည်။

## မျောက်လွှဲကျော်

ယင်းတို့အနက် ယခင်ကာလက ဟူးလေ့မျောက်လွှဲကျော်ဟု အခေါ်ရှိခဲ့ပြီး ယခုအခါ အရှေ့ပိုင်း မျက်ခုံးဖြူမျောက်လွှဲကျော်များဟု အမည်နာမ ရသည့် မျောက်မျိုးစိတ်များ ပျော်စံကြရာ ဘေးမဲ့တောအဖြစ်လည်း ဖြစ်တည်လျက်ရှိသည်။ အဆိုပါမျောက်လွှဲကျော်တို့သည် အမြီး ဟူ၍မရှိဘဲ ဦးခေါင်းနှင့် ခန္ဓာကိုယ်ပိုင်း သည် အရှည် ၄၅ ပေမှ ၆၄ စင်တီမီတာ အထိ ရှိတတ်ကြ သည်။

မျောက်လွှဲကျော် အထီးတို့သည် ခန္ဓာကိုယ် တစ်ခုလုံးမှာ အမည်းရောင် လွှမ်းခြုံထားပြီး မျက်ခုံးသည် အဖြူရောင်ရှိသည်။ အမများ ကမူ ထူးခြားစွာ ကိုယ်ခန္ဓာ ရွှေဝါရောင်လွှမ်းကာ အချို့မှာမူ နီညိုရောင်အသွေးရှိသည်။ မျက်ခုံးအဖြူရောင်သည်ကား ခန္ဓာကိုယ်အရောင်နှင့် သိသာစွာ ကွဲပြားမှုမရှိပေ။

မြက်နု၊ သစ်ဖူး၊ သစ်ညွန့်နှင့် အချို့သစ်သီးများကို စားသုံးလေ့ရှိပြီး ဦးခေါင်းနှင့် ခန္ဓာကိုယ်အရှည် ၁၄၀ နှင့် ၁၅၀ စင်တီမီတာကြားရှိကြသော ဒရယ်များကိုလည်း အဆိုပါဘေးမဲ့တောအတွင်း တွေ့ရှိရသည်။ ၎င်းတို့၏အမြီးပိုင်းမှာ ၁၇ စင်တီမီတာနှင့် ၂၁ စင်တီမီတာကြား ရှိကြပြီး ထူးခြားချက်အနေဖြင့် နွေရာသီကာလအတွင်း အညိုရောင်ဖြစ်နေကာ မိုးရာသီ၌မူ မွဲပြာရောင်အဆင်းဖြင့် တွေ့ရတတ်သည်။

## အပန်းဖြေခရီး

ဤဘေးမဲ့တောမှသည် ရီတောင်ခူးတောင်တန်း၏ ရှုခင်းပသာဒ အလှတရားနှင့် လက်ထုတ်နှင့် သောင်းခြေရေတံခွန်တို့သို့ အပန်းဖြေခရီးဖြင့် ရှုကြည့်ခံစားနိုင်ကြသည်။ ထိုမှတစ်လီ နာမည်ကျော် မေခ–မလိခ မြစ်ဆုံဒေသတစ်ဝိုက်နှင့် ဧရာဝတီမြစ်ရိုးတစ်လျှောက် ဆောင်းခိုငှက်များကို လေ့လာနိုင်ရုံ သာမက မလိခအင်းမှ ခေါ်ဆက်အင်းသို့ သွားရောက်ပြီး ရေတိမ်ဒေသငှက်မျိုးစိတ်များကိုလည်း လေ့လာနိုင်ကြမည်ဖြစ်သည်။

ထို့အပြင် ဤဘေးမဲ့တောအတွင်း ငှက်မျိုးစိတ်များဖြစ်သော အောက်ချင်း၊ အောင်လောင်၊ နဖားကြူး အမြီးဝိုင်းငှက်မျိုးစိတ်တို့ကိုလည်း တွေ့ရှိရသည်။

သို့ပင်ငြား ပိတောင်ဘေးမဲ့တောသည် နယ်မြေအခြေအနေအရ နယ်မြေဒေသတစ်ခုလုံးကို စေ့စပ်စွာ လှည့်ပတ်ထိန်းသိမ်းနိုင်ရန် ခက်ခဲနေဆဲဖြစ်သည်။ လူသားနှင့်သဘာဝ သဟဇာတဖြစ်ဖြစ် မျှတစွာ အတူယှဉ်တွဲရှင်သန်နိုင်ရေး ကြားခံနယ်မြေနှင့် ဖွံ့ဖြိုးရေးစသည်တို့ကို ဖော်ထုတ်သတ်မှတ်ရန် စီစဉ်ထားရှိသည်ဆို၏။

အချုပ်ဆိုရပါသော် ကချင်ပြည်နယ်၏ အလှတန်ဆောင် ပိတောင်ဘေးမဲ့တောနယ်မြေတွင် ရှားပါးတောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ဂေဟစနစ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိစေရေး အလေးပေးဆောင်ရွက်သွားမည်ဖြစ်ရာ ဒေသခံတိုင်းရင်းသားများ၏ အလုပ်အကိုင်ရရှိရေးနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းစခန်းများ တည်ဆောက်ဖော်ဆောင်သွားရန် သစ်တောဦးစီးဌာနက စနစ်တကျစီမံချက်များ ချမှတ်ထားပါကြောင်း သတင်းစကားပါးလိုက်ရပါသတည်း။ ။



---

# ပေါ်တူဂီနိုင်ငံ၌ အပူလှိုင်းကျရောက်ပြီးနောက် တောမီးများအကြီးအကျယ်လောင်ကျွမ်းနေ

မြန်လင်းမောင်

**ပေါ်တူဂီ နိုင်ငံ** အလယ်ပိုင်းနှင့် မြောက်ပိုင်းတွင် ပြင်းထန်သော အပူလှိုင်းကျရောက်ပြီးနောက် ဇူလိုင် ၁၀ ရက်အထိ နေရာအနှံ့အပြားတွင် တောမီးလောင်မှုများကြောင့် မီးသတ်သမား ၁၅၀၀၀ တို့က လိုက်လံမီးငြိမ်းသတ်နေရပြီးနောက် အစိုးရက အရေးပေါ်အခြေအနေတစ်ရပ်ကို ထုတ်ပြန်ကြေညာလိုက်သည်။

ဇူလိုင် ၈ ရက်နှင့် ၉ ရက်တို့တွင် မီးလောင်မှုအကြိမ်ရေ ၂၅၀ နီးပါးဖြစ်ပွားခဲ့ပြီး အနည်းဆုံးနေအိမ် နှစ်လုံးထက်မနည်း မီးလောင်ပျက်စီးသွားသည်။

ပေါ်တူဂီနိုင်ငံတွင် ပြင်းထန်သော အပူလှိုင်းတစ်ခုဖြစ်ပွားပြီးနောက် ယခုသီတင်းပတ်တွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ ဖာရင်ဟိုက်) ကျော်အထိ မြင့်တက်လာပြီး လာမည့်ရက်များအတွင်း ပိုမိုမြင့်တက်လာဖွယ်ရှိနေသည်။ ပေါ်တူဂီအစိုးရသည် ဇူလိုင် ၁၀ ရက်တွင် မီးလောင်မှုနှင့် ပတ်သက်သည့် အရေးပေါ်အခြေအနေတစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ အော်ရမ်၊ ပွန်ဘယ်နှင့် ကာရာဇီဒါ ဒီ အန်းဇီးယစ်မြို့နယ်များတွင် မီးသတ်သမား ၁၅၀၀ ခန့်သည် တောမီးများအား ငြိမ်းသတ်နေရကြောင်း ပြည်သူ့ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

တောမီးလောင်ကျွမ်းမှုကြောင့် စိုက်ပျိုးမြေဟက်တာ ၃၇၀၀ ခန့် (ဧက ၃၇၀၀) ခန့် ပျက်စီးသွားပြီး နောက် စစ်သား ၇၀၀ ကျော်ကို စေလွှတ်လိုက်ကြောင်း ပြည်သူ့ကာကွယ်ရေးအေဂျင်စီက ဆိုသည်။

မီးလောင်မှုကြောင့် မီးသတ်သမား ၁၂ ဦးခန့်နှင့် အရပ်သား ၂၀ ခန့် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြပြီး အများစုမှာ အသက်ရှူကျပ်ခြင်းနှင့် ပင်ပန်းနွမ်းနယ်မှုတို့ကြောင့် အခင်းဖြစ်နေရာတွင် ကုသမှုခံယူခဲ့ရသည်။

"မိုးလေဝသအခြေအနေကတော့ မကြုံစဖူး ဆိုးရွားတဲ့အခြေအနေနဲ့ ရင်ဆိုင်နေရပါတယ်" ဟု ပြည်သူ့ကာကွယ်ရေးတပ်မှူး အန်ဒီရီ ဖာနန်ဒက်က ဆိုသည်။

ပေါ်တူဂီနိုင်ငံသည် ယခုနှစ်တွင် ဆိုးရွားသော ရာသီဥတုကို ရင်ဆိုင်နေရပြီး ဇွန်လအတွင်း နိုင်ငံအတွင်းရှိ နယ်မြေဒေသများ၏ ၂၈ ရာခိုင်နှုန်းခန့်တွင် ပြင်းထန်သောမိုးခေါင်မှုကို ခံစားခဲ့ရသည်။ ဇွန်လအတွင်း ဥရောပတောင်ပိုင်းနိုင်ငံများ၏ ဧရိယာ ၉၆ ရာခိုင်နှုန်းခန့်တွင် အလွန်အမင်း ပြင်းထန်သော မိုးခေါင်မှုဒဏ်ကို ခံစားနေကြရသည်။

ပေါ်တူဂီနိုင်ငံတွင် တောမီးလောင်မှုများ မကြာခဏဖြစ်ပွားခဲ့ပြီး ၂၀၁၇ ခုနှစ်အတွင်း ထိန်းမနိုင်သိမ်းမရဖြစ်သည်အထိ တောမီးလောင်ကျွမ်းမှုများကြောင့် လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့သည်။

# မိုးခေါင်ခြင်းသည် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုကို ခြိမ်းခြောက်နေ

**ကမ္ဘာ** ပေါ်ရှိ နိုင်ငံ၊ ဒေသများ၌ တစ်ချိန်တည်းတွင် ဖြစ်ပေါ်နေသည့် မိုးခေါင်ရေရှားမှုသည် ကမ္ဘာ့စိုက်ပျိုးရေးစနစ်များအပေါ် မကြုံစဖူး ပြင်းထန်သည့် ထိခိုက်မှုများ ဖြစ်စေလျက်ရှိပြီး သန်းနှင့်ချီသော လူဦးရေ၏ သောက်သုံးရေနှင့် စားနပ်ရိက္ခာလုံခြုံမှုကို ခြိမ်းခြောက်စေလျက်ရှိသည်။

**သီဟစည်သူ**

> **သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များဖြစ်သည့် မိုးများခြင်း၊ ရေကြီးခြင်းနှင့် မိုးခေါင်ခြင်းကြောင့် ပူပြင်းခြောက်သွေ့ခြင်းများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများကို အဓိကထိခိုက်စေနိုင်ပြီး စားနပ်ရိက္ခာရှားပါးလာနိုင်သည့် အကြောင်းအရင်းများပင်**

မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ အချက်အလက်များအရ မိုးခေါင်ခြင်း (Drought)ကို ပြည်နယ်နှင့် တိုင်းဒေသကြီး (သို့မဟုတ်) မြို့နယ်တစ်ခုခုအား မိုးခေါင်ခြင်းဖြစ်စဉ်ကို နှစ်ပေါင်း ၃၀ ပျမ်းမျှ မိုးရေချိန်ပမာဏထက် ၂၀ ရာခိုင်နှုန်း မိုးလျော့နည်းမှုသည် ခုနစ်ရက်ထက်ပိုပါက မိုးခေါင်ခြင်းဟု သတ်မှတ်ပြီး အဆိုပါ မိုးခေါင်ခြင်းကို သာမန်မိုးခေါင်ခြင်း(Minor Drought) ဟု သတ်မှတ်ကြောင်း၊ နှစ်ပေါင်း ၃၀ ပျမ်းမျှ မိုးရေချိန်ပမာဏထက် ၅၀ ရာခိုင်နှုန်းနှင့် အထက်လျော့နည်းမှု ၁၅ ရက်ထက် ပိုပါက အဓိက မိုးခေါင်ခြင်း (Major Drought) ဟု သတ်မှတ်ကြောင်း သိရသည်။

မိုးခေါင်မှုသည် ပတ်ဝန်းကျင်အပေါ် သိသာသော အကျိုးသက်ရောက်မှုရှိပြီး စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ ထုတ်လုပ်မှု၊ သောက်သုံးရေ ရရှိရေး၊ ကျန်းမာရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ စက်မှုလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ ဖြစ်ပေါ်စေသည်။ မိုးခေါင်မှုနှင့်ဆက်စပ်၍ စိုက်ပျိုးရေး ထုတ်လုပ်မှု လျော့ကျခြင်း၊ အာဟာရပြတ်တောက်မှု ပြဿနာများ၊ ရေဓာတ်ခန်းခြောက်ခြင်းနှင့် ဆက်စပ်သော ရောဂါများဖြစ်ပွားခြင်း၊ စားနပ်ရိက္ခာ အကျပ်အတည်းဖြစ်ပေါ်စေခြင်း၊ မိုးခေါင်မှုမှ လွတ်မြောက်ရန် အစုလိုက်အပြုံလိုက် ရွှေ့ပြောင်းရခြင်း၊ မိုးခေါင်သည့်ဒေသအတွင်းရှိ ဇီဝမျိုးစုံမျိုးစိတ်များ၏ နေရင်းဒေသများထိခိုက်ပျက်စီးခြင်း၊ သဲကန္တာရဖြစ်ထွန်းခြင်းနှင့် သဲမုန်တိုင်းများ တိုက်ခတ်ခြင်းနှင့် စားနပ်ရိက္ခာနှင့် ရေကြောင့် ဖြစ်ပွားသော ပဋိပက္ခစစ်ပွဲများအထိ ဖြစ်ပေါ်လာစေနိုင်ကြောင်း သိရသည်။

**ကိုးဆခန့် တိုးလာနိုင်**

သဘာဝရာသီဥတု ပြောင်းလဲမှုဆိုင်ရာ လေ့လာရေးအဖွဲ့၏ ရာသီဥတု၊ စိုက်ပျိုးရေးနှင့် လူဦးရေဆိုင်ရာ အချက်အလက်များကို လေ့လာမှုများအရ ရုပ်ကြွင်းလောင်စာဆီအပေါ် ဆက်လက်မှီခိုနေရမှု၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများနှင့် ဆက်စပ်ဖြစ်ပေါ်လာမည့်မိုးခေါင်မှုဖြစ်နိုင်ခြေသည် ၂၁ ရာစု အလယ်ပိုင်းတွင် ၄၀ ရာခိုင်နှုန်းနှင့် ၂၁ ရာစုနှောင်းပိုင်းတွင် ၆၀ ရာခိုင်နှုန်းအထိ တိုးလာမည်ဖြစ်ကြောင်း သိရသည်။ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရန် ခြေလှမ်းများ မလုပ်ဆောင်ပါက ပြင်းထန်သော မိုးခေါင် ရေရှားမှုဒဏ်ကို ထိခိုက်ခံစားရမည့် ပမာဏမှာ ယခုထက် ကိုးဆခန့် တိုးလာနိုင်သည်ဟု သုတေသီများက ဆိုသည်။

၂၁ ရာစုနှစ်အကုန်အထိ နှစ်စဉ် ကမ္ဘာတစ်ဝန်းရှိ လူဦးရေ သန်း ၁၂၀ ခန့်သည် ပြင်းထန်သော မိုးခေါင်ရေရှားမှုများ တစ်ပြိုင်နက်တည်း ကြုံတွေ့ရနိုင်ကြောင်း သဘာဝရာသီဥတုပြောင်းလဲမှုဆိုင်ရာ လေ့လာရေးအဖွဲ့ ဦးဆောင်သူ ဝါရှင်တန်တက္ကသိုလ်မှ ဘွဲ့လွန်ပါရဂူဘောင်း ဂျီတန်ဒရာဆင်းက ဆိုသည်။ ၎င်းတို့၏ လေ့လာမှုများအရ မိုးခေါင်မှုအန္တရာယ်မြင့်မားခြင်းသည် အယ်လ်နီညိုနှင့် လာနီညာဖြစ်စဉ်များ၏ အကြိမ်ရေ ၂၂ ရာခိုင်နှုန်း တိုးလာခြင်းနှင့်အတူ ပူနွေးလာသောရာသီဥတု၏ နောက်ဆက်တွဲ အကျိုးဆက်များကြောင့် ဖြစ်ကြောင်း တွေ့ရှိခဲ့သည်။ ဥပမာအားဖြင့် – ၁၈၇၆ ခုနှစ်မှ ၁၈၇၈ ခုနှစ်အတွင်း အာရှဒေသ၊ ဘရာဇီးနှင့် အာဖရိကတို့တွင် တစ်ပြိုင်နက်တည်းဖြစ်ပွားခဲ့သော အယ်လ်နီညို မိုးခေါင်ရေရှားမှုများကြောင့် စိုက်ပျိုးရေး ထွက်ကုန်များ ပြတ်တောက်သွားခဲ့ပြီးနောက် အငတ်ဘေးဆိုက်ရောက်ကာ လူသန်းပေါင်း ၅၀ ကျော် သေဆုံးခဲ့ဖူးသည်။

သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များဖြစ်သည့် မိုးများခြင်း၊ ရေကြီးခြင်းနှင့် မိုးခေါင်ခြင်းကြောင့် ပူပြင်းခြောက်သွေ့ခြင်းများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေး ကဏ္ဍများကို အဓိကထိခိုက်စေနိုင်ပြီး စားနပ်ရိက္ခာ ရှားပါးလာနိုင်သည့် အကြောင်းအရင်းများပင် ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော် စာရင်းများအရ အရှေ့တောင်အာရှဒေသရှိ လူဦးရေ ၆၆ ရာခိုင်နှုန်းခန့်သည် မိုးခေါင်ရေရှားဒဏ်ကို ခံစားနေရပြီး ဘေးသင့်လူဦးရေ စုစုပေါင်း၏ ၁၇ ရာခိုင်နှုန်း ခန့်ရှိကြောင်း၊ မိုးခေါင်ရေရှားမှု ညွှန်းကိန်း တစ်ရာခိုင်နှုန်း တိုးလာတိုင်း အာဆီယံ(၁၀) နိုင်ငံ၏ ဂျီဒီပီ ၀ ဒသမ ၆ ရာခိုင်နှုန်း လျော့ကျစေနိုင်ကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ အပူပိုင်းဇုန်(Dry Zone)သည် ၆၇၇၀၀ စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး စုစုပေါင်း နိုင်ငံ့ဧရိယာ၏ ၁၀ ရာခိုင်နှုန်းခန့် ပါဝင်နေသည်။ ယင်းအနက် စိုက်ပျိုးနိုင်သောမြေ၏ ၃၅ ရာခိုင်နှုန်းခန့်ရှိကြောင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ အချက်အလက်များအရ သိရသည်။ မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်များတွင် အယ်လ်နီညို ကျရောက်မှုကြောင့် အပူပြင်းဆုံးနှစ်များဖြစ်ခဲ့ပြီး အပူပိုင်းဒေသများဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်သာမက အခြားသော မြစ်ဝကျွန်းပေါ်ဒေသများတွင်ပါ ရေရှားပါးမှုပြဿနာများကို ရင်ဆိုင်ခဲ့ရသည်။

ယခုလက်ရှိတွင်လည်း ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်အဖြစ် ယခုအခါ နိုင်ငံတော်တော်များများတွင် မိုးခေါင် ရေရှားမှုနှင့် ဆက်စပ်သည့် သောက်သုံးရေနှင့် စားနပ်ရိက္ခာပြတ်တောက်မှုများကို ရင်ဆိုင်နေရသည်။

**အာဖရိကဦးချိုဒေသ နိုင်ငံများ**


အာဖရိကဦးချိုဒေသ နိုင်ငံများဖြစ်သည့် ကင်ညာ၊ အီသီယိုပီးယားနှင့် ဆိုမာလီယာနိုင်ငံတို့အတွင်း ဆိုးရွားလှသည့် မိုးခေါင်ရေရှားမှု ပြဿနာများကြောင့် ကျွဲ၊ နွား၊ တိရစ္ဆာန်အကောင်ရေ အနည်းဆုံး ခုနစ်သန်းခန့် သေဆုံးသွားပြီဖြစ်ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးက ထုတ်ပြန်ထားသည်။ လက်ရှိ၌ပင် အာဖရိကဦးချိုဒေသ သုံးနိုင်ငံအတွင်းရှိ ကလေးငယ် ၇ ဒသမ ၁ သန်းကျော် ပြင်းထန်သည့် အာဟာရချို့တဲ့မှုဒဏ်ကို ခံစားနေရပြီး ယင်းအနက် နှစ်သန်းခန့်မှာ အဆိုးရွားဆုံး အခြေအနေသို့ပင် ဆိုက်ရောက်နေသည်။

> **ကင်ညာ၊ ဆိုမာလီယာနှင့် အီသီယိုပီးယားနိုင်ငံများ၌ နှစ်ပေါင်း ၄၀ အတွင်း မကြုံစဖူး မိုးခေါင်သည့် အခြေအနေ၏ အကျိုးဆက်ကြောင့် လူဦးရေ ၁၈ ဒသမ ၆ သန်းခန့်မှာလည်း စားနပ်ရိက္ခာ အကျပ်အတည်းနှင့် သောက်သုံးရေ မဖူလုံသည့် ပြဿနာများကို အဆိုးရွားဆုံးခံစားနေရ**

ကင်ညာ၊ ဆိုမာလီယာနှင့် အီသီယိုပီးယားနိုင်ငံများ၌ နှစ်ပေါင်း ၄၀ အတွင်း မကြုံစဖူး မိုးခေါင်သည့် အခြေအနေ၏ အကျိုးဆက်ကြောင့် လူဦးရေ ၁၈ ဒသမ ၆ သန်းခန့်မှာလည်း စားနပ်ရိက္ခာ အကျပ်အတည်းနှင့် သောက်သုံးရေ မဖူလုံသည့် ပြဿနာများကို အဆိုးရွားဆုံးခံစားနေရပြီး လာမည့်စက်တင်ဘာလအတွင်း သန်း ၂၀ ကျော်လာဖွယ်ရှိကြောင်း ကုလသမဂ္ဂအဖွဲ့အစည်းများက ခန့်မှန်းထားသည်။ သောက်သုံးရေ အခြေအနေမှာလည်း ယုတ်စွအဆုံး ထမင်းချက်ရန်ပင် လုံလောက်မှု မရှိသည့် လူဦးရေ ၁၁ ဒသမ ၆ သန်းရှိပြီး အီသီယိုပီးယားတွင် ၄ ဒသမ ၄ သန်း၊ ဆိုမာလီယာတွင် ၃ ဒသမ ၉ သန်းနှင့် ကင်ညာနိုင်ငံတွင် ၃ ဒသမ ၃ သန်းခန့်ရှိကာ ၂၀၂၂ ခုနှစ် နှစ်ကုန်အထိ ယခုကဲ့သို့သော အခြေအနေကို ဆက်လက်ရင်ဆိုင်ရလိမ့်မည်ဟု ခန့်မှန်းထားသည်။

**ဥရောပနိုင်ငံများ**

ထို့အတူ ဥရောပနိုင်ငံများဖြစ်သည့် အီတလီ၊ စပိန်နှင့် ပေါ်တူဂီနိုင်ငံတို့သည် အစားအစာ ထုတ်လုပ်မှုနှင့် ခရီးသွားလုပ်ငန်းအတွက် ပြင်းထန်သော ဂယက်ရိုက်ခတ်မှုများနှင့်အတူ အနည်းဆုံး နှစ်ပေါင်း ၁၂၀၀ အတွင်း အခြောက်သွေ့ဆုံး ရာသီဥတုကို ရင်ဆိုင်ခံစားနေကြရသည်။



မိုးခေါင်မှုကြောင့် စပိန်နိုင်ငံ မာရီယာ ခရစ္စတီးနား ရေလှောင်ကန်ကြီး၌ ရေများလုံးဝ ခန်းခြောက်သွားစဉ်။

စပိန်နိုင်ငံ အယ်ဘေးရီးယန်းကျွန်းဆွယ်တွင် မကြာသေးမီနှစ်များအတွင်း အပူလှိုင်းနှင့် မိုးခေါင်မှုများ တိုးမြင့်လာခဲ့ပြီး ယခုနှစ်မေလသည် စပိန်တွင် စံချိန်တင် အပူဆုံးဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် ဒေသအတွင်း လူပေါင်းများစွာ သေဆုံးခဲ့သည့် တောမီးလောင်ကျွမ်းမှုသည် ရာသီဥတုဆိုင်ရာ အကျပ်အတည်းများကြောင့် ဖြစ်နိုင်ခြေ ၁၀ ဆ ပိုမိုလာခဲ့ပြီး ဒေသတွင်း အရှည်လျားဆုံးဖြစ်သော တန်ဂတ်မြစ်သည် လုံးဝခန်းခြောက်သွားနိုင်သည့် အန္တရာယ်ရှိကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင်များက ဆိုသည်။

တစ်ချိန်တည်းတွင် ကမ္ဘာလုံးဆိုင်ရာ ပဋိပက္ခများကြောင့် အစားအစာနှင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်လာခဲ့ပြီး ထောက်ပံ့ရေးကွင်းဆက်များနှင့် ကမ္ဘာ့ကုန်သွယ်ရေးကို ထပ်မံပြတ်တောက်စေလျက်ရှိသည့်အပြင် ငွေကြေးဈေးကွက်များ လှုပ်ခတ်မှုကြောင့် ကမ္ဘာ့စားနပ်ရိက္ခာ ဖူလုံရေးနှင့် ထောက်ပံ့ရေး စီးဆင်းမှုများကို ခြိမ်းခြောက်လျက်ရှိသည်။

ထို့ကြောင့် ယနေ့ရင်ဆိုင်နေရသော ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းများဖြစ်သည့် စားနပ်ရိက္ခာနှင့် သောက်သုံးရေဖူလုံမှု၊ မိုးခေါင်ရေရှားမှု၊ ပူပြင်းခြောက်သွေ့မှုနှင့် အခြားသော ကြုံတွေ့လာရမည့် ရာသီဥတုဆိုင်ရာ အကျပ်အတည်းများသည် ဘေးအန္တရာယ်ဆိုင်ရာကြိုတင်စီမံခန့်ခွဲမှုနှင့် ဂေဟစနစ်ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို အဆောတလျင် ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း သက်သေပြနေခြင်းပင် ဖြစ်သည်။ ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၁၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ရွာမရပ်ကွက်နေ ထွန်းဝင်းအောင်သည် ၎င်းအသုံးပြုသည့် "နွေဦးအောင်" Facebook အကောင့်နှင့် "Tun Tun Aung" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကျွန်းသာယာရပ်ကွက် မီးရထားဝန်ထမ်းအိမ်ရာနေ ဇွန်လှိုင်ဝင်းသည် ၎င်းအသုံးပြုသည့် "Zun Hlaing Win" Facebook အကောင့်၊ မွန်ပြည်နယ် ပေါင်မြို့နယ် ကျွဲခြံရေကျေးရွာနေ ဝင်းဇော်ဦးသည် ၎င်းအသုံးပြုသည့် "Win Zaw Oo" Facebook အကောင့်၊ ချောင်းဆုံမြို့နယ် တော်ပကောက်ကျေးရွာနေ နွေဦးလွင်သည် ၎င်းအသုံးပြုသည့် "Nwe Oo Lwin" Facebook အကောင့်၊ အိဖြိုးဝေသည် ၎င်းအသုံးပြုသည့် "Ei Phyo Wai" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံခြားဘာသာတက္ကသိုလ်အား အကြမ်းဖက်သူများက လက်ပစ်ဗုံးဖြင့် ပစ်ပေါက်မှု မှတ်တမ်းဓာတ်ပုံ။

◆ *ကျောဖုံးမှ*

ခြိမ်းခြောက် အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့်နည်းလမ်းမျိုးစုံ အသုံးပြုကာ ပညာရေးကဏ္ဍ မြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၀ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ချင်းပြည်နယ် ဟားခါးမြို့နယ် ဈေးသစ်ရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းကို အကြမ်းဖက်သမားများက ကျောင်းဝင်းအတွင်းဝင်ရောက်၍ ကျောင်းဆောင်များနှင့် ကျောင်းဆောင်အတွင်းရှိပစ္စည်းများ ဖျက်ဆီးခဲ့သဖြင့် ကျောင်းဆောင် ၅ ဆောင်ရှိ ပြတင်းပေါက်မှန် ၁၈၅ ချပ်၊ တံခါးမကြီးတစ်ခု၊ မေးခွန်းတိုက်တစ်လုံး၊ ကျောင်းအုပ်ကြီးရုံးခန်းရှိ မိတ္တူကူးစက် တစ်လုံး၊ CCTV ကင်မရာ နှစ်လုံး၊ ဆိုဖာထိုင်ခုံ၊ စားပွဲနှစ်လုံး စုစုပေါင်းတန်ဖိုးငွေကျပ် ၁၆၀၇၅၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အလားတူ ညနေ ၅ နာရီ မိနစ် ၂၀ တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အနိပ်တော် ရပ်ကွက်ရှိ နိုင်ငံခြားဘာသာ တက္ကသိုလ်၏ မြောက်ဘက်အပေါက်သို့ အကြမ်းဖက်သမားများက ဆိုင်ကယ်သုံးစီးဖြင့် မောင်းနှင်လာပြီး တက္ကသိုလ်ဝင်းအတွင်းသို့ လက်ပစ်ဗုံးနှစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ လက်ပစ်ဗုံး တစ်လုံးမှာ ဝင်ပေါက်ရှေ့ရှိ ဂိတ်အနီးသို့ ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် ဂိတ်မှန်ပြတင်းပေါက်မှန်များ ကွဲအက်ပျက်စီးခဲ့ပြီး ကျန်တစ်လုံးမှာ ပေါက်ကွဲမှုမရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖောက်ခွဲရှင်းလင်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိပြီး တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့် လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံ အကြမ်းဖက် အဖွဲ့များအပေါ် ဝိုင်းဝန်း ဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှု သတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ် ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်နှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၁**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လက်ပံလှ-စဉ့်ကူး ယာယီစစ်ဆေးရေးဂိတ်၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် မုန့်မျိုးစုံ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၈၀၀၀၀) နှင့် အချိုမှုန့်ထုပ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၅၀၀၀၀) စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၅,၈၃၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့အတူ ဇူလိုင် ၁၁ ရက်တွင် မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အတ္တရံတံတား ဟသ်ာအဝိုင်း ပူးပေါင်း စစ်ဆေးရေးဂိတ်၌ ပူးပေါင်း စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ရေခဲသေတ္တာ (အဟောင်း) ၁၃ လုံးနှင့် အဝတ်လျှော်စက် (အဟောင်း) ၁၀ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် တိုယိုတာ ဟိုက်အေ့စ်အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၆၅၁၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။ **(ဓာတ်ပုံ)**

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်များအတွင်း တရားမဝင် ကျွန်းသစ်၊ သစ်မာနှင့် အခြားသစ်မျိုးစုံ (၆ ဒသမ ၇၀၄၆) တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၃၉၀၁၆) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇူလိုင် ၉ ရက်နှင့် ၁၁ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲခုနစ်မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၇၉၀၁၆) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲနှင့် ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ပွဲတက်ရောက်

**ဝါးခယ်မ ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် သဲကုန်းကျေးရွာနှင့် ကြာဖြူကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းပြီး တစ်ကေလျှင် တင်း ၁၀၀ အထက် ထွက်ရှိရေး ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက သဲကုန်းကျေးရွာနေ တောင်သူဦးပွားနှင့် ဆယ်ဦးတို့၏ လယ်မြေ၌ ကူဘိုတာကောက်စိုက်စက် (ခြောက်တန်းသွား) ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးဦးစိန်မောင်မြင့်၊ ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစွမ်းထက်နှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။




ယင်းသို့ ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကြောင့် လုပ်အားခသက်သာခြင်း၊ မျိုးစေ့ကုန်ကျမှုနည်းပါးခြင်း၊ ပျိုးထောင်ဧရိယာ အနည်းငယ်သာလိုအပ်ခြင်း၊ ပျိုးပင်များ ပြုပြင်ထိန်းသိမ်းမှုလွယ်ကူစိတ်ချရခြင်း၊ ပျိုးပင်များ နုတ်ယူရန်မလိုခြင်း၊ သန်မာ၍ရောဂါကင်းသော ပျိုးပင်များ ရရှိခြင်း၊ ကောက်စိုက်ရာတွင် လူအင်အားအသုံးပြုမှုနည်းပါးခြင်းနှင့် သက်သောင့်သက်သာ စိုက်ပျိုးနိုင်ခြင်း၊ လုပ်ငန်းတွင်ကျယ်၍ ပြီးစီးမှုပိုမြန်ခြင်း၊ လေဝင်လေထွက်ကောင်းခြင်း၊ အောက်ပင်လှန်ရန် စောင့်ဆိုင်းရန်မလိုခြင်း၊ ပျိုးပင်ပွားမှုနှုန်း ကောင်းပြီး စပါးအထွက်နှုန်းကောင်းစေခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသည့် စပါးခင်းအား ရိတ်စက်၊ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် အလွယ်တကူ ရိတ်သိမ်းနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်းကို သရုပ်ပြပွဲသို့ တက်ရောက်လာသော တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ဧက ၁၀၀ စံပြကွက် ဆောင်ရွက်သည့် တောင်သူဦးပွားနှင့် တောင်သူဆယ်ဦးအား ကွန်ပေါင်း ဓာတ်မြေဩဇာစုစုပေါင်း အိတ် ၅၀ ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)

# ပခုက္ကူမြို့၌ နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာ အဆောက်အအုံ တည်ဆောက်မှု ၈၅ ရာခိုင်နှုန်းပြီးစီး

**ပခုက္ကူ ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် ပခုက္ကူမြို့ အမှတ် (၁) ရပ်ကွက် လေယာဉ်ကွင်းဟောင်း၌ ရှစ်ခန်းတွဲငါးထပ် နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာ အဆောက်အအုံတစ်လုံး တည်ဆောက်မှုလုပ်ငန်းကို ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။



၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၉၈၉ သန်းဖြင့် ရှစ်ခန်းတွဲငါးထပ် နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာ အဆောက်အအုံတစ်လုံးကို တင်ဒါအောင်သည့် ကုမ္ပဏီက ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်ပြီး တာဝန်ယူ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိရာ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၁ ရက်အထိ တည်ဆောက်မှုလုပ်ငန်း ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ အဆောက်အအုံ၏ အကျယ်အဝန်းမှာ စတုရန်းပေပေါင်း ၃၃၈၂၂ ပေရှိပြီး တစ်ထပ်အတွင်း၌ အခန်းပေါင်း ရှစ်ခန်းပါရှိသည့် ငါးထပ်အဆောက်အအုံ တစ်လုံးဖြစ်ကြောင်း၊ တည်ဆောက်မှု လုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာနှစ်အတွင်း ရာနှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ငန်းစံချိန်စံညွှန်း အရည်အသွေးများနှင့် ကိုက်ညီစွာ အကောင်အထည်ဖော် တည်ဆောက်ပြီးစီးရေး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမျိုးအောင်နှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ပိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း တင်ဒါအောင်ကုမ္ပဏီမှ တည်ဆောက်ရေး တာဝန်ခံ အင်ဂျင်နီယာ ဦးတိုးကိုကိုဟန်က ပြောသည်။

ခရိုင်(ပြန်/ဆက်)

# ကျောက်ဆည်မြို့နယ်၌ ဒေသတွင်းစိမ်းလန်းစိုပြည်ရေးအတွက် ပျိုးပင်ပေါင်း ၈၇၅၉၃ ပင် ပျိုးထောင်ထားရှိ

**ကျောက်ဆည် ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အထူးစိမ်းလန်းစိုပြည်ရေး၊ ဒေသစိမ်းလန်းစိုပြည်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့ဗဟိုပြု စိုက်ခင်းများတွင် စိုက်ပျိုးရန်အတွက် ပျိုးပင် ၁၁ မျိုး၊ ပျိုးပင်ပေါင်း ၈၇၅၉၃ ပင် ပျိုးထောင်ထားရှိပြီး အခမဲ့ စိုက်ပျိုးပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ပျိုးထောင်စိုက်ပျိုးရာတွင် သံတော်မြတ်တောင်ကြိုးပြင်ကာကွယ်တော ကျေးရွာသုံးထင်းစိုက်ခင်း ဧက ၂၀ အတွက် ယူကလစ် ၃၃၇၅ ပင်၊ ရှား ၃၃၇၅ ပင်၊ မြန်မာကုက္ကို ၃၃၇၅ ပင်၊ မဲဇလီ ၃၃၇၅ ပင်၊ ရဒါန်းချောင်းဆုံ(မြောက်) ကြိုးဝိုင်းအကွက်အမှတ် (၁၆) ရှိ တောင်တန်းစိုက်ခင်း ဧက ၄၀ စိုက်ပျိုးရန်အတွက် ယူကလစ် ၅၀၃၈ ပင်၊ ရှား ၂၅၁၈ ပင်၊ မြန်မာကုက္ကို ၅၀၃၇ ပင်၊ မဲဇလီ ၅၀၃၈ ပင်၊ ရဒါန်းချောင်းဆုံ(မြောက်) ကြိုးဝိုင်းအကွက်အမှတ် (၁၆) ရှိ အခြားစိုက်ခင်း ၂၅ ဧကအတွက် ယူကလစ် ၇၅၆၃ ပင်၊ ရှား ၇၅၆၂ ပင်၊ မြန်မာကုက္ကို ၇၅၆၂ ပင်၊ မဲဇလီ ၇၅၆၃ ပင်၊ အထူးစိမ်းတစ်အုပ်တစ်မစိုက်ခင်းအတွက် တမာပင် ၁၅၀၀၊ မြန်မာကုက္ကိုပင် ၁၅၀၀၊ ဒဟတ်ပင် ၄၀၀၀၊ ဖျောက်ဆိပ်ပင် ၁၀၀၀၊ ရင်းမာပင် ၁၀၀၀၊ မာလကွတ်ပင် ၂၀၀၀၊ မုန့်ပေါင်း(မြောက်) ကျေးရွာတွင် တစ်ရွာတစ်ကေ စိုက်ခင်းစိုက်ပျိုးရန်အတွက် ယူကလစ်ပင် ၂၀၀၊ မဲဇလီပင် ၁၈၀၊ မြန်မာကုက္ကိုပင် ၃၀၀၊ မုန့်ပေါင်း (တောင်) ကျေးရွာတွင် ပြည်သူ့ဗဟိုပြု စိုက်ခင်းစိုက်ပျိုးရန်အတွက် ယူကလစ်ပင် ၅၀၀၊ မဲဇလီပင် ၃၀၀၊ လျှော်ဖြူပင် ၂၀၀၊ ထင်းအစား အခြားလောင်စာသုံး စံပြကျေးရွာဖြစ်သည့် အနောက်ရေပြားတောကျေးရွာတွင် တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာ နှစ်ပင် စိုက်ပျိုးရန်အတွက် ကျွန်းပင် ၄၅၀၊ ယူကလစ်ပင် ၃၀၀၀ စုစုပေါင်းပျိုးပင် ၈၇၅၉၃ ပင် ပျိုးထောင်စိုက်ပျိုးပေးလျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် သစ်ပင်သစ်တောများ ထိန်းသိမ်းခြင်းဖြင့် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေများ တိုးတက်ကောင်းမွန်စေရန်အတွက် သစ်တောစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းများ၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများ၊ ထင်းအစား အခြားလောင်စာ အသုံးချရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်းနှင့် ရေရရှိရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သက်မောင်
(ကျောက်ဆည်)

# မဟာအောင်မြေမြို့နယ် ဂေါဝိန်ဆိပ်အနီး ဧရာဝတီမြစ်အတွင်း ငါးမျိုးများစိုက်ထည့်

**နေပြည်တော် ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ သဘာဝမြစ်ချောင်းများတွင် ငါးသယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် ငါးရိက္ခာများ ပိုမိုရရှိစားသုံးနိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ ငါးသားဖောက်စခန်းများမှ နှစ်လက်မအရွယ် ငါးမျိုးများကို တိုင်းဒေသကြီးအတွင်းရှိ မြစ်ချောင်းများနှင့် သဘာဝရေပြင်များအတွင်း မျိုးစိုက်ထည့်ပေးလျက်ရှိသည်။ ဇွန်လနောက်ဆုံးပတ်က မန္တလေးခရိုင် မဟာအောင်မြေမြို့နယ် ဂေါဝိန်ဆိပ်အနီး ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသံချောင်းနှင့် တာဝန်ရှိသူများက နှစ်လက်မအရွယ် ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ ၂၇၅၀၀၀၊ ငါးခုံးမကြီး သားပေါက်ကောင်ရေ ၃၇၅၀၀၀၊ ငါးမြစ်ချင်းသားပေါက် ကောင်ရေ ၂၅၀၀၀၀ ကို မျိုးစိုက်ထည့်ပေးကြောင်း သိရသည်။

သတင်းစဉ်

# မောက်မယ်မြို့၌ အဆင့်မြင့်နည်းပညာသုံး မျိုးသန့်ပွားမျိုးစေ့ မိုးစပါးစတင်စိုက်ပျိုး

**မောက်မယ် ဇူလိုင် ၁၁**

ဒေသခံတောင်သူများ၏ လယ်မြေများတွင် သီးနှံအထွက်တိုးစေရန်နှင့် မိုးစပါးစိုက်ပျိုးမှုအတွက် ဘက်စုံအဆင့်မြင့်နည်းပညာသုံး ပေါင်ပျိုးစနစ်ပျိုးထောင်မှုကို သိပ္ပံနည်းကျစိုက်နည်းစနစ် အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မောက်မယ်မြို့နယ် စဥ့်ဆိုင်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၃)၊ ဦးပိုင်အမှတ် (၈) တောင်သူဦးလုံးစိုင်းမောင်၏ လယ်မြေ၌ ယနေ့ နံနက်ပိုင်းက ဘက်စုံအဆင့်မြင့်နည်းပညာသုံး ပေါင်ပျိုးစနစ် ပျိုးထောင်ပြီး မျိုးစေ့အဆင့် မျိုးသန့်ပွားမျိုးစေ့ (RS) မော်ဘီကောက်ညှင်းမွှေး မိုးစပါးစတင်စိုက်ပျိုးကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသက်နိုင်နှင့် ဝန်ထမ်းများက တောင်သူများအား အသိပေးကွင်းဆင်းဆောင်ရွက်ရာတွင် သိပ္ပံနည်းကျစိုက်နည်းစနစ် အလေ့အကျင့်ကောင်းများ လိုက်နာကျင့်သုံးနိုင်ရေးနှင့် ဘက်စုံအဆင့်မြင့်နည်းပညာသုံး ပေါင်ပျိုးစနစ်ပျိုးထောင်ပြီး စနစ်များအား မျိုးသန့်ပွားမျိုးစေ့ (RS) မိုးစပါးစိုက်ပျိုးမှုအတွက် မော်ဘီကောက်ညှင်းမွှေး ဧက ၁ ဒသမ ၅၀ ကို လက်တွေ့သရုပ်ပြစိုက်ပျိုးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စိုင်းမျိုးသန့်(မောက်မယ်)

**သက်ရှိလောက တည်မြဲဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**


# ကင်ဆာရောဂါ ကြောက်စရာ ကြိုတင်ကာကွယ် နေထိုင်ပါ

**ကိုငြိမ်းငယ် (ကျွန်းဒေါင့်)**

ကမ္ဘာပေါ်ရှိ ကင်ဆာရောဂါ အဖြစ်အများဆုံးနိုင်ငံများတွင် မြန်မာနိုင်ငံလည်း ပါဝင်နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ အစီရင်ခံစာများအရ သိရသည်။ လူတိုင်းလူတိုင်းသည် ကျန်းမာပျော်ရွှင်ရခြင်းကို ရရှိပိုင်ဆိုင်လိုကြသည်။ ထို့အတူ ကြီးပွားခြင်း၊ အောင်မြင်ခြင်းများကိုလည်း ရရှိချင်ကြသည်။ လူသားတို့သည် အခြေခံကျသော စားဝတ်နေရေးမှ အစပြု၍ ဘဝတွင် ကြီးပွားရေး၊ အောင်မြင်နိုင်ရေးတို့အတွက် နေ့စဉ်ကြိုးစား အားထုတ်နေကြသည်။ ထိုသို့ ကြိုးစားအားထုတ်ရာတွင် ကျန်းမာရေးကောင်းခြင်းသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လာသည်။ ကျန်းမာရေးမကောင်းပါက ပျော်ရွှင်စရာ အကြောင်းရှိခဲ့လျှင်ပင် အပြည့်အဝ ပျော်ရွှင်နိုင်မည် မဟုတ်ပေ။ ယခုအခါ ကင်ဆာရောဂါများသည် ကမ္ဘာပေါ်ရှိ လူသားတို့အပေါ်တွင် အန္တရာယ်ကြီးမားစွာ ခြိမ်းခြောက်လာနေသည်။ ထို့ကြောင့် လူတိုင်းလူတိုင်း ကင်ဆာရောဂါ ဖြစ်စေနိုင်သော အကြောင်းအရင်းများကို သိရှိပြီး သတိပြုနိုင်ကြစေရန် ရေးသား တင်ပြလိုက်ပါသည်။

**ပလတ်စတစ်များနှင့် ဖော့ဘူးများ**

ပလတ်စတစ်ပစ္စည်းများတွင် ပါဝင်သော "ပလတ်စတစ်ဖိုက်ဘာဓာတ်များ"၊ စတိုင်ရင် (Styrene)ဟုခေါ်သော ဓာတုပစ္စည်းများသည် အပူ (သို့မဟုတ်) ဆီပါသော အစားအသောက်များတွင် ဓာတ်ပြုပျော်ဝင်နိုင်သည်။ အစားအစာထည့်သော ပလတ်စတစ်ဘူး အကြည်များနှင့် ကလေးနို့ဘူးများ ပြုလုပ်ရာတွင် အသုံးပြုသော ပလတ်စတစ်ဘူး၏ အမှုန်အမွှားများသည် အန္တရာယ်များပြီး ကင်ဆာရောဂါများကို ဖြစ်စေနိုင်သည်။ စားသောက်ဆိုင်များတွင် အသုံးပြုနေကြသည့် ဒံပေါက်ထည့်သော ဖော့ဘူးများ၊ ခေါက်ဆွဲကြော်နှင့် ထမင်းကြော်ထည့်သော ဖော့ဘူးများသည် စတိုင်ရင်ဓာတ်ပါဝင်သည့် ပလတ်စတစ်ပစ္စည်းများဖြစ်သောကြောင့် ရေရှည်သုံးစွဲရန် မသင့်ပေ။ စားသောက်ဆိုင်များမှ ထမင်းပူပူ၊ ဟင်းပူပူများကို တစ်ခါသုံး ပလတ် စတစ်အိတ်များနှင့် ဝယ်ယူစားသောက်ခြင်းမျိုးကို နေ့စဉ် မပြုလုပ်သင့်ပေ။ ထို့ပြင် ကော်ဖီဆိုင်များမှ ကော်ဖီပူပူများနှင့် မုန့်ကြော်ပူပူများကို တစ်ခါသုံး ပလတ်စတစ်အိတ်များနှင့် ပါဆယ်ဝယ်ယူ စားသောက်ခြင်းသည် ကျန်းမာရေးအတွက် အန္တရာယ်များလှသည်။ ပလတ်စတစ်တွင် ပါရှိသော ဓာတုပစ္စည်းများသည် အပူကြောင့် အစားအစာများနှင့် ရောနှောပျော်ဝင်သွားပါသည်။ ထို့ကြောင့် ပလတ်စတစ်ပစ္စည်းများကို အသုံးပြု၍ စားသောက်ခြင်းသည် ရေရှည်အသုံးပြုမိပါက ကင်ဆာရောဂါ ဖြစ်နိုင်မှုကို မြင့်မားစေသည်။




**အချိုမှုန့်နှင့် ကြက်သားမှုန့်**

မြန်မာတို့သည် အစားအစာများ ချက်ပြုတ်ရာတွင် အချိုမှုန့်များကို တွင်ကျယ်စွာ အသုံးပြုနေကြသည်။အစားအစာများ ချက်ပြုတ်ရာတွင် အချိုမှုန့်များကို အသုံးမပြုသော မိသားစုများရှိသော်လည်း နှိုင်းယှဉ်ကြည့်ပါက အလွန်နည်းလှသည်။ အချိုမှုန့်တွင် ပါဝင်သော ဓာတုပစ္စည်းများသည် ဦးနှောက်နှင့် အာရုံကြောစနစ်ကို ထိခိုက်စေပြီး လေဖြတ်ရောဂါ၊ လေးဖက်နာရောဂါ၊ နှလုံး၊ ကျောက်ကပ်ပျက်စီးခြင်းနှင့် အရိုးပါးရောဂါ၊ အရိုးပွရောဂါများကို ဖြစ်စေသည်။ ထို့ပြင် ဆီးချိုသွေးချို၊ သွေးတိုးရောဂါနှင့် ကင်ဆာရောဂါများကိုပင် ဖြစ်စေနိုင်သည်။ ကြက်သားမှုန့်များတွင်လည်း အချိုမှုန့်နှင့် တာရှည်ခံ မှိုသတ်ဆေးများ၊ ဓာတုပစ္စည်းများ ပါဝင်ခြင်းကြောင့် ရေရှည်စားသောက်မိပါက ကျန်းမာရေးကို များစွာထိခိုက်စေသည်။

**အချိုရည်များနှင့် ဂျယ်လီများ**

မြန်မာနိုင်ငံတွင် တရားဝင်ထုတ်လုပ်ရောင်းချခွင့်ရှိသော အချိုရည်များနှင့် ဂျယ်လီများ ရှိသည်။ သို့သော် တရားမဝင်သော အချိုရည်များနှင့် ဂျယ်လီများကို တစ်ခါတစ်ရံ တွေ့ရတတ်သည်။ အထူးသဖြင့် ကလေးများစွာ စုဝေးရှိနေတတ်သော စာသင်ကျောင်းများ၏ မုန့်ဈေးတန်းများတွင် တွေ့ရတတ်သည်။ အချိုရည်များတွင် အရောင်ဆိုးဆေးများ အလွန်အကျွံ အသုံးပြုခြင်း၊ တာရှည်ခံဆေးများ အလွန်အကျွံအသုံးပြုခြင်း၊ သာမန်သကြားထက် အဆများစွာ အားပြင်းသော ပါဝါသကြားများနှင့် ကဖင်းဓာတ်များသည် ခံတွင်းကင်ဆာ၊ ကျောက်ကပ်ရောဂါ၊ ဆီးချိုရောဂါနှင့် အဝလွန်ရောဂါများကို ဖြစ်စေသည်။ ထို့ပြင် အသည်းကင်ဆာကိုလည်း ဖြစ်စေနိုင်သည်။ ပြည်ပနိုင်ငံများမှ တရားမဝင်ဘဲ ဝင်ရောက်လာသော ဂျယ်လီဘူးများတွင် ဂျယ်လီပေါင်ဒါတာရှည်ခံဆေးများ အလွန်အကျွံ ပါဝင်နေတတ်သောကြောင့် ကင်ဆာရောဂါ ဖြစ်ပွားစေနိုင်ပြီး ကလေးငယ်များ လုံးဝမစားသင့်ပေ။

**ဆေးလိပ်နှင့် ကင်ဆာ**

ဆေးလိပ်ဘူးခွံများကို နေရာတိုင်းလိုလို တွေ့ရတတ်သည်။ ဆေးလိပ်ဘူးခွံပေါ်တွင်လည်း "ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေပါသည်" ဟု ရေးထားသောစာကို တွေ့ရတတ်သည်။ သို့ရာတွင် ဆေးလိပ်သောက်သုံးသူများကိုလည်း တွေ့နေရဆဲပင် ဖြစ်သည်။ ဆေးလိပ်နှင့် စီးကရက်သောက်ခြင်းကြောင့် အစာရေမျိုပြွန် ကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ပန်းနာရင်ကျပ်နှင့် ကင်ဆာရောဂါ အမျိုးမျိုးကို ဖြစ်စေနိုင်သည်။

**ကွမ်းယာနှင့် ကင်ဆာ**

ကွမ်းပင်များတွင် ဖျန်းသော ပိုးသတ်ဆေးသည် ကင်ဆာရောဂါကို ဖြစ်စေနိုင်သည်။ ကွမ်းယာတွင် ပါဝင်သော ထုံးသည် ကျောက်ကပ်နှင့် ဆီးအိမ်တွင် ကျောက်တည်စေနိုင်သည်။ ဆေးရွက်ကြီးမှ နီကိုတင်းဓာတ်သည် ကင်ဆာရောဂါကို ဖြစ်စေသည်။ ကွမ်းယာစားခြင်းသည် ခံတွင်းကင်ဆာ၊ ပါးစောင်ကင်ဆာ၊ လျှာကင်ဆာ၊ သွားဖုံးကင်ဆာနှင့် အစာရေမျိုပြွန်ကင်ဆာများကို ဖြစ်ပွားစေသောကြောင့် ရှောင်ကြဉ်သင့်သည်။

**Mobile Phone များမှ ဓာတ်ရောင်ခြည်**

Mobile phoneများမှ ဓာတ်ရောင်ခြည်များကြောင့် ကိုယ်ဝန်ဆောင်မိခင်များတွင် သန္ဓေသားကို ထိခိုက်ပျက်စီးစေသည်။ ထို့ပြင် Computer game များနှင့် Video game များ အလွန်အကျွံ ဆော့ကစားခြင်းသည် ကလေးများ၏ မှတ်ဉာဏ်နှင့် အာရုံကြောအမြင်အာရုံတို့ကို ထိခိုက်စေသောကြောင့် သတိပြုသင့်ပါသည်။ ကွန်ပျူတာနှင့် ဖုန်းမျက်နှာပြင်များမှ ထွက်ရှိလာသော မိုက်ခရိုဝေ့ရောင်ခြည်များ၊ လျှပ်စစ်သံလိုက်စက်ကွင်းများသည် ဦးနှောက်ကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အရေပြားကင်ဆာနှင့် အယ်လ်ဇိုင်းမားရောဂါများကို ဖြစ်ပွားစေနိုင်သည်။

**အရက်၊ ဘီယာများနှင့် ကင်ဆာ**

အရက်နှင့် ဘီယာ အများစုတွင် ဓာတ်မြေဩဇာဓာတ်၊ အင်ဒရင်း၊ ရော်ဘာဓာတ်၊ မက်သနော အဆိပ်သင့် ဓာတုပစ္စည်းများ ပါဝင်နေတတ်သည်။ အရက်နှင့် ဘီယာများ သောက်သုံးခြင်းကြောင့် အသည်းခြောက်ခြင်း၊ သတိမေ့လွယ်ခြင်း၊ နာတာရှည်ရောဂါများ ဖြစ်ခြင်း၊ အစာအိမ်လမ်းကြောင်းနှင့် ဆိုင်သောရောဂါများနှင့် အခြားသော ကင်ဆာရောဂါ အမျိုးမျိုးကို ဖြစ်စေနိုင်သောကြောင့် ရှောင်ကြဉ်သင့်ကြပေသည်။

ယခုလည်း စာဖတ်သူများအနေဖြင့် ကင်ဆာရောဂါ ဖြစ်ပွားစေသော အကြောင်းရင်းများကို သိရှိကြပြီး ဖြစ်သည်။ထို့ကြောင့် ကျန်းမာရေးဆိုင်ရာ ဗဟုသုတများကို သိရှိကြခြင်းဖြင့် ကျန်းမာပျော်ရွှင်သော ဘဝများကို လူသားတိုင်း တည်ဆောက်ရယူနိုင်ကြပါစေကြောင်း ဆန္ဒပြုရင်း ရေးသားလိုက်ပါသည်။ ။

**"မြန်မာတို့သည် အစားအစာများ ချက်ပြုတ်ရာတွင် အချိုမှုန့်များကို တွင်ကျယ်စွာ အသုံးပြုနေကြသည်။ အစားအစာများ ချက်ပြုတ်ရာတွင် အချိုမှုန့်များကို အသုံးမပြုသော မိသားစုများရှိသော်လည်း နှိုင်းယှဉ်ကြည့်ပါက အလွန်နည်းလှသည်။ အချိုမှုန့်တွင် ပါဝင်သော ဓာတုပစ္စည်းများသည် ဦးနှောက်နှင့် အာရုံကြောစနစ်ကို ထိခိုက်စေပြီး လေဖြတ်ရောဂါ၊ လေးဖက်နာရောဂါ၊ နှလုံး၊ ကျောက်ကပ်ပျက်စီးခြင်းနှင့် အရိုးပါးရောဂါ၊ အရိုးပွရောဂါများကို ဖြစ်စေသည်။ ထို့ပြင် ဆီးချိုသွေးချို၊ သွေးတိုးရောဂါနှင့် ကင်ဆာရောဂါများကိုပင် ဖြစ်စေနိုင်သည်"**

## မကွေးပညာရေးဒီဂရီကောလိပ်၌ အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါး ပြိုင်ပွဲကျင်းပ



**မကွေး ဇူလိုင် ၁၁**

မကွေးပညာရေးဒီဂရီကောလိပ်တွင် ယနေ့နံနက်ပိုင်းက အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မကွေးပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီးက အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ပြိုင်ပွဲဝင်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက အာဇာနည်နေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် မမေ့နိုင်သော သမိုင်းဝင် အာဇာနည်နေ့ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် စိန်ရတုတိုင်ပြီ မြတ်အာဇာနည်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲတွင် မမေ့သင့်ပေ အာဇာနည်တွေ ခေါင်းစဉ်ဖြင့် လည်းကောင်း ပါဝင် ယှဉ်ပြိုင်ကြောင်း သိရသည်။

**ကိုအောင်**

## (၇၅) နှစ်မြောက် အာဇာနည်နေ့ (အကြို) ဟောပြောပွဲနှင့် ပြပွဲပြိုင်ပွဲများကျင်းပ

**ညောင်ရွှေ**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညောင်ရွှေမြို့နယ်ရုံးနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့် (၇၅) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် Talk Show အစီအစဉ်ရိုက်ကူးခြင်းကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမြို့နယ်ရုံး လူထုအခြေပြု ဗဟိုဌာန၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနေမျိုးသူရိန်က Talk Show အစီအစဉ် ရိုက်ကူးတင်ဆက်ခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ သောင်းဟန် (ညောင်ရွှေ) က အာဇာနည်နေ့အကြောင်းအရာကိုလည်းကောင်း၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ကဗျာဆရာ ဦးခင်မောင်မြ (ညောင်ရွှေခင်မောင်မြ) က အာဇာနည်နေ့တို့မမေ့ ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

**သိန္နီ**

ရှမ်းပြည်နယ်မြောက်ပိုင်း သိန္နီမြို့ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၌ ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၅) နှစ်မြောက် အာဇာနည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျောင်းသားကျောင်းသူ လူငယ်မောင်မယ်များအား အာဇာနည်နေ့နှင့် ပတ်သက်သည့် အကြောင်းအရာများ အသိပညာပေးဟောပြောခြင်းကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဥမ္မာချိုက ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျဆုံးခဲ့ရသော အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦး၏ အကြောင်း၊ မည်သို့ကျဆုံးခဲ့ရပုံ၊ လွတ်လပ်ရေးရရှိရန်အတွက် မျိုးချစ်ခေါင်းဆောင်များ ကိုယ်ကျိုးစွန့်အနစ်နာခံကာ အသက်သွေးချွေးများစွာ ရင်းနှီး၍ကြိုးစားခဲ့ရပုံ၊ တန်ဖိုးကြီးလှသော လွတ်လပ်ခြင်း၏ အနှစ်သာရကို ခံစားနေရပြီဖြစ်၍ တန်ဖိုးထားထိန်းသိမ်းကြရမည်ဖြစ်ပြီး အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည့် အာဇာနည်နေ့ကို မမေ့သင့်ကြောင်း ဟောပြောဆွေးနွေးသည်။ အဆိုပါ ဟောပြောပွဲသို့ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းမှ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စောဥမ္မာ(သိန္နီ)**

## ဒက္ခိဏသီရိမြို့နယ်၌ Quick Win Project အစီအစဉ်ဖြင့် အသိပညာပေးဟောပြော

**နေပြည်တော် ဇူလိုင် ၁၁**

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ကလေးသူငယ်အခွင့်အရေးများ၊ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန် ရှောင်ရန်များကို အများပြည်သူ ပိုမိုသိရှိနားလည်နိုင်စေရန်ရည်ရွယ်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ Quick Win Project အစီအစဉ်ဖြင့် လူမှုဝန်ထမ်းဦးစီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေးဦးစီးဌာနတို့ ပူးပေါင်းကာ ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း၌ အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန္ဒာစိန်က ကလေးသူငယ်အခွင့်အရေး ကိုယ်တိုင် သိရှိနားလည်ရေး၊ နေပြည်တော်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်ဦးက ကြိုတင်ကာကွယ်သဘာဝဘေးအန္တရာယ်၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးကျော်စွာက မူးယစ်အန္တရာယ် လူ့ရန်စွယ်၊ လူကုန်ကူးခြင်းကင်းဝေးဖို့ အားလုံးဝိုင်းဝန်းပူးပေါင်းစို့၊ မိုင်းအန္တရာယ် အသိပညာပေးခြင်း စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးဟောပြောခဲ့ပြီး ကျောင်းသား ကျောင်းသူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**အောင်ကိုကို(ပြန်/ဆက်)**

## ဟိုပုံးမြို့နယ်၌ ကော်ဖီပျိုးပင်နှင့် နှစ်ရှည်ပင်များအခမဲ့ပေးအပ်



ဟိုပုံးမြို့နယ်ရှိ ဒေသခံများအား ကော်ဖီပျိုးပင်နှင့် နှစ်ရှည်ပင်များ အခမဲ့ပေးအပ်စဉ်။

**ဟိုပုံး ဇူလိုင် ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသရှိ စံဖူးကျေးရွာ၊ ဗန်းစောက်ကျေးရွာများတွင် အစားထိုးသီးနှံအဖြစ် ကော်ဖီပင်များကို စိုက်ပျိုးလျက်ရှိရာ ယခုနှစ် မိုးရာသီ၌ စိုက်ပျိုးရန်အတွက် ကော်ဖီပျိုးပင် ၅၀၀၀ ကျော်နှင့် တွဲဖက်စိုက်ပျိုးနိုင်ရန် အရိပ်ရ အပင်များဖြစ်သည့် ထောပတ်ပင်နှင့် ခါတော်မီ ပျိုးပင် ၅၀၀၀ ကျော်တို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကော်ဖီစိုက်တောင်သူများထံသို့ အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မဲနယ်တောင် ဒေသသည် ပင်လယ်ရေမျက်နှာပြင်အမြင့် ပေ ၅၀၀၀ ကျော်တွင် တည်ရှိပြီး ယင်းဒေသမှ ထွက်ရှိသော ကော်ဖီမျိုးများမှာ အရည်အသွေးကောင်းမွန်ပြီး ပြည်ပဈေးကွက်နှင့် ပြည်တွင်းဈေးကွက်များသို့ တင်ပို့ရောင်းချရသောကြောင့် ဒေသခံတောင်သူများက ကော်ဖီသီးနှံကို နှစ်စဉ်တိုးချဲ့ စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် အပင် ၃၀၀၀၀ ကျော် တိုးချဲ့စိုက်ပျိုးရန် လျာထားကြောင်းနှင့် အစားထိုးသီးနှံအဖြစ် ကော်ဖီစိုက်ပျိုးခြင်းဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာကြောင်း သိရသည်။

**နေမင်းထွန်း**

**(ပြန်/ဆက်)**

## မိုင်းဖြတ်မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လယ်အချို့ ထိခိုက်ပျက်စီး

**မိုင်းဖြတ် ဇူလိုင် ၁၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းသဖြင့် နမ့်ပန်ကျေးရွာအုပ်စုအတွင်းရှိ နမ့်ဖတ်ချောင်း ရေကြီးရေလျှံဖြစ်ကာ ရေတိုက်စားမှုကြောင့် စိုက်ပျိုးလယ်မြေအချို့ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ ရေကြီးရေလျှံ၍ ရေတိုက်စားမှုကြောင့် ထိခိုက်ပျက်စီးသောနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဇူလိုင် ၉ ရက် ညနေ ၂ နာရီခွဲ၌ မြေပြင်အခြေအနေကို သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါ နမ့်ဖတ်ချောင်း ရေကြီးမှုကြောင့် နမ့်ဖတ်ကျေးရွာမှ တောင်သူ ခုနစ်ဦး၏ စပါးစိုက်ပျိုးကေပေါင်း ၁၈ ဧက ရေနစ်မြုပ်ခြင်းနှင့် ရေတိုက်စားခြင်းများကြောင့် ထိခိုက်ပျက်စီးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်**

**(ပြန်/ဆက်)**

## ကျော့သောင်းမြို့၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် အဆောက်အအုံအချို့ပျက်စီး

**ကော့သောင်း ဇူလိုင် ၁၁**

ကော့သောင်းမြို့တွင် ယမန်နေ့ မွန်းလွဲပိုင်းက မိုးသည်းထန်စွာ ရွာသွန်းပြီး ရုတ်တရက် လေပြင်းများတိုက်ခတ်မှုကြောင့် စူငယ်ဘာလိုင်းကျေးရွာအုပ်စု အောင်ဘာစံပြ ကျေးရွာရှိ လူနေအိမ်ဆောက်အအုံအချို့ ပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် အောင်ဘာစံပြ ကျေးရွာရှိ လူနေအိမ် ၁၁ လုံးအပါအဝင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးဟောင်း အဆောက်အအုံနှင့် ကျေးရွာဆေးပေးခန်းတို့ အမိုးလန်ပျက်စီးခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့် စပ်လျဉ်း၍ ကော့သောင်းခရိုင်နှင့် မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီ၏ စီစဉ်မှုဖြင့် ခရိုင်မီးသတ်ဦးစီးဌာနတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များက လိုအပ်သည့် ကူညီရှင်းလင်းကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## အုတ်တွင်းမြို့နယ်၌ သစ်သားတံတားကျိုးကျပြီး ယာဉ်တစ်စီးတိမ်းမှောက်



တံတားကျိုးကျပြီး ယာဉ်တိမ်းမှောက်မှုဖြစ်ပွားစဉ်။

**အုတ်တွင်း ဇူလိုင် ၁၁**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ယမန်နေ့ ညနေ ၅ နာရီခွဲက ကြက်သွန်ခင်း (၂) ရပ်ကွက်နှင့် လက်စွပ်ကျ ကျေးရွာအုပ်စုတို့ ဆက်သွယ်ထားသော ယက်ချောင်းတံတားပေါ်မှ ကျောက်သယ်ယာဉ်တစ်စီး ဖြတ်သန်းစဉ် တံတားကျိုးကျပြီး ယာဉ်တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ သစ်သားတံတားမှာ အလျား ပေ ၂၀၊ အနံ ရှစ် ပေရှိပြီး ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ လတ်တလော လမ်းပြတ်တောက်မှု မရှိစေရန်အတွက် ယာယီတံတားအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဆည်မြောင်းတည်ဆောက်ရေး (၅)၊ ယာဉ်ပိုင်ရှင်နှင့် ဒေသခံပြည်သူများက ငါးရက်အတွင်း လုပ်ငန်းပြီးစီးရေး ပူးပေါင်း ဆောင်ရွက်မည် ဖြစ်ကြောင်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း နန္ဒကျော်၏ဂိုးဖြင့် သုံးပွဲဆက် အနိုင်ရ

ရန်ကုန်  ဇူလိုင် ၁၁

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃) တတိယနေ့ကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက် အသင်းက ရတနာပုံအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ဘယ်တောင်ပံ ကစားသမား နန္ဒကျော်သွင်းယူသည့်ဂိုးဖြင့် သုံးပွဲဆက် အနိုင်ရရှိခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် အမှားအယွင်းမရှိအမှတ်ပြည့် ရယူနိုင်ခဲ့ခြင်းဖြစ်ပြီး အမှတ်ပေးဇယားထိပ်ဆုံး နေရာတွင် ဆက်လက် ရပ်တည်နိုင်ခဲ့သည်။ MNL ပြိုင်ပွဲ၏ဒုတိယ အအောင်မြင်ဆုံးအသင်းဖြစ်သည့် ရတနာပုံအသင်းသည် နိုင်ပွဲပြန်လည်ရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း နှစ်ပွဲဆက် အရှုံးနှင့် ရင်ဆိုင်ခဲ့ရသည်။



ရှမ်းယူနိုက်တက် အသင်း၏ ပွဲထွက်လူစာရင်းတွင် နိုင်ငံခြားသားကစားသမားနှစ်ဦးအပါအဝင် ကျော်ဇင်ဖြိုး (ဂိုး)၊ ရဲမင်းသူ၊ အောင်ကျော်သူ၊ ကျော်ဇင်လွင်၊ ဟိန်းသီဟဇော်၊ အောင်လှိုင်ဝင်း၊ သက်ပိုင်ထွေး၊ နန္ဒကျော်၊ စိုးလွင်လွင်တို့ ပါဝင်ခဲ့သည်။ ရတနာပုံအသင်းတွင်မူ ပြည့်ဖြိုးသူ (ဂိုး)၊ နိုင်ကိုကို၊ ဇော်ရဲထွန်း၊ သက်ဟိန်းစိုး၊ နောင်နောင်စိုး၊ မျိုးကိုထွန်း၊ ဘီဘီ၊ သက်နိုင်၊ ငြိမ်းချမ်းစိုး၊ သိုင်းဘွဲ့အောင်နှင့် ရဲရင့်အောင်တို့ ပါဝင်ခဲ့ပြီး ယခင်ပွဲများတွင် ပွဲထွက်ခဲ့သည့် ကစားသမားအများစုဖြင့် ဆက်လက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ခြေစွမ်းအရ ကွာခြားမှုမရှိသလို ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်အားပြုကစားခဲ့သဖြင့် ပွဲမှာအပြန်အလှန်ရှိခဲ့သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ပွဲအစငါးမိနစ်မှာပင် အနိုင်ဂိုးရခဲ့ပြီး ဘယ်တောင်ပံ ကစားသမား နန္ဒကျော်က ပယ်နယ်တီဧရိယာထိပ်မှကန်သွင်းခဲ့ခြင်းဖြစ်သည်။

သုံးပွဲစီ ကစားအပြီးတွင် ရှမ်းယူနိုက်တက် အသင်းက ပွဲတိုင်းအနိုင်ရကာ ဂိုးမှတ်ဖြင့် ဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိပြီး ရတနာပုံအသင်းမှာမူ သုံးမှတ် ရရှိထားသည်။ ဇူလိုင် ၁၂ ရက် **(ယနေ့)** တွင် MNL ပွဲစဉ်များ မရှိဘဲ ပွဲစဉ် (၃) လက်ကျန်ပွဲများအဖြစ် ဇူလိုင် ၁၃ ရက်တွင် GFA အသင်းနှင့် မြဝတီအသင်း၊ ဇူလိုင် ၁၄ ရက်တွင် ရခိုင်အသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်**

**ဓာတ်ပုံ-MNL**

# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ ဒီဂျိုကိုဗစ် လေးကြိမ်ဆက်ဖလားဆွတ်ခူး

ဝင်ဘယ်ဒန်အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ဆားဘီးယားတင်းနစ်အကျော်အမော် ဒီဂျိုကိုဗစ်နှင့် သြစတြေးလျတင်းနစ် ကစားသမား ကိုင်ဂရော့စ်တို့ပွဲစဉ်ကို ဇူလိုင် ၁၀ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဒီဂျိုကိုဗစ်က အနိုင်ရရှိပြီး လေးကြိမ်ဆက် ဆွတ်ခူးနိုင်ခဲ့သည်။ အဆိုပါပွဲစဉ်တွင် ဒီဂျိုကိုဗစ်သည် ပြိုင်ဘက်ကို ခက်ခက်ခဲခဲ



ယှဉ်ပြိုင်ကစားခဲ့ရပြီး ၄-၆၊ ၆-၃၊ ၆-၄၊ ၇-၆ (၇-၃) ဖြင့် အနိုင်ရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

အသက် ၃၅ နှစ်အရွယ် ဒီဂျိုကိုဗစ်သည် ယခုပွဲစဉ်တွင် အနိုင်ရရှိခဲ့သောကြောင့် ဝင်ဘယ်ဒန်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ခုနစ်ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ဂရင်းဆလမ်းဆုဖလားကို (၂၁) ကြိမ်မြောက်အဖြစ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဒီဂျိုကိုဗစ်သည် ဂရင်းဆလမ်းဆုဖလားကို (၂၂) ကြိမ်ဖြင့် အများဆုံး ဆွတ်ခူးထားသည့် နာဒယ်၏စံချိန်ကို လိုက်မီရန် နီးစပ်လာပြီဖြစ်သည်။ နာဒယ်သည် ယခုနှစ်တွင် ယှဉ်ပြိုင်ကစားသည့် ဝင်ဘယ်ဒန်အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သော်လည်း ဒဏ်ရာကြောင့် နုတ်ထွက်ခဲ့ရသည်။

ပြိုင်ဘက် ကိုင်ဂရော့စ်သည် ပထမပွဲစဉ်တွင် ဒီဂျိုကိုဗစ်ကို အနိုင်ရရှိခဲ့သော်လည်း နောက်ပိုင်းပွဲစဉ်များတွင် ရှုံးနိမ့်ကာ ဆုဖလားနှင့် ဝေးကွာခဲ့ရခြင်း ဖြစ်သည်။ ဝင်ဘယ်ဒန်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကာဇက်စတန်တင်းနစ်မယ် ရှိုင်ဘာကီနာက ပြိုင်ဘက် တူနီးရှားတင်းနစ်မယ် ဂျေဘီယာကို အနိုင်ရရှိကာ ဆွတ်ခူးထားနိုင်ခဲ့သည်။ **အောင်ဇော်**

# ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် ငွေကျပ်သိန်း ၅၆၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၆ ဒသမ ၇၂ ကီလိုနှင့် ဘိန်းစိမ်း ၁၂၅ ကီလို ဖမ်းဆီးရမိ

နေပြည်တော်  ဇူလိုင် ၁၁

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် ငွေကျပ်သိန်း ၅၆၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၆ ဒသမ ၇၂ ကီလိုနှင့် ဘိန်းစိမ်း ၁၂၅ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၉ ရက် မွန်းတည့် ၁၂ နာရီတွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်စီးအောင် ပူးပေါင်း စစ်ဆေးရေးဂိတ်တွင် မန္တလေးမှ ဟိုပင်ဘက်သို့ စိုင်းသူရကျော်မောင်းနှင်လာသော ၁၂ ဘီး မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် ဘိလပ်မြေအိတ်များဖြင့် ဖုံးအုပ် သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၅၆၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၆ ဒသမ ၇၂ ကီလို၊ ဘိန်းစိမ်း ၁၂၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက် ဖော်ထုတ်ချက်အရ ညနေ ၆ နာရီခွဲတွင် မိုးညှင်းမြို့နယ် ဟိုပင်မြို့ ရွာသစ်ကြီးကျေးရွာအနီးတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ ဇော်ဇော်စိုး(ခ)ဖိုးလုံးအား ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ် (တောင်ပိုင်း) မှ ကချင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# မော်လ်ဒိုက်နိုင်ငံ၌ကျင်းပမည့် အာရှကာယဗလပြိုင်ပွဲသို့ မြန်မာကာယဗလအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန်  ဇူလိုင် ၁၁

မော်လ်ဒိုက်နိုင်ငံ၌ ဇူလိုင် ၁၇ ရက်မှ၂၁ ရက်အထိ ကျင်းပမည့်အာရှကာယဗလပြိုင်ပွဲသို့ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်မှ အားကစားသမားများသွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ ကာယဗလပြိုင်ပွဲ၌ ၅၅ ကီလိုတန်းတွင် ကျော်မင်းသန်း၊ ၇၀ ကီလိုတန်းတွင် ရဲထွန်းနောင်၊ ၈၀ ကီလိုတန်းတွင် ခင်မောင်ကျော်၊ အမျိုးသမီးAthletic Physique မီမီကျော်နိုင်က ၁၆၀ စင်တီမီတာအောက်၊ အေးသန္တာခိုင်က ၁၆၀ စင်တီမီတာအထက်၊ Athletic Physique ပြိုင်ပွဲတွင် ဝတ်ရည်ဖြိုးတို့သွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

“သူတို့ကဆီးဂိမ်းမှာပြိုင်ထားတာ မကြာသေးဘူး။ အဲဒီမှာ ဆုတံဆိပ်ရတဲ့သူတွေပဲ သွားပြိုင်တာဆိုတော့ အခြေအနေကောင်းပါတယ်။ လေ့ကျင့်တာကတော့ ဆီးဂိမ်းပြိုင်ပွဲပြီးကတည်းကပဲ ဆက်တိုက်လေ့ကျင့်ကြပါတယ်” ဟု နည်းပြဦးအောင်နိုင်က ပြောသည်။ “ဒီအာရှပွဲနဲ့ဆိုနှစ်ပွဲပါ။ ကမ္ဘောဒီးယားဖိတ်ခေါ်ပြိုင်ပွဲ ၆၀ ကီလိုတန်းမှာ ရွှေ၊ အိန္ဒိယအာရှပွဲမှာ ငွေ၊ ချင်းမိုင်အာရှပွဲမှာ စတုတ္ထ၊ ၂၀၁၉ မြန်မာအိမ်ရှင်မှာ ၅၅ ကီလိုတန်းမှာ ရွှေ၊ ဗီယက်နမ်ဆီးဂိမ်းမှာ ကြေး ရရှိထားပါတယ်၊ အဓိကယှဉ်ပြိုင်ရမှာ အိန္ဒိယနဲ့ဗီယက်နမ်နိုင်ငံတို့ဖြစ်ပါတယ်။ လေ့ကျင့်ချိန်တစ်လပဲရပေမယ့် ဆုတံဆိပ် မျှော်မှန်းထားပါတယ်” ဟု ကျော်မင်းသန်းက ပြောသည်။ အဆိုပါပြိုင်ပွဲသို့နည်းပြ၊ အုပ်ချုပ်သူနှင့်ကစားသမားစုစုပေါင်း၁၃ ဦးတို့သည် ဇူလိုင် ၁၅ ရက်တွင် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**



# ဗန်းမော်မြို့နယ်နှင့် မြဝတီမြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော်  ဇူလိုင် ၁၁

ဗန်းမော်မြို့နယ်နှင့် မြဝတီမြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၀ ရက် ညနေ ၆ နာရီ မိနစ် ၂၀ တွင် ဗန်းမော်မြို့နယ် စီဟဲကျေးရွာအုပ်စု စီဟဲကျေးရွာအနီးတွင် လာလီမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၅ ပြားနှင့် စိတ်ကြွဆေးပြားအကြေမှုန့် သုည ဒသမ ၀၁၂ ကီလိုတို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၄) ရပ်ကွက်တွင် ဇော်နိုင်အောင်(ခ)ကျုံ့ခွာနှင့် ကျော်သက်နိုင်ဦး (ခ)အိမ်ရှင်းတို့ကို Toyota Crown အမျိုးအစားမော်တော်ယာဉ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းတို့နှစ်ဦးထံမှ ကက်တမင်း သုည ဒသမ ၀၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး ညနေ ၅ နာရီတွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် အာရှလမ်းမကြီးအနီးရှိ ဇော်နိုင်အောင်(ခ) ကျုံ့ခွာ တည်းခိုနေထိုင်သည့် ဟိုတယ်အခန်းအတွင်းသို့ ဝင်ရောက်ရှာဖွေရာ ကက်တမင်း သုည ဒသမ ၀၄ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ ကွင်းဆက်အရ ညနေ ၆ နာရီတွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်ရှိ မဇင်မာဦး(ခ)အိုက်တီ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ အိုက်စ် ၁ ဒသမ ၇ ကီလို၊ ကက်တမင်း သုည ဒသမ ၄ ကီလိုနှင့် အက်တက်စီဆေးပြား ၃၆၀ တို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**




## အမည်ပြောင်း

မှော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း (သန္ဓေပင်)၊ ကောဒသမတန်း (A) မှ (ဘ) ဦးသိန်းဇော် ၁၂/မဘန(နိုင်)၀၁၉၁၁၆ ၏သားဖြစ်သူ မောင်ဂျိုးဆက်အား မောင်စည်သူဟန်(ခ) ဂျိုးဇက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်စည်သူဟန်(ခ)ဂျိုးဇက်**

## အလိမ္မာ စာမှာရှိ

## ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မကွေးမြို့၊ အောင်ရတနာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၂၆၁၃၊ ဆုံကုန်းရိုး)၊ ဦးပိုင်အမှတ်(၁၄၆)၊ ဧရိယာ (၀ဒသမ၀၆၀)ဧကရှိ မြေကွက်အား မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ်(၁၁၆/၁၉၉၈-၁၉၉၉)အရ (၂၃-၇-၁၉၉၈)မှ (၂၂-၇-၂၀၂၈) ရက်အထိ နှစ်(၃၀)ဂရန်အား ဦးစိန်အေးမောင် အမည်ဖြင့် မြေငှားဂရန်ချထားပေးခဲ့ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် (၁-က)စာရင်း ရေးသွင်းမှုမရှိသေးသဖြင့် (၁-က)စာရင်း ပြန်လည်ရေးသွင်းပေးရန် မြေဂရန်မိတ္တူနှင့်အတူ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ဤသတင်းစာပါသည့်ရက်မှ ၁၅ရက်အတွင်း မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနများသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်သည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ဘုရားကုန်းအဆင့်(၁)၊ မြေကွက်အမှတ်(၈၄)၊ ဧရိယာ(၄၀x၆၀)ပေရှိ ဦးတင်မင်း အမည်ပေါက်မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်(တစ်ထပ်တိုက်)၊ လျှပ်စစ်မီတာ၊ အဝီစိရေတွင်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလက်ရှိထားပိုင်ဆိုင်သူ ဒေါ်ကြည်ညွန့်(ခ) ဒေါ်ကြည်ကြည်မာ ၁၃/လလန(နိုင်) ၀၃၇၂၁၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဦးစိုးဟန်(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၈၁၂)(၁၇-၁၂-၁၉၉၁)
အမှတ်(၃၇)၊ ဘုရားကုန်းမြို့ပြကွက်သစ်၊ သန်လျင်မြို့၊
ဖုန်း-၀၉-၂၅၀၀၃၃၄၉၀၊ ၀၉-၄၄၃၁၆၉၄၁၂

# ညောင်ဦးဖီးကြမ်းငှက်ပျော ရောင်းအားကောင်းသဖြင့် စိုက်ပျိုးမှုများလာ

**ညောင်ဦး ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာများမှ ဖီးကြမ်းငှက်ပျောစိုက်တောင်သူများ ဖီးကြမ်းငှက်ပျော ထွက်သလောက် ရောင်းချနေရခြင်းကြောင့် ဖီးကြမ်းငှက်ပျောစိုက်ပျိုးသည့် ငှက်ပျောခြံစိုက်တောင်သူ များပြားလာကြောင်း တောင်ဖက်တန်းကျေးရွာ ဦးမင်းညိုထံမှ သိရသည်။

ညောင်ဦးမြို့နယ်လက်ပံခြေပေါ်ကျေးရွာအုပ်စုရှိ ကျေးရွာများ၊ အုန္နကျောင်းအုပ်စုကျေးရွာများသည် ဖီးကြမ်းငှက်ပျောစိုက်ပျိုးခြင်းကို မြေအောက်ရေ အသုံးပြု၍ စိုက်ပျိုးကြခြင်းနှင့် ငါ့သရောက် မြစ်ရေတင်ဖြင့် လည်းကောင်း၊ လက်ပံခြေပေါ် မြစ်ရေတင်ရေဖြင့် လည်းကောင်း စိုက်ပျိုးကြကာ ဖီးကြမ်းငှက်ပျော စိုက်တောင်သူများ အောင်မြင်ဖြစ်ထွန်းနေသည်။

လက်ပံခြေပေါ် ဖီးကြမ်းငှက်ပျောစိုက်တောင်သူများသည် ငှက်ပျောစိုက်ပျိုးခြင်းကို ဝါဆိုနှင့် ဝါခေါင်လတို့တွင် အများဆုံး စတင်စိုက်ပျိုးကြပြီး စိုက်ပျိုးပြီး ၁၀ လ၊ ၁၁ လတွင် ငှက်ပျောစတင်ပေါ်ကာ ရောင်းချကြကြောင်း၊ ငှက်ပျောတစ်ခိုင်လုံး ဈေးသည်လည်း ငှက်ပျောဖီးအရေအတွက်အပေါ် မူတည်ကာ ဈေးသတ်မှတ်ရောင်းချကြောင်း၊ ငှက်ပျောတစ်ဖီး ငွေကျပ် ၈၀၀ ဖြင့် ရောင်းကြပြီး ငှက်ပျောခိုင်တစ်ခိုင် ရှစ်ဖီးပါပါက ငွေကျပ် ၆၄၀၀ သတ်မှတ်ရောင်းချသည်။ ၁၀ ဖီးခိုင်တစ်ခိုင် ငွေကျပ် ၈၀၀၀ သတ်မှတ်ရောင်းချကြောင်း၊ ဖီးကြမ်းငှက်ပျောသီးနှံ တစ်ဧကလျှင် တစ်နှစ်အတွင်း ငွေကျပ်သိန်း ၅၀ ဝင်ငွေရှိပြီး လေးနှစ်အထိ တစ်ပင်ပြီးတစ်ပင် သားတက်ယူကာ ငှက်ပျောခြံကို ပြုပြင်စိုက်ပျိုးကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## နှစ်ဦးသဘောတူလက်ထပ်ပြီးစီးကြောင်း

ကျွန်တော် မောင်ဇော်ဝင်းခိုင် ၁၂/စခန(နိုင်) ၀၅၉၆၆၉နှင့် ကျွန်မမခိုင်ဇင်ဝင်း ၁၂/စခန(နိုင်) ၀၅၇၀၅၁ တို့သည် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၆ရက် (ဗုဒ္ဓဟူးနေ့)တွင် အသိသက်သေများနှင့်တကွ ရန်ကုန်တိုင်းဒေသကြီး တရားရုံးတော်၌ (စာအမှတ်-၂၁၈၆/၂၂)ဖြင့် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုး၍ နှစ်ဦးသဘောတူလက်ထပ်ပြီးစီးပါကြောင်း။

**မောင်ဇော်ဝင်းခိုင်-မခိုင်ဇင်ဝင်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုနေလင်းဦး ၅/ရဘန(နိုင်)၂၀၉၈၇၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်နံပါတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၇၂၆၄၄၇၀

## မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ ရခိုင်ပိုက်ဆိပ်ရပ်ကွက်၊ ဆားပြင်ကွင်း(၂)လမ်းနေ ဦးမောင်ထွန်းနု ၁၁/ကဖန(နိုင်) ၀၇၃၅၈၇နှင့်ဒေါ်စံနုခင် ၁၁/ကဖန(နိုင်) ၀၉၁၂၃၂တို့၏သမီး ၂၀၂၂ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအား ဒက-၂၂၉၅ဖြင့် အောင်မြင်သူ မတင်အောင် ၁၁/ကဖန(နိုင်) ၁၄၅၈၅၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၆-၁၀-၂၀၀၃ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/94178, K4MAX 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နေ ၁၁/ရမန(နိုင်) ၀၁၆၀၇၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ အကွက်အမှတ် (မန်ဆူတိုးချဲ့အဆင့်-၆)၊ ဦးပိုင်အမှတ်(၁၉၇)၊ ဧရိယာ ၀ဒသမ၀၉၆ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၃၁-၅/၂၀၁၀-၂၀၁၁(စီ) ဦးအောင်စိုး ၁၃/လရန(နိုင်)၀၂၁၀၁၅ အမည်ပေါက် မြေကွက်အား ဦးအောင်စိုး၏ အထူးကိုယ်စားလှယ် ဒေါ်ခင်ထားကြည် ၁၃/လရန(နိုင်)၀၃၈၀၂၆ မှ ဒေါ်ထန်ယွင်းလာ ၁၃/ကလတ(နိုင်)၀၄၃၃၈၉ သို့ စာချုပ်အမှတ် ၁၇၂၊/၂၀၂၂ဖြင့် ရောင်းချပြီးဖြစ်၍ ဒေါ်ထန်ယွင်းလာ အမည်ဖြင့် အမည်ပြောင်းထပ်မံ အသစ်မြေငှားဂရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါ သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ အကွက်အမှတ် (၂၆/ရှမ်းဈေးတန်းရပ်)၊ ဦးပိုင်အမှတ်(၃၃)၊ ဧရိယာ ၀ဒသမ၂၅၀ ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၅၈၁-၅/၁၉၉၄-၁၉၉၅(အေ) ဒေါ်ရှောက်ဆီး AX-၀၅၀၆၅၉ အမည်ပေါက် မြေကွက်အား ဒေါ်ရှောက်ဆီး ကွယ်လွန်ပြီးနောက် အမွေဆက်ခံခွင့်ရရှိသူ ဦးလီရှေးရှုံး ၁၃/လရန(နိုင်)၀၆၁၉၂၇ မှ ဒေါ်လင်လင်(ခ)မျိုးလင်လင် ၁၃/လရန(နိုင်) ၁၀၁၀၃၇ သို့ စာချုပ်အမှတ် ၁၀၁၊/၂၀၂၂ဖြင့် ရောင်းချပြီးဖြစ်၍ ဒေါ်လင်လင်(ခ)မျိုးလင်လင် အမည်ဖြင့် အမည်ပြောင်းထပ်မံ အသစ်မြေငှားဂရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ရက်ပေါင်း ၂၀အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊လားရှိုးမြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

ကလောခရိုင်၊ ဟဲဟိုးမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဘော်နှင်းလမ်းနေ ဦးစိန်ဝင်း ၁၃/တကန(နိုင်)၀၈၅၄၆၅ နှင့် ဒေါ်ခင်သီ ၁၃/ကမန(နိုင်)၀၄၉၃၈၂ တို့၏သမီး မမေသဇင်ဝင်း ၁၃/ကလန(နိုင်)၁၂၆၂၂၉ သည်မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ ၅-၇-၂၀၂၂ရက်က အတူနေမိဘအိမ်မှ ထွက်သွားခဲ့ပါသည်။ ထိုသို့ထွက်သွားခဲ့သဖြင့် မမေသဇင်ဝင်းအား ကျွန်တော်ကျွန်မတို့က ၆-၅-၂၀၂၂ရက်စွဲပါ မြန်မာ့အလင်း သတင်းစာ ကြော်ငြာ၌ သမီးအဖြစ်မှအမွေဖြတ်စွန့်လွှတ်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် မမေသဇင်ဝင်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံးကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊မမေသဇင်ဝင်း၏ငွေရေးကြေးရေးနှင့်ပတ်သက်သော အရှုပ်အရှင်းများကိုလည်း လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ ထို့ပြင် မမေသဇင်ဝင်းနှင့်ပတ်သက်၍ မေးမြန်းခြင်းများမပြုလုပ်ကြပါရန် အများသိစေရန်အတွက် ဒုတိယအကြိမ်မြောက်အဖြစ် ထပ်မံအသိပေးကြေညာအပ်ပါသည်။

**ဦးစိန်ဝင်းနှင့်ဒေါ်ခင်သီတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေဂျွန်(အထက်တန်းရှေ့နေ)**
**စဉ်-၅၃၄၇၉**
**ဖုန်း-၀၉-၆၉၂၂၁၄၃၃၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ (၁၂)လမ်း၊ အမှတ်(၃၆)ဟုခေါ်တွင်သော တိုက်၏ ဒုတိယထပ်(သုံး-လွှာ) (ခြေရင်းဘက်ခြမ်း) တိုက်ခန်း(၁) ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလ ပိုင်ဆိုင်သူများထံမှ ဝယ်ယူပိုင်ဆိုင်ထားသည့် ဒေါ်မြင့်မြင့်ကြည် ၁၄/ဝခမ(နိုင်)၀၂၂၇၁၃ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးအောင်မျိုးမြတ် ၁၂/ပဘတ(နိုင်)၀၂၇၁၆၂သည် အပြီးအပိုင် လက်ရောက်ဝယ်ယူရန် စရန်ငွေ (တန်ဖိုး၏တစ်စိတ်တစ်ဒေသငွေ) ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော (စာရွက်စာတမ်းမူရင်းများ) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုရက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
**ဦးအာကာလင်း (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၃၄/၂၀၂၁)
အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်
ဖုန်း-၀၉ -၂၆၄၁၉၉၂၈၈

## စာပေမြင့်မှ လူမျိုးတင့်မည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စွမ်းအင်ဝန်ကြီးဌာန
## ကုန်းပိုင်းလုပ်ကွက်များတွင်
## ရေနံအထွက်တိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်
## စိတ်ဝင်စားမှုအဆိုပြုလွှာဖိတ်ခေါ်ခြင်း(၂၀၂၂)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ လက်ရှိလုပ်ကိုင်နေသော ကုန်းပိုင်းလုပ်ကွက်(၁၀)ကွက်တို့တွင် တွင်းစားစနစ် (Well by Well Basic) ကိုအခြေခံ၍ လုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် (Joint Operating Agreement–JOA)ဖြင့် ရေနံအထွက်တိုးရေးလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရန် တင်ဒါခေါ်ယူရွေးချယ် ဆောင်ရွက်သွားမည်ဖြစ်၍ ရင်းနှီးမြှုပ်နှံလိုသူ နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များမှ စိတ်ဝင်စားမှု အဆိုပြုလွှာများတင်ပြနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ လက်ရှိလုပ်ကိုင်နေသော အောက်ဖော်ပြပါ ကုန်းပိုင်းလုပ်ကွက်(၁၀)ကွက်တို့အား တင်ဒါရွေးချယ်ရန်အတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ တင်ပြရမည်ဖြစ်ပါသည်-

| စဉ် | လုပ်ကွက် | တည်နေရာ | စာချုပ်အမျိုးအစား |
|---|---|---|---|
| (၁) | PSC–D | မဟူတောင်ဒေသ | JOA |
| (၂) | RSF–1 | ကျောက်ခွက်-လက်ပံတိုဒေသ | JOA |
| (၃) | IOR–1 | အရာတော်ဒေသ | JOA |
| (၄) | RSF–8 | ရေနံမဒေသ | JOA |
| (၅) | IOR–4 | ပြည်ဒေသ | JOA |
| (၆) | IOR–6 | မြန်အောင်ဒေသ | JOA |
| (၇) | IOR–7 | ရွှေပြည်သာဒေသ | JOA |
| (၈) | MOGE–5 | အဖျောက်ဒေသ | JOA |
| (၉) | MOGE–5 | ညောင်တုန်းဒေသ | JOA |
| (၁၀) | MOGE–5 | မအူပင်တောင်ဒေသ | JOA |

၃။ ရင်းနှီးမြှုပ်နှံလိုသူ နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် စိတ်ဝင်စားမှုအဆိုပြုလွှာ (Letter of Expression of Interests –LoEI) တင်ပြသည့်အခါ ကုမ္ပဏီ၏သင်းဖွဲ့စည်းမျဉ်း (Company's Articles of Association–AOA)၊ သင်းဖွဲ့မှတ်တမ်း (Memorandum of Association–MOA) သို့မဟုတ် ကုမ္ပဏီဖွဲ့စည်းပုံ (Constitution of Company)၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (Certificate of Incorporation)၊ လွန်ခဲ့သည့် (၃)နှစ်အတွက် ကုမ္ပဏီ၏နှစ်ပတ်လည် အစီရင်ခံစာ(Last 3 years Annual Report)၊ လွန်ခဲ့သည့်(၃)နှစ်အတွက် ကုမ္ပဏီ၏ ဘဏ္ဍာရေးရှင်းတမ်း (Last 3 Years Financial Statement) သို့မဟုတ် ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံစာ (Financial Report)၊ ရေနံလုပ်ငန်းဆိုင်ရာ အတွေ့အကြုံများဖော်ပြချက် (Detail Track Record)၊ ကုမ္ပဏီတွင် လုပ်ငန်းကျွမ်းကျင်သူများ၊ ပညာရှင်များနှင့်ဖွဲ့စည်းထားသည့် ကုမ္ပဏီ၏ဖွဲ့စည်းမှုပုံစံနှင့် သက်ဆိုင်ရာ စာရွက်စာတမ်းများအား Hard Copy (မူရင်း(၁)စုံ + မိတ္တူ(၃)စုံ)နှင့် Soft Copy တို့ကို ပူးတွဲ၍ "မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ကုန်းပိုင်းလုပ်ကွက် (၁၀) ကွက်အတွက် စိတ်ဝင်စားမှုအဆိုပြုလွှာတင်သွင်းခြင်း-၂၀၂၂" ဟု ရေးသားဖော်ပြ၍ လာရောက် တင်ပြရမည်။ စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြခြင်းကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့ နေ့လယ် (၁၂:၀၀) နာရီထက်နောက်မကျစေဘဲ လူကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ကိုယ်စားလှယ်ဖြင့်ဖြစ်စေ အောက်ဖော်ပြပါလိပ်စာသို့ လိပ်မူ၍တင်ပြရမည်-

**ညွှန်ကြားရေးမှူးချုပ်**
**ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန**
**စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ်(၆)၊ နေပြည်တော်**

၄။ စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြသူများသည် မိမိတို့၏အဆိုပြုလွှာများကို စာတိုက်ဖြင့် လည်းကောင်း၊ E-mail ဖြင့်လည်းကောင်း တင်ပြခြင်းခွင့်မပြုပါ။

၅။ စိတ်ဝင်စားမှု အဆိုပြုလွှာတင်ပြလိုသူများသည် သတင်းစာတွင် ကြော်ငြာသည့်နေ့ရက်မှ ရက်သတ္တပတ်(၂)ပတ်ကြာသည့်အခါ စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြရာတွင် လိုအပ်သည့် အခြေခံအချက်အလက်များနှင့်စပ်လျဉ်း၍ ၂၆-၇-၂၀၂၂ ရက်နေ့ (၁၃:၀၀) နာရီ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်တွင် ရှင်းလင်းတင်ပြမှု ပြုလုပ်သွားမည်ဖြစ်သည်။

၆။ စိတ်ဝင်စားမှုအဆိုပြုလွှာတင်ပြမှုများအား ပဏာမရွေးချယ်ခံရသူများစာရင်း (Short List) ပြုလုပ်မည်ဖြစ်ပါသည်။ ပဏာမရွေးချယ်ခြင်းစာရင်း (Short List) တွင်ပါဝင်သည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် တင်ဒါဖိတ်ခေါ်သည့် လုပ်ကွက်များနှင့် သက်ဆိုင်သည့် ဘူမိဗေဒဆိုင်ရာ အချက်အလက်များကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ဘူမိဗေဒ/ဘူမိရူပဗေဒဌာနအဖွဲ့မှ အခမဲ့ရှင်းလင်းတင်ပြမှု ပြုလုပ်ပေးမည်ဖြစ်သည်။

၇။ ပဏာမရွေးချယ်ခြင်းစာရင်း (Short List) တွင်ပါဝင်သည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် လုပ်ကိုင်ဆောင်ရွက်လိုသည့် လုပ်ကွက်အတွက် အဆိုပြုလွှာများတင်သွင်းနိုင်ရန် JOA စာချုပ်နှင့်သက်ဆိုင်သည့် စည်းကမ်းသတ်မှတ်ချက်များ Standard Terms and Conditions ကို ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာနမှ ရှင်းလင်းဖြေကြားပေးမည်ဖြစ်သည်။

၈။ ပဏာမရွေးချယ်ခြင်းစာရင်း (Short List) တွင်ပါဝင်သည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် မိမိတို့အဆိုပြုသည့် Terms and Conditions များအား အဆိုပြုလွှာတွင်ဖော်ပြ၍ ပြန်လည်တင်ပြရမည်။

၉။ အဆိုပြုလွှာတွင်ဖော်ပြထားသော လုပ်ကိုင်ဆောင်ရွက်လိုသည့် လုပ်ကွက်နှင့်စပ်လျဉ်းသည့် Terms and Conditions အဆိုပြုချက်များအပေါ် နည်းပညာပိုင်း၊ ငွေကြေးခိုင်မာတောင့်တင်းမှု၊ လုပ်ငန်းဆောင်ရွက်မှုအတွေ့အကြုံများရှိ-မရှိ စိစစ်ခြင်းနှင့် စည်းကမ်းသတ်မှတ်ချက်များနှင့်ညီညွတ်မှုရှိ-မရှိ စိစစ်ခြင်းများပြုလုပ်၍ ရွေးချယ်သွားမည်ဖြစ်သည်။

၁၀။ပဏာမရွေးချယ်ခြင်းစာရင်း (Short List) တွင်ပါဝင်ရွေးချယ်ခြင်းခံရသည့် နိုင်ငံသားလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းအဖွဲ့များသည် အောက်ဖော်ပြပါ လိပ်စာသို့ ဆက်သွယ်ရမည်-

**ညွှန်ကြားရေးမှူးချုပ်**
**ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန**
**စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ်(၆)၊ နေပြည်တော်**
**ဖုန်း** ၉၅-၀၆၇ ၃ ၄၁၁၀၄၆
**ဖက်စ်** ၉၅-၀၆၇ ၃ ၄၁၁၂၁၃
**အီးမေးလ်** oilandgasplanningdepartment@gmail.com

မှတ်ချက်။ အခြားသိရှိလိုသည်များရှိပါ အောက်ပါလိပ်စာများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(၁) **ညွှန်ကြားရေးမှူးချုပ်**
**ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန**
**စွမ်းအင်ဝန်ကြီးဌာန၊နေပြည်တော်**
**ဖုန်း** ၉၅-၀၆၇ ၃ ၄၁၁၀၄၆
**ဖက်စ်** ၉၅-၀၆၇ ၃ ၄၁၁၂၁၃
**အီးမေးလ်** oilandgasplanningdepartment@gmail.com

(၂) **ဦးဆောင်ညွှန်ကြားရေးမှူး**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်**
**ဖုန်း** ၉၅-၀၆၇ ၃ ၄၁၁၀၅၅/ ၃ ၄၁၁၀၅၆
**ဖက်စ်** ၉၅-၀၆၇ ၃ ၄၁၁၇၈/ ၃ ၄၁၁၂၅
**အီးမေးလ်** mogemdoffice4163@gmail.com


မိုင်းဖုန်းဆရာတော်ဘုရား မိုင်းကျက်ဂူတွင် ၃ နှစ် ၃ လ ၃ ရက် အဓိဋ္ဌာန်ပြည့်တော်မူသည်
Joyous obeisance to the Most Venerable Phra Khuva Boonchum Mong Phong Sayadaw
on his great completion of a 3-year 3-month & 3-day solitary retreat at Mongget Cave.
(28/04/2019 - 01/08/2022)
မိုင်းဆတ်မြို့နယ် မိုင်းကျက်အထက်ဂူ၌ ၃နှစ် ၃လ ၃ရက် အဓိဋ္ဌာန်ပြည့်၍ (၁. ၈. ၂၀၂၂) ရက်နေ့တွင် ဂူမှထွက်တော်မူသော
အရှည်ဝါသီ မိုင်းဖုန်းဆရာတော် ဘဒ္ဒန္တ ဉာဏသံဝရ အရှင်သူမြတ်အား ရှိခိုးပူဇော်ကြိုဆိုအပ်ပါသည်ဘုရား။
ဘဒ္ဒန္တ ဉာဏသီရိ (စောဝ်မှန်တာအွန်)၊ ဦးဇင်းလေးခန္တီ နှင့် တပည့်ဒကာ ဒကာမများ

## ဒုတိယဗိုလ်မှူးကြီးဝင်းမောင်(ငြိမ်း)
## ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အတွင်းရေးမှူး)
## ရှမ်းပြည်နယ်၊ တောင်ကြီးမြို့
## ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(ဥက္ကဋ္ဌ)(ငြိမ်း)
## ကယားပြည်နယ်၊လွိုင်ကော်မြို့
## အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာယံ၊ အမှတ်(၃)ရပ်ကွက်၊ အမှတ် ၇၅နေ ဒေါ်ကြင်အေး(ခ)ဒေါ်ကြွယ်စုသင်း၏ခင်ပွန်း၊ ဦးလင်းယံမောင်(ခ)ဦးအောင်ခိုင်မင်းမောင်-ဒေါ်ခိုင်ခိုင်စိုး၊ ဦးထက်အောင်ရဲရင့်-ဒေါ်အေးပပခိုင်(မန်နေဂျင်း ဒါရိုက်တာ/ဒါရိုက်တာများ) Golden Icon Co.,Ltd/ Golden Icon Construction Co.,Ltd၊ [ဦးဝင်းရန်မောင်(ခ)ဦးအာကာမင်းမောင်]၊ ဦးမင်းသိမ်းကျော်(မန်နေဂျင်း ဒါရိုက်တာ-Green Leaf Farm Myanmar Co.,Ltd, ဒါရိုက်တာ-Golden Icon Construction Co.,Ltd)တို့၏ ဖခင်၊ မအိငုံဖူး၊မမှူးပြည့်သဉ္ဇာခိုင်၊ မောင်သူရိန်ရဲရင့်၊ မမေမြတ်သော်တာတို့၏အဘိုး ဒုတိယဗိုလ်မှူးကြီး ဝင်းမောင်(ငြိမ်း)သည် ၁၀-၇-၂၀၂၂ရက်(တနင်္ဂနွေနေ့) ညနေ၅:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၂၂ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၆-၇-၂၀၂၂ရက်(စနေနေ့)တွင် အထက်ဖော်ပြပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းကြည်
### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးခင်ဇော်-ဒေါ်ယဉ်စန်း၊ ရွှေကျင်မြို့၊ ပန်းဘဲတန်းရပ်ကွက်နေ ဆရာကြီး ဦးကျင်မြင့်(အထက-ငြိမ်း)-ဒေါ်တင်မေငွေ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ (ဦးငွေဝင်း)(ဗဟိုတရားရုံးချုပ်-ငြိမ်း)-ဒေါ်နွဲ့နွဲ့ဝင်း၊ ရွှေပြည်သာ မြို့နယ်နေ ဦးထွဋ်မြတ်ကြွယ်-ဒေါ်ထွေးထွေးစိန်၊ ရွှေကျင်မြို့နယ်၊ ဝင်းခနိမ်ရွာနေ ဦးတင်ဖုန်းမြင့်-ဒေါ်ရီရီနိုင်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်နေ ဦးကျော်သူ(အမှုဆောင်အရာရှိချုပ်YESC, MOEP)-ဒေါ်နီလာရိန်၊ ရွှေကျင်မြို့၊ မကျည်းတန်းရပ်နေ ဦးစိုးမိုး-ဒေါ်ငွေငွေ(ရွှေစည်-စိုက်ပျိုးရေးဆေးဆိုင်) တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၉ယောက်၊ မြစ် ငါးယောက်တို့၏ အဘွား၊ ဦးအေး၏ ချစ်လှစွာသောဇနီး ဒေါ်သိန်းကြည်သည် ၁၀-၇-၂၀၂၂ရက် (တနင်္ဂနွေနေ့) ည ၉:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၂၂ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရွှေကျင်မြို့နေ ဦးအေး-(ဒေါ်သိန်းကြည်)တို့ နေအိမ်မှ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းကြည်
### အသက်(၉၅)နှစ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ အမှုဆောင်အရာရှိချုပ် ဦးကျော်သူ -ဒေါ်နီလာရိန်တို့၏ ကျေးဇူးရှင်မွေးသမိခင် ဒေါ်သိန်းကြည် အသက်(၉၅)နှစ်သည် ၁၀-၇-၂၀၂၂ရက် (တနင်္ဂနွေနေ့) ည ၉:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေမန်နေဂျာနှင့် ဝန်ထမ်းများ၊ စီမံရေးဌာန**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း**

---

### ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုသိန်းထွန်း ၅/ရဘန(နိုင်)၁၇၇၈၁၃ ၏ နိုင်ငံကူးလက်မှတ် အမှတ်နံပါတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ဖုန်း-၀၉-၉၈၄၉၄၈၇၆၇

---

### ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ပို ၅/ယမပ(နိုင်)၀၆၀၅၃၁ ၏ နိုင်ငံကူး လက်မှတ် အမှတ်နံပါတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၄၃၇၂၉၅၅၂

---

## (၁)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
### (၂၃-၇-၂၀၂၁)ရက်

ဝါဆိုလပြည့်နေ့တွင် ကွယ်လွန်သွားသော ဖခင်ကြီး ဦးတင်မြင့်(အင်/ယာ)စည်ပင်ရေသန့်(ငြိမ်း)အားရည်စူး၍ ပြုသမျှကုသိုလ်များ ရရှိနိုင်ပါစေ။

**ကျန်ရစ်သူမိသားစု**

---

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/81324 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မာဝင်း ၅/ကလထ(နိုင်)၂၀၆၀၉၉ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(ကလေးမြို့)**

---

### ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၂၉ (ကမာရွတ်)၊ မြေကွက်အမှတ် - ၁၉ စ/၊ ဧရိယာ-၀.၂၅၉ဧက ရှိ အိမ်ယာမြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ဆောက်လုပ်ထားသောရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ ပြည်လမ်း၊ အမှတ်-၄၃ ဘီ ဟုခေါ်တွင်သည့် နေအိမ်နှင့်တကွဂိုဒေါင်အဆောက်အအုံ အပါအဝင် မြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိ အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အိအိခင် (၁၂/လမန(နိုင်)၀၂၆၅၅၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစ်စိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အိမ်အပေါ်ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ

**သင်းကြူစိုး LL.B., LL.M.**
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၉၇၉၀၅၉၅၉။

---

## မောင်အာမက်ဒါဝတ်ဂျင်ဝါးလားနှင့်
## အများသိစေရန် အသိပေးကြေညာခြင်း

ဖခင်(ဟာဂျီ) ဦးဒါဝတ်အာမက်ဂျင်ဝါးလား(ကွယ်လွန်သူ)နှင့် မိခင် ဒေါ်ဟာဝါဘီတို့သည် ၎င်းတို့မှ သားသမီးများဖြစ်ကြသော (၁) မောင်အာမက်ဒါဝတ်ဂျင်ဝါးလား၊ (၂)မဂျာမီလာဒါဝတ်ဂျင်ဝါးလားနှင့် (၃) မရှာဗာနာဒါဝတ်ဂျင်ဝါးလားတို့ (၃)ဦးအား ထွန်းကားခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေများ၏ ဖခင်(ဟာဂျီ) ဦးဒါဝတ်အာမက်ဂျင်ဝါးလားသည် ၂၀၀၃ခုနှစ် ဇူလိုင်လ ၂၈ရက်တွင် ကွယ်လွန်ခဲ့ပြီးနောက် (၁)ပြင်ဦးလွင်မြို့၊ (၃)ရပ်ကွက်၊ ဟော်ကုန်းလမ်း၊ အမှတ်(၆၃)ရှိ ခြံနှင့် အိမ်၊ (၂) ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ အပေါ်ဘလောက်၊ ပထမထပ်၊ အမှတ်(၃၀၉)ရှိ တိုက်ခန်း၊ (၃) ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်း၊ အောက်ဘလောက်၊ အမှတ်(၈၇)ရှိ ဒုတိယထပ် နှစ်ခန်းတွဲတိုက်ခန်း၊ (၄) ရန်ကုန်မြို့၊ပန်းဘဲတန်းမြို့နယ်၊ (၂၆)လမ်း၊ အောက်ဘလောက်၊ အမှတ်(၅၂)ရှိ ဒုတိယထပ်၊ သုံးခန်းတွဲတိုက်ခန်းများ ကျန်ရစ်ခဲ့ပါသည်။ အထက်ဖော်ပြပါ မြေနေရာနှင့်တိုက်ခန်းများသည် ကွယ်လွန်သူ (ဟာဂျီ) ဦးဒါဝတ်အာမက်ဂျင်ဝါးလား တစ်ဦးပိုင်ပစ္စည်းများဖြစ်ပြီး အမွေပစ္စည်းအဖြစ် ကျန်ရစ်ခဲ့ပါသည်။ အဆိုပါအမွေပုံပစ္စည်းများ၊ ကွယ်လွန်သူ(ဟာဂျီ) ဦးဒါဝတ်အာမက်ဂျင်ဝါးလား ပိုင်ဆိုင်သည့် စာအုပ်နှင့်အိမ်တွင်းပစ္စည်းများနှင့်ပတ်သက်၍ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော (၁)ဒေါ်ဟာဝါဘီ၊ (၂)မဂျာမီလာဒါဝတ်ဂျင်ဝါးလား၊ (၃) မရှာဗာနာဒါဝတ်ဂျင်ဝါးလားတို့၏ သဘောတူခွင့်ပြုချက်မပါဘဲ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အာမခံအဖြစ်ထားခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန် မောင်အာမက်ဒါဝတ်ဂျင်ဝါးလားနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ဟာဝါဘီ** | **ဦးလှဝင်း (B.Sc,H.G.P,R.L,D.B.L,D.M.L,D.I.L,M.Dev.S)** |
| **၁၂/ပဘတ(နိုင်)၀၃၉၇၇၄** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၂၇၅၄)** |
| **မဂျာမီလာဒါဝတ်ဂျင်ဝါးလား** | **တရားလွှတ်တော်ရှေ့နေနှင့်နိုတီြပဗ္ဗလစ်** |
| **၁၂/ပဘတ(နိုင်) ၀၀၁၄၈၈** | **အမှတ်(၂၅)၊(၃၅)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊** |
| **မရှာဗာနာဒါဝတ်ဂျင်ဝါးလား** | **ဖုန်း-၀၉-၂၀၂၉၁၇၉** |
| **၁၂/ပဘတ(နိုင်) ၀၂၆၉၇၄** | |

---

## အလ္လာဟ်အသျှင်မြတ် အမိန့်တော်ခံယူခြင်း
## ဒေါ်အမာဂျန်(ခ)ဒေါ်အမာ(ဖျာပုံ-ဒေးဒရဲ)
## (ဟာဂျီ-ဦးဆရက် ပရဆေးဆိုင်)
## အသက်(၈၉)နှစ်

ဒေးဒရဲမြို့၊ ဗိုလ်ချုပ်လမ်းနေ(ဦးအီဘရာဟင်-ဒေါ်ဘီဘီ)တို့၏သမီးငယ်၊ ဖျာပုံမြို့၊ အမှတ် ၁၅၊ ရွှေသာလျောင်း ဘုရားလမ်းနေ (ဟာဂျီဦးဆရက်-ဒေါ်ရှရီဖာ(ခ)ဒေါ်အေးချမ်း) တို့၏ သမီးချွေးမ၊ (ဟာဂျီ ဦးကျော်လွင်)၏ ဇနီး၊ ဒေါ်မာမာလွင်၊ ဒေါ်မေမေလွင် (တရားလွှတ်တော်ရှေ့နေ)တို့၏ ချစ်လှစွာသောမိခင်ကြီးသည် ၉-၇-၂၀၂၂ရက် ညတွင် အလ္လာဟ်အသျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၁၀-၇-၂၀၂၂ရက်တွင် ဖျာပုံမြို့ ကဘာရ်စတန်သို့ ပို့ဆောင်ဒါဖွနာ ပြုလုပ်ပြီးဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်နေ ဦးမောင်မောင်လွင် ၅/စကန(နိုင်) ၀၅၇၈၈၀၏သား မောင်ကောင်းခန့်လွင်(ခ)ကောင်းကောင်း ၅/စကန(နိုင်) ၃၀၇၄၄၅သည် ဖခင်၏ဆိုဆုံးမမှုကိုမနာခံဘဲ နေအိမ်မှ မိမိဆန္ဒအလျောက် ထွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှကို ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးမောင်မောင်လွင်**

---

## မခင်ရတနာအောင်
### နိုင်ငံခြားဘာသာတက္ကသိုလ်(မန္တလေး)
### ဂျပန်ဘာသာ ဒုတိယနှစ်
### အသက်(၂၁)နှစ်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အိမ်အမှတ်(ဖဖ-၄/၁၁)၊ လမ်း(၅၀)နှင့် မနော်ဟရီလမ်းထောင့်နေ ဦးအောင်ကျော်ဦး-ဒေါ်ထွေးထွေး တို့၏သမီးကြီး၊ မခင်ပြည့်ပြည့်အောင် ၏အစ်မဖြစ်သူ မခင်ရတနာအောင် သည် ၁၁-၇-၂၀၂၂ ရက် နံနက် ၁၁:၄၅ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၂၂ရက် နံနက် ၁၀နာရီတွင် တောင်အင်းမြောက်အင်း သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးဝေယံမြင့်ဦး (ဘ)ဦးမြင့်ဦး ၉/ပကခ(နိုင်) ၀၁၇၆၀၄ နှင့်ဒေါ်မြင့်မြင့်ထွေး(ခ)ဒေါ်မီမီထွန်း(ဘ)ဦး တင်အောင် ၉/မတန(နိုင်) ၀၈၃၀၉၅ တို့သည် လင်မယားအဖြစ် အတူတကွ ပေါင်းသင်းနေလာခဲ့ကြရာ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် (၂၀၂၀)ပြည့်နှစ်က မန္တလေးခရိုင် တရားရုံးတွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။

သို့ဖြစ်၍ မည်သူတစ်ဦးတစ်ယောက်ကမျှ ဦးဝေယံမြင့်ဦး၏ ဂုဏ်သိက္ခာကျဆင်းစေရန် ပြောဆိုခြင်း၊ ရေးသားခြင်း၊ ပြုမူခြင်းတို့ မပြုလုပ်ကြရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုမြတ်သန္တာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၄၆)**
**အကွက်(ဖ-၆/၆၉)၊ ကံသာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၇၉၈၅၅၄၇၂၁**

---

### မွေးသက္ကရာဇ်အမှန်

ကျွန်းလှမြို့နယ်၊ ရေယိမ်းကျေးရွာနေ ဦးထွန်းရွှေ၏ သမီး မတင်စန်းလင်း ၅/ကလန(နိုင်)၀၃၆၈၆၈ ၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၁-၁၉၈၇ ဖြစ်ပါကြောင်း။

---

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ဟုမ္မလင်းမြို့၊ အထက(၁)အဋ္ဌမတန်း(B)မှ မရတီရွှေတိုး၏ ဖခင်ဦးရွှေတိုး ၁/မညန(နိုင်) ၀၀၂၀၀၈၏ အမည်မှန်မှာဦးစိုးမိုးကျော် ဖြစ်ပါကြောင်း။

---

### ဖခင်အမည်မှန်

သထုံမြို့၊ အထက(၄)ကျောင်း Grade-9(A)မှ မမေပုလဲ၏ ဖခင်အမည်မှန်မှာ ဦးရဲဝင်းထွဋ် ၁၀/သထန(နိုင်) ၁၃၆၄၀၂ ဖြစ်ပါကြောင်း။

---

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9Q/4107 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊တိုင်းရုံး(ပဲခူး)**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄/၆၊ လူနေရပ်ကွက် အမှတ်(၅/၆)၊ ဘုရင့်နောင်လမ်းမကြီး၊ အမှတ်(၈-က)ဟုခေါ်တွင်သော အလျား(၂၀)ပေ x အနံ(၆၀)ပေ စတုရန်းပေ(၁၂၀၀)ကျယ်ဝန်းသည့် နှစ်(၆၀)ဂရန်မြေ၊ ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော လူနေ(၁)ထပ် တိုက်အဆောက်အအုံ၊ ယင်းနှင့်ဆက်စပ်လျက်ရှိသော အိမ်သုံးမီတာ၊ ရေမော်တာအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဇာနည်ဖြိုးနှင့် ဒေါ်လှလှရီတို့က ဥပဒေနှင့် အညီ ဝယ်ယူပိုင်ဆိုင်ထားပါသည်။ ကျွန်ုပ်မိတ်ဆွေများ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ အဆိုပါမြေနှင့်အိမ်အတွင်းသို့ ကျူးကျော် ဝင်ရောက်နေထိုင်ခြင်း၊ နည်းအမျိုးမျိုးဖြင့် လွှဲပြောင်းခြင်းတို့မပြုလုပ်ကြရန်နှင့် ယင်းကဲ့သို့ ပြုလုပ်သူများအပေါ် တည်ဆဲဥပဒေများနှင့်အညီ အထူးအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူများ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
| **ဒေါ်ဇာနည်ဖြိုး၊** | **ဦးအောင်မိုး(ကော့မှူး)** | **ဒေါ်သိမ့်သိမ့်ထွန်း** |
| **ဒေါ်လှလှရီ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၈၂၃၇)** | **(စဉ်-၁၂၆၇၆)** |

**"ရွှေမိုးရိပ်" ဥပဒေအတိုင်ပင်ခံနှင့် ဥပဒေဆိုင်ရာအကျိုးဆောင်အဖွဲ့**
**ရုံး-အမှတ်(၇၅)၊ မြေညီထပ်၊ အင်းစိန်လမ်းမကြီး၊ သုခမှတ်တိုင်အနီး၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၄၄၅၅၅၁၆၂၊ ၀၉-၇၇၇၄၁၄၀၁၃၊ ၀၉-၄၅၉၀၀၀၇၁၁**

---

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ မြေကွက်အမှတ်(၅၈၈)၊ အကျယ်အဝန်း (၄၀ x ၆၀)ပေရှိ ဦးကျော်ဝင်း(၃)၁၂/သဃက(နိုင်) ၀၁၄၁၃၁ အမည်ပေါက် မြေချပါမစ်မြေကွက်အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်ကျော် ၁၂/ဒဂတ(နိုင်) ၀၂၄၈၃၄ ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှစရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B) (စဉ်-၂၂၇၄၇)** **ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၁၈၀၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

**အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သလို အနာဂတ် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေး၏ အခြေခံအုတ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ညီညွတ်စွာ အချင်းချင်းအပြန်အလှန် ချစ်ခင်လေးစားမှုဖြင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီး တည်ဆောက်မည်ဟူသော ခိုင်မာသည့် သန္နိဋ္ဌာန်သည် ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်ပါသည်။ ငြိမ်းချမ်းတည်ငြိမ်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ခိုင်ခိုင်မာမာ တည်ဆောက်မည်ဖြစ်ရာ အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များကိုလည်း ပြုစုပျိုးထောင်သွားရမည် ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၄) နှစ် မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

၁၂-၂-၂၀၂၁

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၁၁**

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❖

ယနေ့ သတင်းအညွှန်း

**သီရိလင်္ကာနိုင်ငံ၌ အစိုးရတစ်ရပ်ဖွဲ့စည်းရန် သဘောတူညီချက်ရရှိပါက လက်ရှိအစိုးရအဖွဲ့ဝန်ကြီးများ ရာထူးမှ နုတ်ထွက်မည်** နိုင်ငံတကာသတင်း စာ - ၁၂

SARS-CoV-2 Variant Omicron **(အိုမီခရွန်) မျိုးရိုးဗီဇပြောင်းရောဂါပိုး ထပ်မံတွေ့ရှိရမှုနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း** ပြည်တွင်းသတင်း စာ - ၁၅




မြန်မာနှင့် လာအိုအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ - MFF

## မြန်မာအမျိုးသမီးအသင်း သုံးပွဲဆက်အနိုင်ရလဒ်ဖြင့် ဆီမီးဖိုင်နယ် တက်ရောက်

**ရန်ကုန် ဇူလိုင် ၁၁**

၂၀၂၂ အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (ခ) စတုတ္ထနေ့ကို ဇူလိုင် ၁၁ ရက်က ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း သုံးပွဲဆက် အနိုင်ရပြီး ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။

*စာမျက်နှာ ၁၄ ကော်လံ ၅* ●

## PDF အမည်ခံအကြမ်းဖက်သမားများက ဟားခါးမြို့နယ် ဈေးသစ်ရပ်ကွက်ရှိ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းဆောင်များနှင့် ကျောင်းပိုင်ပစ္စည်းများဖျက်ဆီး၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်ဝင်းအတွင်းသို့ လက်ပစ်ဗုံးများဖြင့် ပစ်ပေါက်ဖောက်ခွဲ

**နေပြည်တော် ဇူလိုင် ၁၁**

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်သမားများသည် အနာဂတ်လူငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား

*စာမျက်နှာ ၁၈ ကော်လံ ၁* ◆





ချင်းပြည်နယ် ဟားခါးမြို့နယ်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းကို အကြမ်းဖက်သူများက ဝင်ရောက်ဖျက်ဆီးထားမှု မှတ်တမ်းဓာတ်ပုံ။